www.burmeseclassic.com

မဟာဆွေ

# စာရေးကြီး

www.burmeseclassic.com

# အခန်း (၁)

ကျွန်တော်သည် ၁၆ နှစ်သားတွင် ဆယ်တန်းအောင်ပါသည်။ ရန်ကုန်တက္ကသိုလ်တွင် အိုင်အေစီနီယာအထိ သင်ဖူးရာ၊ လူပါးဝသဖြင့် စာမေးပွဲ သုံးနှစ်ဆက်၍ ကျသောကြောင့် အိမ်က ကျောင်းနှုတ်ထားခြင်းကို ခံရသူ ဖြစ်ပါသည်။ ဤကဲ့သို့ အိမ်မှာ ထားခြင်းသည်လည်း မိဘများ ဖွတ်တက်ခံရသည်နှင့် တူပါသည်။ အကြောင်းမှုကား ကျွန်တော်သည် အသုံးအဖြုန်း လက်မလျော့၊ အဆော့တွင် ဘက်မရှိ။ ကမြင်းမိလျှင် သူများရှေ့က ချည်းဖြစ်နေသောကြောင့် ဖြစ်ပါသည်။ မိဘများက ကျွန်တော် အနည်းငယ်မှ ငြိမ်ပါစေတော့ဟု နယ်ပိုင်ဝန်ထောက်ရုံးသို့ အကူစာရေးအဖြစ် ပို့လိုက်ပါတော့သည်။

ကျွန်တော့်မှာ အကူစာရေးဟု ဆိုကြသော်လည်း လခမှာ တစ်ပြားမှ မရရှိခဲ့ပါ။ လခမရသော်လည်း ကိစ္စမရှိပါ။ အမှုသည်များထံမှ ငွေမတောင်းရဲသဖြင့် ဈေးသည်ကြွေးမပေးက လက်ဖက်ရည်ပင် ငတ်ရပါသည်။ အို ... ဘာအားငယ်စရာရှိလဲ၊ ကမ္ဘာ

www.burmeseclassic.com


လဆန်းလျှင် အမြဲတမ်းဖြစ်လိမ့်မပေါ့ဟု ဆင့်ဟိုဒင်း ခွေးမျှော်သလို နေရပါသည်။ ကျွန်တော့ထက် **စီနီယာ** ကျသော အကူစာရေး ၃ ဦးရှိနေသဖြင့်၊ အဘယ်မှာ **ပါမင်းနင့်** ဖြစ်နိုင်ပါမည်နည်း။

ကျွန်တော်၏အလုပ်မှာ အမြဲတမ်းစာရေးကြီးများ ခိုင်းသမျှကို ကလောင်နှင့်လက် ပေးစားကာ မအားတမ်း အလုပ်လုပ်ရပါသည်။ ရုံးစာရေးချင်းသာ ဒီအကောင် အကူစာရေးပဲဟု သိ၍၊ အပြင်လူများမှာမူ စားပွဲ ကုလားထိုင်နှင့် အခန့်စားထိုင်နေသော ကျွန်တော့အား သူများနည်းတူ စာရေးကြီးဟု ခေါ်ကြရာ၊ အဟုတ် စာရေးကြီးကဲ့သို့ သွေးကြီးမသွားသော်လည်း ဝမ်းထဲက နည်းနည်း ဝမ်းသာမိပါသည်။ အလုပ် လုပ်ရာ၌ အခြားစာရေးများနှင့် ကျွန်တော် မတူသော အချက်ရှိပါသည်။ အချို့သော အကူစာရေးတို့မှာ မိမိတို့ အမြဲတမ်းရရန်အတွက် အလုပ်နှင့် အထက်လူကို ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ ရှိသေကြလေရာ၊ ကျွန်တော်မှာ အထက်လူကို ထိပ်မခေါက်တတ်သော်လည်း အဆိုပါစာရေးများကဲ့သို့ ပျာပျာသလဲကြောက်ရွံ့ခြင်းမရှိပါ။ အများအားဖြင့် ကုလားထိုင်ပေါ်တွင် အိပ်၍ နေသည်က များပါသည်။ ကျွန်တော့ကို ခိုင်းရသော စာရေးကြီးများမှာ မင်းသားချော ထိုးကွင်း ထိုးရသကဲ့သို့၊ မောင်ရယ် ဘရယ်နှင့်ပင် ချော့ကာ ခိုင်းစေကြရရှာပါသည်။

ဒီစတြိတ်တွင် အရေးပိုင်သည် အချုပ်အချာ ဖြစ်ပါသည်။ သူ့ကို စာရေးတွေသာမဟုတ်။ လက်အောက အရာရှိတွေ လည်း ပြားပြားဝပ်အောက် ကြောက်ရပါသည်။ ကျွန်တော်အလုပ်

www.burmeseclassic.com



လုပ်စဉ်က အရေးပိုင်မှာ မိုက်ရူးရဲ မျက်နှာဖြူတစ်ယောက်ဖြစ်ပါသည်။ အမျိုးနှင့်အတန်းအစားလည်း အတော်မြင့်ဟန်တူပါသည်။ အမ်အေ အိုင်စီအက် ဟူသော ဂုဏ်နှင့်မလိုက်အောင်ကြမ်းသူလည်း ဖြစ်ပါသည်။ အရေးပိုင်ဆိုး တစ်ယောက် ဖြစ်သဖြင့် နောင်တော့်နောင်တော် အရေးပိုင်များထက် ပိုမိုကြောက်ရွံ့ကြဟန် တူပါသည်။ စာရေးများမှာ သူရောက်လာကတည်းက ဘယ်တော့ အလုပ်ပြုတ်မလဲဟု ကျီးလန့်စာစားသကဲ့သို့ နေထိုင်ကြရပါသည်။ ထစ်ခနဲရှိလျှင် **မင်းကို ဘာကြောင့် အလုပ်မဖြုတ်ထိုက်ကြောင်း ထုချေရမည်** ဟု အမှုတွဲ လက်နှိပ်စက်တစ်လုံးပြင်ရရုံနှင့် ထုချေလွှာ တောင်းခံဖူးလေရာ အတောင်းခံရသူမှာ ကလေးကထူ၊ ကြွေးကပူလျက်ရှိသဖြင့် မျက်လုံးပြူး၍ မေ့သွားသောကြောင့် နှာများပင် နှပ်၍ ယူရဖူးပါသည်။ တစ်ကြိမ်မှာလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် သူ့အခန်းသို့ဝင်သွားရာ သူ့ရှေ့ကျမှ ချောင်းဆိုး လေလယ်မိသဖြင့် အပကိစ္စ အပြင်ဘက်ကပြီးအောင် မလုပ်ခဲ့ရကောင်းလားဟု မျဉ်းလုံးဖြင့် ရိုက်မည် လုပ်ဖူးပါသည်။ သူက ပြူးတူးပြဲတဲ ချောက်ပြီး ကြောက်ရွံ့ဟန်ပေါ်နေလျှင်လည်း ငါ့ကို ဘာလို့ ကြောက်ရသလဲဟု မာန်မဲလေ့ရှိပါသည်။ ကျွန်တော့မှာ ဒီအရေးပိုင် ငါနဲ့ မတွေ့ပါစေနဲ့ ဟု ဆုတောင်းမိပါသည်။

ကျွန်တော် ဆုတောင်းမှာ အချည်းနှီးတည်း။ တစ်နေ့သော် ကျွန်တော်တို့ ရုံးခန်းတွင် စာရေး ၄ ၅ ယောက် အလုပ်ချောင်၍ စကားဝိုင်းဖွဲ့ ပြောဆိုနေကြပါသည်။ အမှုသည် တစ်ယောက်မှာ စီးကရက်သောက်ရင်း နားထောင်နေရာ၊ အထက်

တန်းစားတစ်ယောက် ဖြစ်သဖြင့် မည်သူမျှ မတားမြစ်ကြပါ။ အရေးပိုင်သည် သူလည်း ဆေးလိပ်မသောက်၊ အခြားသူ ဆေးလိပ်သောက်သည် မြင်လျှင်လည်း အလွန်စိတ်ဆိုးတတ်ပါသည်။ အမှုသည်ကား ဆေးလိပ်တိုကို ချပြီးထွက်သွားပါသည်။ ကျွန်တော်တို့လည်း စကားကောင်းတုန်း ဆေးလိပ်တိုကို သတိမရကြ။ ထိုတွင်း ပြင်းထန်သော ဘိနပ်သံကို ကြားရလေလျှင် ကျွန်တော်တို့ ထ၍ မပြေးသာ၊ အံ့အားသင့်နေစဉ် အရေးပိုင်သည် မီးခိုးတလူလူထွက်နေသော စီးကရက်တိုကိုကောက်ယူလျက် အလွန် ဒေါသထွက်သည့် အမူအရာနှင့် . . .

"ဒါဘယ်သူ သောက်သလဲ ဒါဘယ်သူဓာက်သလဲ"

ဟု ဆက်ကာ ဆက်ကာ မေးနေပါသည်။ တဖန် စာရေးတစ်ယောက်ဆီကို လက်ညှိုးထိုးလျက် . . .

"မင်း . . . သောက်သလား"

"မသောက်ပါ ဘုရား"

"မင်းသောက်သလား"

"မသာက်ပါဘုရား"

နှင့် တရားခံမပေါ်သောအခါ၊ အရေးပိုင်မှာ ပြူတင်းဘက်သို့ မျက်နှာလှည့်တဲ့ပြီးလျှင် သူ့ပါးစပ်က ဂိုး ဟုဆိုလျက် စီးကရက်တိုကို ခြေနှင့်ကန်ထုတ်ရာ၊ စာရေးများ မရယ်ဝံ့ပုပုကလေးနေကြပါသည်။ ကျွန်တော် တစ်ယောက်သာ ဟားတိုက်ပြီး ရယ်မောမိရာ၊ အရေးပိုင်မှာ ကျွန်တော့်အား စောင့်ငဲ့ကြည့်ရှုပြီး ဒေါက်ဒေါက်နှင့် ဘိနပ်သံ မြည်အောင်နင်းလျက် ထွက်ခွာသွားသောအခါ အားလုံး ရယ်မောကြပါသည်။ ရယ်မောရာက (မင်းအလွန်မိုက်တဲ့အကောင်) ဟု မာန်ကြပြန်သည်။

www.burmeseclassic.com



"အိုဗျာ . . .ရယ်စရာ လုပ်ရင် ရယ်မှာပေါ့။ အစက ဆေးလိပ်ဘယ်သူသောက်သလဲနဲ့ ထိုးမယ်,ကြိတ်မယ်လုပ်ပြီး၊ သောက်သူမပေါ်တော့ ကျောင်းသားကလေးများ ဆော့သလို ဆေးလိပ်တိုကို ဂိုးရွှတ်လိုက်တာ ဘယ်သူပါးစပ်စိနေနိုင်မှာလဲဗျ။ ဒါထက် စကားမစပ် လူတစ်ယောက်ကို ရယ်မိတာများ ဘယ်ဥပဒေနဲ့ တရားစွဲနိုင်သလဲ"

ဟု ခပ်နောက်နောက် မေးလိုက်ရာ၊ ကျွန်တော့်အားစဝိုင်း ၍ ရယမောကြပါသည်။ စာရေးတစ်ယောက်က . . .

"မင်းတော့ အရေးပိုင်နဲ့ တစ်နေ့နေ့ တွေ့မယ်"

"အခုတင် တွေ့သွားပြီကော"

"ဒီလို ပြောတာ မဟုတ်ဘူး။ မင်းကို တစ်နေ့နေ့ ရုံးပေါ်က ခွေးကန်သလို ကန်လိမ့်မယ် ပြောတာ"

"ကျွန်တော်ကလဲ ပြန်ပြီး ကန်မှာပေါ့၊ ဒီမယ် ခြေထောက်ဒိုးတိုး . . . "

ထိုအခိုက် ရုံးအပေါ်ထပ်မှ ဘွတ်ဘိနပ်နှင့် ပြေးလွှားသံများ၊ ဂိန် . . .ဂိန်နှင့် ခွေးအော်သံများ ဆူညံစွာကြားရရာ၊ ရုံးဘေးသို့ ထွက်၍ မော့ကြည့်သောအခါ အရေးပိုင်ကိုယ်တိုင် ရုံးပေါ်သို့ တက်လာသော ခွေးကို ဘောလုံးကန်သလို လိုက်ကန်ကျောက်နေခြင်းကို မြင်ရပါသည်။ အားလုံး မကြည့်ဝံ့ကြ။ ရုံးအောက်ထပ်သို့ ဝင်ပြေးပြီး ရယ်မောနေကြပါသည်။ အသံများဆက်လျက် ဖြုံးဖြုံးဝုန်းဝုန်းဟု ကြားရပြန်ရာ၊ ခွေးကို လှေကားလိမ့်ကန်ချလိုက်ပြီဟု ထင်ရ၍ လှမ်းကြည့်လိုက်သောအခါ၊ အရေးပိုင်သည် ဒေါသကြီးသည့်အလျောက် ခွေးကိုကန်ချရာမှ

www.burmeseclassic.com



နောက်ခြေလွှတ်ပြီး သူရော ခွေးပါ လှေကားပေါ်က လိမ့်ကျလာသည်ကို မြင်ရရာ အားလုံး ခပ်ကုပ်ကုပ်နှင့် နေကြရပါသည်။

ကျွန်တော်တို့ ရုံးတစ်ရုံးလုံးရှိ စာရေးများမှာ လက်ဖက်ရည်အချိုကို ရုံးခန်းအတွင်း မှာယူသောက်လေ့ ရှိကြပါသည်။ လက်ဖက်ရည်ပို့သူ ဆိုင်ရှင်၏ သမီးကလေးမှာလည်း အသက် ၁၄ နှစ်သာသာ ရှိ၍၊ လုံးကြီးပေါက်လှ (ဤနေရာတွင် ကိုယ်လုံးကိုယ်ပေါက်ကို ဆိုလိုပါသည်။) ညိုချော မျက်လုံး မျက်ခုံးကောင်း ဖြစ်ပါသည်။ စာရေးပျို,အို အားလုံးပင် အမျိုးသမီးကလေးကိုယ်တိုင် လက်ဖက်ရည် ပို့ရှာသောကြောင့် ဝံသာနုစိတ်ထားဖြင့် ထိကပါး တို့ကဆိတ်နှင့် စိတ်ရှိတိုင်း ပြောင်ချော်ချော်ပြောကြပါသည်။ ကောင်မလေးကလည်း သနပ်ခါး ပေါင်ဒါတွေလိမ်း၊ အင်္ကျီပါးဝတ်ကာ မျက်နှာထားချိုလှသဖြင့် စာရေးတွေသွားရည်ယိုစရာဖြစ်၍ နေပါသည်။ သူ့မိဘသည် ဘာစိတ်ကူးနှင့် ပြုမူသည်ကို တွေး၍မရပါ။ ကျွန်တော့မှာ အခြားစာရေးလိုနောက်ပျာပျာ မလုပ်ပါ။ တစ်ခါ နှစ်ခါ သည်ကောင်မလေး သနပ်ခါးလိမ်းပြီး ငါ့နားကဖြတ်သွားတယ် ဖက်နမ်းမိလိမ့်မယ်ဟု စိတ်ပေါက်ပေါက်နှင့် ပြောမိရာ၊ သေနာကောင်ကြီးဟု ပြုံးဖြဲဖြဲလုပ်ကာ ထွက်ခွာသွားပါသည်။

အရေးပိုင် ခွေးကျကျသောနေ့မှ ၃ ရက်မြောက်သောနေ့တွင် ကျွန်တော့မှာ ကုလားထိုင်ပေါ်တွင် ထိုင်လျက် စားပွဲပေါ်တွင် မျက်နှာမှောက်ပြီး ရုံးခန်းတွင် အိပ်ပျော်နေရာ လေးဧီဘွိုင်လေးဧီဘွိုင် (လူပျင်းကလေး လူပျင်းကလေး) ဟု သဲ့သဲ့ကြားရသော်လည်း ဂရုမစိုက်ဘဲ အိမ်မြဲ အိပ်နေစဉ် သန်မာသော

လက်ချောင်းများသည် ကျွန်တော့လည်ကုပ်ကို ဖျစ်ညှစ်ကာ ဆွဲယူသည်ကို သိရမှာ မျက်လုံးဖွင့်ကြည့်ရာ အရေးပိုင်သည် မျက်နှာထားကြီးဖြင့် . . .

"မင်းဘာဖြစ်လို့အိပ်နေတာလဲ၊ ဒါဟာ ရုံးခန်း မသိဘူးလား"

"သိပါတယ် ပျင်းလို့အိပ်တာ ခင်ဗျာ"

ဟု ခေါင်းအောက် ငုံ့ချလိုက်ရာ သူ့လက်ကြီးဖြင့် လည်ကုပ်ကို ဆွဲထားပြီး . . .

"မအိပ်ရဘူး"

ဆို၍ ထွက်ခွာသွားပါသည်။ ဤနည်းအားဖြင့် ၄,၅ ကြိမ် အရေးပိုင်မိသွားသောအခါ ရိုး၍သွားပြီးလျှင် အရေးပိုင်သည် ဘာမျှ မာန်မဲပြောဆိုခြင်း မပြုတော့ပါ။

တစ်နေ့သ၌ ကျွန်တော်သည် နာရီပြန် တစ်ချက်လောက်တွင် အိပ်ပျော်ပြီးနောက် ကောင်မလေး လက်ဖက်ရည်လာပေးသည်ကို တွေ့ရပါသည်။ ကောင်မလေး၏ အဝတ်အစားများမှာ ခါတိုင်းထက် ပါးလုပ်၍၊ ကျွန်တော့်စိတ်ကို ဖောက်ပြန်စေပါသည်။ ကျွန်တော်သည် ပါးစပ်ရဲသူဖြစ်သည့်အပြင်၊ လက်လည်းသွက်သူ တစ်ယောက် ဖြစ်ရာ၊ လူကလည်း ရှင်းသောကြောင့် ကော်ပေါက်တိုးပြီဟု အောက်မေ့ကာ . . .

"ဟဲ့ ကောင်မလေး နင့်ငါ့ကို ကြိုက်မလား"

ဟု မေးမိပါသည်။ ကောင်မလေးမှာ

"သေနာကောင်ကြီး"

ဟုဆိုပြီး ပြုံးဖြဲဖြဲလုပ်နေသဖြင့် . . .

"ငါနင့်ကို သိပ်ကြိုက်တာပဲ"

ဟု ပြောမိပြန်ပါသည်။ ကျွန်တော်၏ စကားမှာ ကောင်မလေး နားမလည်ပါ့မလားဟု တွေးဘွယ်မရှိ။ အလွန်ရှင်းပါသည်။ ကောင်မလေးမှာ ကျွန်တော်က ယခုကဲ့သို့ ချစ်ကြိုက်စကားပြောသည့်တိုင်အောင် အနားမှ မခွာသေးသဖြင့် သူ၏ လက်ကလေးကို ဖမ်းဆွဲလိုက်ရာ ငြိမ်နေပါသည်။ ကျွန်တော်၏ ရင်ထဲမှာလည်း ရန်ကုန်စာပို့ကြီး အူမကလျှောက်ပြီး ဒုန်းစိုင်းနေသလို ရန်တခုန်ခုန် ဖြစ်၍ နေပါသည်။ ကျွန်တော့မှာ စမိလျှင် နောက်မဆုတ်သည့်အတိုင်း သူ့အား ကျွန်တော်ရင်ခွင်ထဲသို့ ပွေ့ယူလိုက်ရာ၊ ၎င်း၏ နားနောက်က ကော့ထွက်နေသော ဆံထောက်စနှင့် တစ်ရတီခန့်စိန်တု နားပွင့်ကလေးမှာ အရောင်တဝင့်ဝင့်နှင့် များစွာ ပနာရပါသည်။ ချွေးအနည်းငယ် စို့နေသော နဖူးဆံယဉ်စကလေးမှာ ခါတိုင်းထက် ကြည့်ရှု၍ ကောင်းပါသည်။ သူ၏ ပဒုမ္မာပိတ်ပါး အင်္ကျီတွင် တပ်ဆင်ထားသော သတ္တုရွှေကြယ်သီးကလေးမှာ တဝင်းဝင်းနှင့် အရောင်ဟပ်နေရာ၊ ကျွန်တော်ပင် ကိုင်တွယ်ကြည့်ရှုမိပါသည်။ ကျွန်တော်လက်သည် တစ်ခါတစ်ရံ ပုဒ်မ ၄၅၁ ကို ကျူးလွန်လျက် ရှိပါသည်။ ကောင်မလေးသည် ပြုံးလျက် . . .

"စာရေးကြီး ကိုသော်တာရဲ့ လွှတ်ပါတော့"

"မလွှတ်ဘူး ငါ့ကြိုက်တယ် ပြောမှ လွှတ်မယ်"

"ကိုင်း . . . ကြိုက်ပါပြီတဲ့ရှင်"

"ကိုင်း ဆိုတာရယ်၊ တဲ့ ဆိုတာရယ် ထည့်မပြောရဘူး"

"ကြိုက်ပါပြီရှင်၊ ကိုင်း . . . လွှတ်ပါတော့"

"ဟော . . . ကိုင်းပါနေပြန်ပြီ . . . မလွှတ်သေးဘူး"

ဟု တစ်အား ဖက်ညှစ်ထင်သလို ပြုမူနေရာက စိတ်ရိုးတိုးရွတ ဖြစ်လှသဖြင့်၊ အကြံထုတ်လျက် . . .

"လာ . . . လာ . . . ဟိုချောင်ထဲ သွားရအောင်"

"ဟင့်အင်း . . . လူကြီးက ညစ်ပတ်မလို့ မလိုက်ချင်ဘူး"

ဟုဆိုကာ ရုတ်ခနဲ ခုန်ဆင်းပြေးရာ ကျွန်တော့မှာ ကုလားထိုင်ပေါ်မှ ထ၍ အတင်းလိုက်ဖမ်းနေရပါသည်။ ကောင်မလေးကသာ အပဟုတ်ပြေးလျှင် ရုံးခန်းအပြင်ဘက်သို့ ထွက်ဖို့ရှိရာ၊ ဤသို့ မပြေးဘဲ စားပွဲကို လှည့်ပတ်ပေးသည်ကို ထောက်သဖြင့် သူလဲ ဘာကလိုလိုဟု တွေးဆမိပါသည်။ ကျွန်တော့မှာ လေးတောင်ပြည့် ခန်းသာလယ်တွင် ဘယ်ချောက်ကာ ညာကဖမ်းလျက် အတော်ပင်ပမ်းနေရာက တစ်လှည့်၌ ကျွန်တော်၏စားပွဲ ခုံအောက် ဖြတ်အပြေး "ကိုင်း . . . ဘယ်ပြေးမလဲ" ဟုသူ၏အင်္ကျီကျောက အစကို အတင်းဆွဲထားလိုက်ရာ သူကလည်း အတင်းရုန်းနေသောကြောင့် "အင်္ကျီစုတ်မယ်နော် မိပြီ။ ဘယ်ပြေးမလဲ" ဟု အသံကျယ်ကျယ် ထွက်အောင် ပြောဆိုမိရာ၊ သန်မာသော လက်ကြီးတစ်ခုသည် ကျွန်တော်၏ လက်ကိုဆုပ်ကိုင်ထားမှ မျက်လုံးကို ဖွင့်လိုက်သောအခါ တကယ့်အဖြစ်အပျက်သည် မဟုတ်ဘဲ အရေးပိုင်၏ ဘောင်းဘီနောက်မြီးအစကို ဆွဲထားမိကြောင်းသိရှိရပါသည်။ အစဦး အရေးပိုင် စိတ်ဆိုး၍ တစ်ခွန်း နှစ်ခွန်း ဆဲပါသေးသည်။ ကျွန်တော်က လိုက်တမ်း ပြေးတမ်းကစားရပုံ အိပ်မက်မက်၍ ဆွဲမိကြောင်းနှင့် ပြောပြမှ၊ ကျွန်

တော်၏ခေါင်းကို ငိုက်ခနဲနေအောင် ပုတ်ပြီး ထွက်ခွာသွားပါသည်။

ရုံးခန်းရှိ အခြားစာရေးများလည်း အကျိုးအကြောင်း မေး လာသဖြင့် ကောင်မလေးနှင့် အိပ်မက်ထဲတွေ့ပုံ ဇာတ်လှန်၍ ပြော ပြရာ အားလုံးပင် အိမ့်မြေမဆည်နိုင်အောင် ရယ်ကြပါသည်။ အချို့ကလည်း သော်တာ သော်တာဟု ခေါ်လျက် အတော မသတ်နိုင်အောင် ရယ်ကြပါသေးသည်။ ကျွန်တော့မှာ ဖော်ပြ သည့်အတိုင်း ပျင်းရိတတ်သူဖြစ်သဖြင့် တစ်ကြောင်း အမြဲတမ်း စာရေးဖြစ်ရန် များစွာ ခဲယဉ်းပါသည်။

သို့ရာတွင်၊ စိတ္တိတမ္ပိနသဃတိ အစိတ္တိဘဝိသဃတိ။ အနက် ကိုတော့ ကျွန်တော် မသိပါ။ လူများဟာ အလုပ်ရချင်လျှင် အလွယ်ကလေး ဆိုသလို၊ တစ်နေသ၌ အရေးပိုင်သည် ကျွန် တော့အား သူ၏ အခန်းသို့ ခေါ်ယူပါသည်။ ကျွန်တော့စိတ်မှာ "အင်း . . . ငနဲကြီးကဖြင့် သူ့မခန့်လေးစားလုပ်တာနဲ့ ခေါ်ကြိမ်း ပြန်ပြီ ထင်တယ်" ဟု စိတ်တထင့်ထင့်နှင့် ဝင်သွားရာ အရေးပိုင် မှာ ပြုံးချိုသော မျက်နှာဖြင့် ကျွန်တော့်အား ကြည့်ရှုရင်း . . .

"သော်တာ မင်းရှေ့ဘတ်စာရေးလုပ်မလား"

"မလုပ်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားကို ကြောက်တယ်"

"ငါ့ကို ကြောက်ရအောင် ငါလူမိုက်မို့လား"

"မဟုတ်ဘူး ဒီပြင်စာရေးတွေကို ခဏခဏ ထုချေလွှာ တောင်းတယ်၊ ကျွန်တော့ကိုလည်း ဒီလို လုပ်မှာပဲ"

"အို . . .ငါ ဘာကိုမှ မလုပ်ဘူး မင်း ရှေ့ဘတ်စာရေး လုပ်ရမယ်"

"ခင်ဗျား ကျွန်တော့ကို မဆူရဘူး။ ပြီးတော့ ကျွန်တော် နားမလည်လို့ မှားနေရင် ခင်ဗျားသင်ပေးရမယ်"

"ကောင်းပြီ မဆူဘူး။ ယနေ့က စခန့်မယ်၊ ဒီမှာ ခန့်စာ"

ဟု အဆင်သင့်ရေးထားသော ခန့်စာ တစ်စောင်ကို ထုတ် ၍ ပေးပါသည်။

ကျွန်တော့မှာ အကူစာရေးဘဝမှ ရှေ့ဘတ်စာရေးဘဝသို့ အချောင် ရရှိသွားပါသည်။ အမြဲတမ်းစာရေးများပင် ထိုနေရာမျိုးကို သရေယိုကြရာ၊ ကျွန်တော့အား "မင်း ကော်တာပဲ" ဟုပြောကြပါသည်။ ကျွန်တော်မှာကား ရှေ့ဘတ်စာရေးဖြစ်ပြီဟူ၍ လိုက်လှဲ ဝမ်းမြောက်ရခင်း မရှိခဲ့ပါ။ ကျွန်တော်အိပ်နေကျ စားပွဲကုလားထိုင်ပေါ်မအိပ်ရတော့ဘူး။ လူကြီးနားကပ်ပြီး နေတဲ့အလုပ်ဟာ စိတ်ရှုတ် စိတ်ပျက် အလွန်ပျင်းစရာကောင်းသည်ဟု အောက်မေ့ကာ ငါလက်ခံမိတာ မှားလေသလားဟုပင် တွေးတောမိပါသည်။

အရေးပိုင်သည် ကျွန်တော့အား ခင်မင်ပုံရပါသည်။ ထိုကဲ့သို့ ခင်မင်ရခြင်း၏ အကြောင်းရင်းကို တွေးတောသောအခါ မကြောက်မရွံ့ မိုက်ကန်းကန်း လုပ်တတ်ခြင်းကို အရေးပိုင်နှစ်သက်ဟန်တူပါသည်။ မေတ္တာတုံ့လှယ်သည့် သဘောဖြင့် ကျွန်တော်လည်း သူ့ကို ခင်မင်မိပါသည်။ အရေးပိုင်ကား ကျန်းမာရေးလိုက်စား၍ ဘောလုံးအချိန်အခါတွင် သူကိုယ်တိုင်လည်း ကစား လက်အောက်အရာရှိများနှင့် စာရေးဟူသမျှကိုလည်း ကစားစေ

ပါသည်။ အချို့စာရေးများမှာ ဘောလုံးကို ၄,၅ တောင်လောက် ထက် ပို၍ ပြေးအောင် မကန်နိုင်ဘဲ ရှိကြရာ၊ အချို့မှာ ၅ မိနစ် ကစားမိလျှင် ဟောဟဲ . . . ဟောဟဲနှင့် မော၍ဘဲ မပြီးနိုင်အောင် ဖြစ်ကြရရှာပါသည်။ ကျွန်တော်ကား လူပျိုသိုး သန်သန်မာမာ ဝါသနာအိုး ဖြစ်သဖြင့်၊ ဘောလုံးကို နောက်ခံလူနေရာက ကန် လျှင် စင်တာနီးနီးရောက်အောင် ကန်နိုင်ပါသည်။

အရေးပိုင်ကား ချိန်နဲ့သော စာရေးများအား သူ့ခြေနားက ဘောလုံးကို အလုခိုင်းပါသည်။ စာရေးများမှာ သူ့ကို ကြောက် ကြောက်နှင့် လုကြရာ၊ အားချင်းလည်း မမျှသဖြင့် တမိုင်းမိုင်း နှင့်လဲကြရှာသည်ကို အရေးပိုင်သည် အားရပါးရ ရယ်မောနေပါ သည်။ ထိုသို့ ကစားရာ ကျွန်တော့်အား လက်ယပ်ခေါ်ရင်း . . .

"သော်တာ မင်း ငါ့ကို နိုင်အောင်လု" ဟုပြောရာ ကျွန် တော်မှာ အရပ်သူ့လောက် မမြင့်သော်လည်း ခြေအားမှာ သူ့ထက် သာသဖြင့် ဘောလုံးကို လုနိုင်ရုံမက၊ အရေးပိုင်ပင် ကျွန်တော်၏ ခြေနှင့် ချိတ်၍ လဲသွားသောအခါ ကဗျာကယာထပြီး ကျွန်တော့် ကျောကို ပုတ်ကာ မင်းတော်တယ်ဟု ချီးမွမ်းပါသည်။

ရှေ့ဘတ်စာရေးအလုပ်ကား လွယ်ကူသော အလုပ် မဟုတ်ချေ။ အရေးပိုင်မှာ ကိုယ့်ရှူးကိုယ်ပတ် ဟူသကဲ့သို့ ကျွန်တော် အမှားမှားအယွင်းယွင်း ဖြစ်သည်ကို ကူညီပြုသ၍ ပေးရပါသည်။ ကျွန်တော်၏အလုပ်ကား အောက်ရုံးကစာဟူသမျှ အရေးပိုင်ဆီ တင်ပြရခြင်း၊ ရွာသူကြီးများ၊ မြို့နီစပါယ်လူကြီး များမှစ၍ အမှုသည်များပါ အရေးပိုင်နှင့်တွေ့လိုသောအခါ စီ စဉ်ပေးရခြင်း၊ အရေးပိုင်၏စကားကို မြန်မာလိုပြန်ပေးရခြင်း၊

အောက်ရုံးများနှင့် ပုလိပ်အမှုတွဲများကို တင်ပြရခြင်း။ အရေးပိုင် တောတက်လျှင် နောက်က ဖဝါးထပ်လိုက်ပါရခြင်း စသည်ဖြင့် အလွန်များပြားပါသည်။

အရေးပိုင်မှာ ကျွန်တော့အား ရှေ့ဘတ်စာရေးအလုပ်ကို သင်ပြရသလောက်၊ ကျွန်တော်ကလည်း အရေးပိုင်အား မြန်မာစကား မြန်မာစာများကို ပြောပြရပါသည်။ ကျွန်တော်သင်ပြရသောအချိန်၌ မြန်မာစကားကို ဝါကျတစ်ဆက်တည်း မပြောနိုင်သော်လည်း အတော်အတန်တတ်၍ နေပြီဖြစ်ပါသည်။ ဝမ်းဘဲဥမဲ့သလား၊ လိမ္မော်သီးဖွင့်ပေးပါ၊ ရေခဲအလွန်ချမ်းသည်။ ပန်းကန်တွေ ရေချိုးပြီး စားပွဲပေါ်ထိုင်ထား ဟူသော အမှားမျိုးကို မကြားရတော့ပါ။ သို့ရာတွင် သူသွားသလား၊ ဘယ်သွားသလဲ၊ စသည်ဖြင့် ပြောကြသည်ကို သူသွားသည်လော၊ ဘယ်သွားသည်လော၊ စာသည်ဖြင့် စာသံပါ၍ နေပါသေးသည်။ သူစိတ်ပျက်သော စကားများကား တိုလီမိုလီ၊ တောက်တိုမယ်ရ၊ ပူလီနတ်စ၊ ဗရန်းသုံးကား၊ ဗရမ်းပတာ၊ ဗလက္ကာယ၊ တောက်တီးတောက်တဲ့၊ ဓာရေးရ၊ ဝါရေးရ၊ ဟာဝါ၊ ဟိုဒင်း စသော မြန်မာစကားများ ဖြစ်ပါသည်။ မြန်မာများပင် မြန်မာစကားကို ကောင်းစွာ မတတ်ကြဟု ပြောမှ ကျေနပ်သွားပါသည်။

❖ ❖ ❖

# အခန်း (၂)

ကျွန်တော်တို့ရုံးမှ ဘောလုံးပွဲပြီးချိန်၌ ညစာစားပွဲနှင့် ဘောလုံးနိုင်သော အသင်းတံဆိပ်ပေးပွဲကို ရုံးရှေ့ဘောလုံးကွင်းတွင် ကျင်းပကြရာ၊ အရေးပိုင်နှင့် ကျွန်တော်သည် ပက်လက်ကုလားထိုင် တစခုစီနှင့် ကြည့်ရှုနေရပါသည်။ ကျွန်တော်အားအနားကိုထားခြင်းမှာ သူမသိသောစကားများကို မေးရန်အတွက်ဖြစ်ပါသည်။ ထိုနေ့မှာပင် အငြိမ့်လူပြက်များသည် ဘိလပ်သားအရေးပိုင်နှင့် တောသူကြီးတို့ တွေ့ဆုံခန်းကို ပြက်လုံးထုတ်ကြပါသည်။ အင်း . . . မိုက်မိုက်ကန်းကန်း အရေးပိုင်နှင့် တွေ့များနေမလားဟု စိုးရိမ်မိရာ အရေးပိုင်မှာ သူနားလည်သလောက်နှင့်ပင် ရယ်မောနေသည်ကို မြင်ရမှ စိတ်အေးသွားပါတော့သည်။

ဝန်အင်္ကျီဖြူအရှည်ကို ဇောက်ထိုး ဘောင်းဘီလုပ်ဝတ်ကာ ဦးထုတ်စုတ်တစ်ခုကို ဆောင်းထားပါသည်။ ၎င်း၏ပါးတွင် ပေါင်ဒါတစ်ခြင်းမှု ဖွေးဖွေးဖြူအောင် လိမ်းကျံထားရာ၊ ကျန်တစ်ခြင်းမှာ မြူနီစပါယ်က လိုင်စင်မပေး၍ မလိမ်းရကြောင်း ပြောသော

Quuality Publishing House

အခါ ဝါးခနဲ ပွဲကျသွားပါသည်။ ခပ်လှမ်းလှမ်းမှ မြူနီစပါယ် ဥက္ကဋ္ဌအား အမိန့်တော်ရတစ်ဦးက ပြောင်လှောင်နေသည်ကို လည်း မြင်ရပါသည်။ ဘိုလုပ်သူသည် ပုဆိုးပေါင်လည်လောက် ဝတ်၍ ပုဆိုးစရှည်ရှည်ချထားသော တောသူကြီးဂိုက်ပါသူအား

"ဟိုက်ရော. . .မောင်မင်း ဘယ်သူလဲ"

ဟု လက်ပြောင်းပြန် ခါးထောက် ကိုယ်အလယ်ပိုင်း ရှေ့ သို့ကော့ကာ မေးမြန်းရာ. . .

"မှန်ပါ ကျွန်တောမျိုး သူကြီးပါဘုရား"

"အို. . .မောင်မင်း စချီးလား"

တစ်ယောက်က. . .

"ဖွယ်. . .ရွံ့စရာကြီး"

"မောင်မင်းသူကြီးလား ကျွန်ုပ် အရေးပိုင်"

ဟု သခင်ဟန်အတိုင်း ကိုယ်အလယ်ပိုင်းရှေ့ကို ကော့ လျက် တစ်ပတ်လောက် လှည့်ပြန်ရာ. . .

"အလယ်လယ် သခင် ခါးကော့မလှည့်ပါနဲ့ ဒုတ်ကောက် နဲ့ ယမ်းမိပါမယ်"

ဆိုမှ အရေးပိုင်လုပ်သူသည် ရှေ့သို့ ခါးကုန်းသွားပြန်လေ သည်။ ပွဲကြည့်ပရိတ်သတ်တို့ကား တအုန်းအုန်းနှင့် ရယ်ကြလေ ၏။

"ကောင်းပြီ မောင်မင်း စချီးရှိတယ်နော်"

"သွားတိုက်ပါတယ်သခင်"

"အို. . .ဆာလား၊ မောင်မင်းအလုပ်စချီးလားမေးတယ်"

"မှန်ပါ ကျွန်တော်မျိုး သူကြီးပါ ဘုရား"

"အောရိုက် စချီးမင်း မောင်မင်းတို့ ရွာမှာ ဆေးရုံးဆိုတလား"

"ရှိပါတယ်သခင်၊ တစ်တင်း ၂ ကျပ်ဈေးရောင်းပါတယ်"

"အို. . .ဒင်းဗလဲဒီး မျောက်ချီး၊ ဆေးရုံးကို ကျွန်ုပ်မေးတယ်၊ ဒီလို ဒီလို ကာတဲ့ဆေးရုံးကို မေးတယ်"

"သြော်. . .သြော်. . .စည်းရုံးလား ရှိပါတယ်ဘုရား"

"အောရိုက် အောရိုက် မောင်မင်း အိန်းဂျီ ဘဲ့လောက်ဆိတလဲ"

"အင်္ကျီ ၃ ထည်ရှိပါတယ် ဘုရား"

"အိုး. . .ဒင်းဖူး စူဝက် ဒီအိန်းဂျီ မဟုတ်ဘူး။ လူနေ့တဲ့ အိန်းဂျီ ဘယ်လောက်ရှိသလဲ ကျွန်ုပ်မေးတယ်"

"သြော်. . .လူနေအိမ်ခြေလား၊ ၃၀၀ ကျော် ရှိပါတယ်ဘုရား"

"အောရိုက် မောင်မင်း သန်းဆိတလား"

"သန်းများ မရှိပါ။ ဂျီးလဲမတင်ပါ။ နေ့တိုင်း ဖွတ်ဝတ်လို့ သန်းတစ်ကောင်မှ မရှိပါဘုရား"

"အို ကန့်နီနဲ့စည်ပိုင်း (ဟင် ဘယ်နဲ့ဘိုပါလိမ့်) ကျွန်ုပ်မေးတယ်။ မောင်မင့်မယ် မိန်းမရယ်၊ ခလေးရယ် ဆိတလား"

"သြော်. . .သားမယား ရှိသလားဆိုပါတော့"

ကျွန်တော်၏ အရေးပိုင်ကား အထူးသဘောကျလျက် အရေးပိုင်ကတော်အား အင်္ဂလိပ်လို ပြန်ပြော ရယ်မောနေရာ၊ လူပြတ်အရေးပိုင်လည်း ရွာသူကြီးကို မကျေနပ်တိုင်း စိတ်ဆိုးမာန်ဆိုးနှင့် မောင်မင်းကို အထက်စာရေးမယ်ဟု အငြိမ့်စင်အမိုးကို

စာနှင့်ရေးရင်း ကကြီးခခွေး ရွတ်ဖတ်နေရာ၊ ပွဲပရိတ်သတ်များ ဆူညံ ရယ်မောနေကြပါကြောင်း။ ခဏကြာလျှင် အရေးပိုင် ပြန်၍ သွားပါသည်။

*  *  *

ကျွန်တော် အလုပ်လုပ်စဉ်က အင်္ဂလိပ်စာ ၇ တန်းအောင် သော စာရေးများမှာ လခ ၄၀က စလုပ်ရ၍ တစ်နှစ်လျှင် ၃ ကျပ်တိုးရရှိပါသည်။ ဆယ်တန်းအောင်သူများမှာ ၇၀ ကျပ်ကျော် ရရှိကြပါသည်။ အိုင်အေ အောင်သူများလည်း ဆယ်တန်းအောင် သူများလောက်ပင် ရရှိကြပါသည်။ အချို့စာရေးများမှာ အမှုထမ်း သက်ရှည်သဖြင့် လခတစ်ရာကျော် ရရှိကြပါသော်လည်း စာရေး နှင့်ကြွေး ကမ္ဘာစာချုပ်ကြီးတစ်ခုကဲ့သို့ ကြွေးကင်းသူများ မရှိ သလောက်ပင်ဖြစ်ပါသည်။ လခထုတ်သောနေ့များ၌ အကြောင်း စုံသိရှိရရာ၊ ရယ်စရာလည်းကောင်း တရားကျစရာလည်း အထူး ကောင်းပါသည်။

ဤကဲ့သို့ ကြွေးတင်ခြင်းမှာလည်း အခြားကြောင့်မဟုတ်။ ဘီယာသောက်ခြင်း၊ ကလပ်တွင် ပိုကာ(ဂျိုကာ) ကစားခြင်း၊ ဘိလိယက်ခုံတွင် ဝင်ကြခြင်း၊ မိန်းမ အပျောက်လိုက်ကြခြင်းတို့ ကြောင့် ကြုံတွေ့ခဲ့ရာ လခထုတ်ချိန်၌မူကား ငွေရခါနီးလေ စိတ် ညစ်စရာကောင်းလေဖြစ်သည့်အတိုင်း မိမိတို့ပေးစရာ ကမ်းစရာ နှင့် ရရှိမည်ငွေ မညီမျှသောကြောင့် လင်းတမှိုင် မှိုင်နေသူများကို အမြဲမြင်တွေ့နေရပါသည်။ လခနှင့် ဝေးစဉ် အချိန်၌မူ လခထုတ် ပေးဟူ၍ အကြွေးယူကောင်းသေး၏။ လခထုတ်သောအခါ အကြွေးကို စေ့ငှအောင်လည်း မပေးနိုင်၊ နောက်ထပ်လည်း ယူရ

ဖို့ အခက်ဖြစ်နေသဖြင့် ကိုယ်ရေးကိုယ်တာအတွက် မရှက်နိုင်တော့ဘဲ အမှုလုပ်ပြီး အပူရပ်ဖမ်းနေကြသူများကိုလည်း တွေ့ရပါသည်။

တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်မှအပ စာရေးများ အင်္ဂလိပ်လဆန်း ၁ ရက်နေ့တိုင်း လခထုတ်ရသည်ကို ဈေးသည်နှင့် ကြွေးရှင်များ သိကြလေရာ၊ လခထုတ်သောနေ့၌ ပျားပန်းခတ်မျှ ရုံးအောက်မှ စောင့်စား၍နေကြပါသည်။ လခထုတ်သောနေ့တွင် ကြွေးရှင်များကိုလည်း ကျေးဇူးတင်ကြပါသည်။ ကျွန်တော်တို့ စာရေးတစ်သိုက်မှာ လခစာရင်းတွင် ခေါင်းကပ် လက်မှတ်ထိုးပြီးနောက်၊ ငွေပေးချိန်ကို မျှော်လင့်နေကြရပါသည်။

ကြွေးရှင်များမှာလည်း ရုံးအောက်မှ လူရိပ်ပြလျက် စာရင်းစာအုပ်ကိုယ်စီနှင့် စောင့်စားနေရာ၊ ရုံးပေါ်မှ ငွေရလျှင်ပေးပါမည်ဟူသော ခြေဟန်လက်ဟန်များ ပြလျက်ရှိကြပါသည်။

"ဟေ့ သော်တာ ဒီလတော့ ငါ့ကို ၂၀ ချေးရလိမ့်မယ်"

ဟု စာရေးကြီး ဦးအောင်ထော် ပြောသောစကားမှာ ကျွန်တော်နားတွင် မိုးကြိုးသွားကျသကဲ့သို့ မှတ်ထင်မိပါသည်။ လွန်ခဲ့သည့် နှစ်လ,သုံးလတုန်းကလည်း ကျွန်တော်က လခရခါစ လူပါးမဝသဖြင့် သုံးလေးဆယ်လောက်ချေးမိရာ ယနေ့တိုင် မရခဲ့သောကြောင့် ဖြစ်ပါသည်။

"ဟာ . . . ဒီလတော့ဗျာ။ မယ်တော်ကြီးကို အကုန်အပ်ပါမယ်လို့ ဝန်ခံထားတယ်ဗျာ။ ရှေ့လများကျမှ ချောင်ရင်"

"၂၀ ထဲပါကွာ၊ ငါ့မှာ ဒီလချစ်တီးက တရားစွဲမယ်ဆိုလို့ပါ။ ဘီယာကြွေးလောက်တော့ အရေးမကြီးပါဘူး"

ထိုအခိုက် စာရေးတစ်ယောက် အခန်းထဲ ရောက်လာပြန်သဖြင့် . . .

"အိုင်ဆေးကိုလွင် . . . ဒီလတော့ ငွေ ၁၀ လောက်ပေးဦးဗျာ"

ဟု ပြောလိုက်ရာ . . .

"နေပါဦး သော်တာရာ ငါတွက်ပြမယ်၊ ရတာက ၅၅ကျပ် ဘလောက်(ဘီယာဖိုး) ပေးရာမှာက ၁၃ ကျပ်ရှိတယ်။ ကာကာ လက်ဖက်ရည်ဖိုးက ၈ ကျပ်၊ စက်ဘီးလဆိုင်းက ၁၁ ကျပ် ၁၂ ပဲ၊ မိန်းမထမီနဲ့ ငါ့လုံချည်က ဆုံးတော့မှာမို့ ၇ ကျပ်ခွဲ ၂ ပြား လျော့၊ ဆန်ဖိုး ၉ ကျပ်၊ ဈေးထဲက ဒေါ်သီးကြွေးက ၁၇ ကျပ်၊ မိန်းမ မမာတုန်းက ဆရာခြေကြွခ ၅ ကျပ်၊ ပြီးတော့ . . ."

"ဟာ ခင်ဗျားဟာ တော်ပါတော့ ရစရာ ပေးစရာ မမျှပါဘူး"

"အဲလေ ဒါကြောင့် ဆိုင်းပါဦးပြောရတာပေါ့ မင်းဆလံ ပေးပါတယ် ငါ့လူရာ၊ ၂၀ လောက်ထပ်ချေးပါဦး၊ မင်းက သူဌေး"

"လျော့ပါဆရာ၊ သူဌေးလည်း ဖင်ပဲ ကျန်တော့တယ်"

ဟု ခပ်ရိုးရိုင်း ပြောမိပြီးနောက် ငွေများဝေနေသံကို ကြားရသဖြင့် သုံးဦးသား အပြေးသွားကြပါသည်။ ငွေရလာသူများလည်း ခါးပိုက်ထဲ တစ်ချို့၊ ရှပ်အင်္ကျီထဲ တစ်သွယ်၊ အပေါ်အင်္ကျီထဲတစ်ဖုံ၊ ငွေစက္ကူစများကို ဝှက်၍နေကြပါသည်။ လခများ ထုတ်ပြီးနောက် အကြွေးအနည်းငယ်ဖွဲ့၍ ဆပ်နိုင်သူများမှာ ရဲရဲတင်းတင်းဆင်း၍ ကြွေးရှင်များအား ပေးဆပ်ထွက်ခွာသွားရာ မပေးနိုင်သူများမှာ အကြံအမျိုးမျိုးထုတ်၍ နေကြပါသည်။

ကိုဘသိန်းဆိုသူ စာရေးတစ်ယောက်ကား ကြွေးရှင်များ အလစ် သုတ်ချေတင်၍ မြင်းရထားတစ်စီးနှင့် ပြန်၍ပြေးရာ၊ အဝေးက ကြည့်လျှင် မြင်းရထားမှာ လူမပါသကဲ့သို့ပင် ထင်မှတ်ရပါသည်။ အကြောင်းမူကား ကိုဘသိန်းမှာ မြင်ရထားထိုင်ခုံပေါ်တွင် မထိုင်ဘဲ ခြေချရာတွင် ပုပုလေးထိုင်လိုက်သွားသောကြောင့်ဖြစ်ပါသည်။ ၎င်းမှာ အကြွေးရှင်တို့ ဘေးရန်မှ လွတ်ကင်းပြီဟု အောက်မေ့နေရာ. . .

"စာရေးကြီး"

ဟု ပလာတာဆိုင်ပိုင်ရှင် မာမက်၏ ခေါ်သံကို ကြားရသော အခါ ကိုဘသိန်းမှာ ကိုယ်ကလေး တုန်လှုပ်မော့ကြည့်ပြီးရက် ကိုးရက်ကန်းနှင့် ပြုံးဖြဲဖြဲ ကြည့်ရှုနေပါသည်။ မာမက်မှာ အခြားစာရေးများ လက်တို့လွတ်လိုက်သောကြောင့် စက်ဘီးတစ်စီးနှင့် အမှီလိုက်၊ ရထားဘေးက တွယ်ကပ်နေလေရာ. . .

"ဟော့. . .မာမက် မင့်ကိုတော့ ငါ့ပေးပါမယ်ကွာ၊ သည့်ပြင် ကာကာနဲ့ ဒေါ်ဂျမ်းကြီးကြွေး မပေးနိုင်သေးလို့ပါ"

ဟု ဆယ်တန်တစ်ချပ်ကို ထုတ်၍ ပေးလေ၏။

"ဟာ. . .နည်းပါတယ် စာရေးကြီးရယ်၊ ငွေ ၂၀ ကျော် ဘယ်နှစ်လ ရှိပြီလဲ"

"ကိုင်း စကားမများနဲ့ရော့"

ဟု ၅ ကျပ်တန် တစ်ချပ် ထပ်ပေးပြီးနောက် ဘီယာဆိုင်ရှေ့တွင် ရထားရပ်လေ၏။ တရပ်အလောက်ကား သကာလူးသော မျက်နှာထားဖြင့်. . .

"ဒီနေ့ ဆရာကြီး စောစောလာတီကိုး"

ဟု နှုတ်ဆက်လေ၏။ ၎င်း၏မျက်နှာအမူအရာ ဖွင့်၍ မပြောသော်လည်း ငွေကြေးရလိုဟန်ကို ပြလျက်ရှိလေ၏။

"ဟော့ အလောက် ဒီလ ၁၅ ကျပ်ပဲ ယူဦးကွာ"

"အား...ဘယ်နှီလရှိပလဲ စာရေးကြီး၊ အာကုန်မပေးနိုင်တောင် စုံးဆယ်လောက်တော့ ပေးပါဦး"

"ငါ့လခွီး ရုံးငွေကိုင်စာရေးကြီးကို အတိုးနဲ့ ၄၄ ကျပ်ပေးခဲ့ရတယ်ကွ၊ စကားမများနဲ့ တီလုံးပေးကွာ"

ဟု မာန်လိုက်ရာ...

"တယ် ခွကျတာကို"

ဟု ညည်းရင်း ဘီယာပုလင်းနှင့် ဖန်ခွက်တစ်လုံးကို လာချလေ၏။ ထိုအတွင်း အခြားစာရေး ၂ ဦး၊ ၃ ဦး ရောက်လာရာ၊ လက်ပံပင် ဇရက်များကျသကဲ့သို့ ကြွေးထူပုံ၊ မပေးနိုင်ပုံများနှင့်တကွ ကြွေးစာရင်းများ တင်ပြရင်းသောက်စားဆူညံ၍ နေကြလေ၏။ ဘီယာဝါနသော စာရေးများကား အကြော်ဆိုင်များမှ အကြော်မျိုးစုံတို့ကို မှာယူစားသောက်ကြလေ၏။

ကိုလွင်ကား ကြွေးမပေးနိုင်သဖြင့် ရုံးအပေါ်ထပ်မှ အဆင်းခက်၍ နေလေသည်။ အရေးပိုင် ရုံးဆင်းသွားလျှင် ကြွေးရှင်များ အတင်းတက်တောင်းမည်ကို မြင်သောကြောင့် စောစောကပင် ချွေးတစ်လုံးလုံးကျလျက် အမှုတွဲဘီရိုကြီးနောက်ဘေးတွင် ပုန်းအောင်း၍ နေလေ၏။ ရုံးတွင် လူများရှင်းသော်လည်း မထွက်ဝံ့သေးဘဲနေရာ ကြွေးရှင်များမှာ ကိုလွင်အား မေးမြန်းလျက်ရှိကြလေ၏။ ရုံးဒရဝမ်များလည်း ရုံးခန်းများကို အပြင်က သော့ခတ်ပိတ်သွားရာ ကိုလွင်မှာ လက်မတင်ကလေး ပိတ်လှောင်နေရစ်

လေ၏။ ၎င်းမှာ တစ်ညနေလုံး ခိုအောင်းနေရပြီးနောက် ည ၇နာ ရီခန့်တွင် ချီတုံ့ချတုံနှင့် စဉ်းစားနေရာက ရုံးပြူတင်းတစ်ခုကို ဖွင့်လျက် ဆင်းရန် ကြံလေ၏။ ရုံးမှာ အတော်မြင့်၍နေလေရာ ရုံးခန်းတစ်ခန်းမှ တစ်ခန်းသို့ ကူးလျက် ကြိုးများကို ရှာဖွေလေ ၏။ ကံအားလျော်စွာ အခွန်ဝန်ရုံးခန်းတွင် ကြိုးခွေတစ်ချောင်းကို တွေ့ရှိရာ ပြူတင်းတွင် ခိုင်မြဲစွာ ချည်လျက် လျောချလေ၏။

ထိုအတွင်း ငွေတိုက်စောင့် စန္ဒလီများမြင်သဖြင့် အပြေး လာရောက်ဖမ်းဆီးကြရာ၊ ကိုလွင်မှာ ရုံးစာရေးဟု ပြောသော် လည်း မရ။ ပတ်တရောင် ပုလိပ်ဘက်သို့ ကူးပြောင်းရောက်ရှိ ကာ ပုလိပ်ဌာနကျမှ အသိရာဇဝတ်အုပ်ကြောင့် လွတ်ခဲ့ရလေ၏။

ကျွန်တောသိသမျှ စာရေးနှင့် ကြွေးရာဇဝင်ကို ရေးသား လျှင် ဆုံးနိုင်မည် မဟုတ်ပါ။ အထက်ပါအကြောင်းများကိုလည်း ကျွန်တော်တို့ စာရေးများတွင် ရာဇဝင်ကဲ့သို့ဖြစ်ကာ စကားစပ် မိတိုင်း ပြော၍ နေကြရပါသည်။

ကျွန်တော်သည် လာဘ်ပေး လာဘ်ယူသောအလုပ်ကို ဝါ သနာမပါ။ သို့ရာတွင် လာဘ်ပေးသူများ၏ သွင်သင်ချက်တို့ ကြောင့် အရသာရှိပြီး မြိန်မြိန် ရှက်ရှက်ကြီး ယူမိသည်ကိုလည်း ပြန်လှန် ရေးသားလိုပါသည်။ တစ်နေ့သ၌ကား ဓာတ်ရုံပိုင်ရှင် တစ်ဦးက ပွဲမိန့်တောင်းခံရာ ကျွန်တော်က အရေးပိုင်ထံ တင်ပြ လိုက်ပါသည်။ အရေးပိုင်ထံမှလည်း ချက်ချင်းပင် လက်မှတ်ထိုး ပြီး ပြန်ကျလာရာ ရုံပိုင်လုပ်သူက . . .

"ကျေးဇူးတင်ပါတယ်။ စာရေးကြီး"

ဟု ငွေ ၂ ကျပ် ကျွန်တော့်စားပွဲတွင် တင်လာပါသည်။

"ဗျို့ဆရာ. . .ဒါဘာလုပ်တာလဲ"

ကျွန်တော် ပြောလိုသော အဓိပ္ပာယ်မှာ ငွေပေးခြင်းကို အလိုမရှိသောကြောင့် မေးခြင်းဖြစ်ရာ၊ ရုံပိုင်မှာ ငွေနည်း၍ မာန်သည်ဟု ထင်မှတ်ကာ ငွေ ၁ ကျပ် နောက်ထပ် တင်ပေးရင်း

"အခါမကောင်းလို့ပါ ခါတိုင်းဆိုရင် ကျွန်တော် ၅ ကျပ် ထက်နည်းပြီး မပေးပါဘူး၊ ဒါပဲ ကျေနပ်ပါ စာရေးကြီးရယ်"

"ခင်ဗျားကို ငွေတောင်းနေတာမဟုတ်ဘူး ပြန်ယူသွား"

"အို. . .မဟုတ်တာ စာရေးကြီးကလဲ"

ဟု ပြောပြောဆိုဆို ထွက်ခွာသွားပါသည်။ ထိုအခိုက် ပျာတာ တစ်ယောက်ရောက်လာပြီး. . .

"ဆရာက တယ်ပြီး ရိုးတာကိုး"

"ဘာလဲ. . .ဘာရိုးတာလဲ"

"ဒါဟာ ရနေကျဆရာ ဒီလိုပေးကြရတာပဲ"

"ကျုပ်မလိုချင်ဘူး ယူသွားကြတော့"

ဟုပေးလိုက်ပါသည်။ ဤကဲ့သို့ ငွေတစ်ကျပ် နှစ်ကျပ် ကိစ္စမှာ တစ်နေ့လျှင် လေးငါးဦး လျှောက်လွှာမြန်မြန်တင်ဖို့ အရေးပိုင်အမိန့် မြန်မြန်ရဖို့အတွက် အမြဲရှိသော်လည်း ကျွန်တော်သည် အိမ်သို့မယူ ဝေခြမ်းစားသောက်ဖြစ်လိုက်ပါသည်။ ကျွန်တော်တို့၏ ပျာတာများကလည်း. . .

"ကျွန်တော်တို့ စာရေးကြီးဟာ အရေးပိုင်နဲ့အလွန်တည့်တယ် လင်မယားလိုပဲ၊ အရေးပိုင်ဟာ စာရေးတစ်ခုပဲ"

ဟု ဖိန်းထားကြသဖြင့်၊ နယ်ပြောင်းမည့် မြို့အုပ်များ၊ ကျေးရွာလူကြီးများ ကျွန်တော်ထံသို့ လာရောက်ကပ်ကြပါသည်။

တစ်နေ့သ၌ သူကြီးရွေးကောက်ပွဲအမှုပင် ဖြစ်ပါသည်။ နယ်ပိုင် ရွေးကောက်ပွဲကျင်းပသည် မကျေနပ်သဖြင့် အရေးပိုင်ထံ လျှောက်ထားရာ၊ ကျွန်တော်လည်း အရေးပိုင်နှင့် လိုက်သွားပြီး သက်သေများကို ကူညီစစ်ဆေးရပါသည်။ အမှန်မှာလည်း မကျေနပ်သော သူကြီးလောင်းမှာ မဲအများဆုံး၊ ရပ်ရွာကအကျေနပ်ဆုံး၊ ပစ္စည်းအင်အား အရှိဆုံးဖြစ်ရာ၊ နယ်ပိုင်က သူကြီးရိုးရာ ဟူသော အကြောင်းပြချက်ဖြင့် တစ်ဘက်က ငွေယူလျက် ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ အရေးပိုင်သည် သက်သေများ ရွာသားများ သဘောကို မေးမြန်းပြီးနောက် မြို့သို့ပြန်လာရာ ကျွန်တော့မှာ ထိုရွာတွင် အတော်မျက်နှာပွင့်၍ နေပါသည်။ အရေးပိုင်ကလည်း ဘယ်သူရထိုက်သည်ကို ကျွန်တော့အား တိုင်ပင်ရာ၊ မကျေနပ်သော အယူခံသူကြီး ရထိုက်ကြောင်း နယ်ပိုင်ငွေစားကြောင်း စုံစမ်းရသမျှပြောပြရာ အယူခံသူကြီး ရရှိသွားသည်။

ထိုသူကြီး အမိန့်ရသောနေ့ ရှောရှောရှူရှူလုပ်ကိုင်ပေးရာ သူကြီးအသစ်မှာ ကျွန်တော့အိမ်သို့ လိုက်လာပြီး စာရေးကြီးကျေးဇူးကြောင့်ဟုဆိုကာ ငွေ ၁၀၀ ပေးပါသည်။ သူလည်း သူကြီးဖြစ်၍ ကျေနပ်စွာ ပေးခြင်းဟု ငြင်းပယ်ဟန်ဆောင်ပြီး လက်ခံလိုက်ပါသည်။ ထိုငွေများအနက် ၁၀ လောက်သာ ပျာတာများအား မုန့်ဖိုးပေးပြီး ကျွန်တော့မှာ ဒီလို ခဏခဏရပါစေဟူသော စိတ်ထားများပင် ပေါ်ခဲ့ဖူးပါသည်။

ထို့ကြောင့် လာဘ်စားသော ကိစ္စများမှာ စားသူသာလျှင် မဟုတ်၊ ပေးသူများမှာ အပြစ်မကင်းကြောင်းကိုလည်း တွေးတောမိပါသည်။

အရေးပိုင်ကား လူမိုက်များကို နှစ်သက်ပုံရပါသည်။ တစ်နေ့၌ မြို့တွင် ပလိပ်ဖြစ်သဖြင့် ရုံးကစာရေးများ အရာရှိများ ပလိပ်ဆေး ထိုးနှံကြရပါသည်။ အရေးပိုင်သည် သူကိုယ်တိုင် ပလိပ်ဆေး ထိုးပြီးနောက် သူ့လက်ကို ချက်ခြင်း တန်းဆန့်ပြပြီး

"သော်တာ မင်း ငါ့လို လုပ်နိုင်ရဲ့လား"

ဟုမေးရာ ကျွန်တော်၏ ပလိပ်ဆေးထိုးနှံထားသော ဘယ်လက်ကို ဇွေ့ယမ်းလှုပ်ခါပြရင်း . . .

"ကျွန်တော်က ဒီလိုတောင် လုပ်နိုင်တယ်"

ဟုပြောရာ ပြုံးရယ်၍ နေပါသည်။

တစ်နေ့ကား ကျွန်တော်နှင့် အရေးပိုင် တောတက်သွားရပါသည်။ လမ်းခရီးမှာ လယ်ကွက် လယ်ကန်သင်းဘေးများမှာ ဖြတ်သန်းသွားရရာ အဆင့်ခံလှည်းသမားမှာ နွားများကို ခပ်သွက်သွက်မောင်းပါသည်။ လှည်းပေါ်မှ လိုက်ပါရသော ကျွန်တော်တို့မှာ လှည်းဆောင့်လှသဖြင့် ခါး,ရင် အောင့်လျက်ရှိရာ၊ အရေးပိုင်က လမ်းကောင်းကောင်းတွင် မောင်းရန် အမိန့်ပေးပါသည်။

လှည်းသမားက . . .

"ဒီလမ်းဟာ ဒီလိုပဲ ဘုရား"

ဟု လျှောက်ထားပါသည်။

"ဟေ့ လှည်းသမား ကောင်းကောင်းမောင်း"

လှည်းဆရာကြီးက ဘာမျှမပြော။ မောင်းမြဲ မောင်း၍နေပါသည်။ အရေးပိုင်က ထပ်ကာ ထပ်ကာပြောသောအခါ လယ်ကန်သင်းဘေးတွင် မမောင်းဘဲ အရှဲ့တိုက်ကာ လယ်ကွက်တွေ

ကို ဖြတ်၍မောင်းသဖြင့် အရေးပိုင်လည်း မျက်နှာကြီးနီနေအောင် စိတ်ဆိုးလျက် လှည်းသမားအား ထ၍ကန်ရာ၊ လှည်းသမားသည်လည်း အရေးပိုင်ရင်ဝကို လက်သီးနှင့်ပြန်ထိုးသဖြင့် ထိုင်လျက် လဲသွားပါသည်။ လှည်းသမားသည် ထိုတွင်မနေ လှည်းဦးထောက်နှင့် ရိုက်ဦးမည်အလုပ်၊ ကျွန်တော်က ဆွဲထားလျက်

"ဗျို့ဆရာကြီး မလုပ်နဲ့လေ"

တားထားခိုက် အရေးပိုင်က လက်ကာရင်း . . .

"တော်ပြီလူကလေး၊ စိတ်ဆိုးသလား ဒါ ဘယ်သူ့မှ မပြော နဲ့"

ဟုငွေ ၅ ကျပ်တန်စက္ကူတစ်ချပ်ကို လှည်းသမားကြီးအား ထုတ်၍ပေးပါသည်။ လှည်းသမားကြီးလည်း ရှိခိုးလျက် မိမိဒေါသအလျောက် မှားမိကြောင်းနှင့် ဝန်ချတောင်းပန်ရှာပါသည်။ အရေးပိုင်ကား နိုပ်စက်နိုင်သော တန်ခိုးလည်းရှိ၏။ ခြောက်လုံးပြူးလည်း ပါ၏။ သို့ရာတွင် သဘောထားကြီးစွာ သည်းခံသည်ကို အတွင်းကျိတ်ချီးမွမ်းမိပါသည်။ ထိုတောတက်ရာမှလည်း ၄ ၅ ရက်ကြာလျှင် ပြန်ခဲ့ကြပါသည်။

ထိုခေတ် ထိုအခါကပင် ကျွန်တော်တို့ မြန်မာလူမျိုးငွေကြေး မချောင်လည်ကြတော့ပါ။ သာမည ကုန်သည်ထက် လခစား စာရေးများက ပိုမိုတန်ခိုး ရှိကြပါသည်။ နံနက်ခင်း ရုံးတက် ရုံးဆင်း စိတ်ပြေ လက်ပြေ ပျော်ချင်ရာပျော်၊ အချိန်တန်လခထုတ်ယူ ဟူသော စာရေးအလုပ်မှာ အထူးပျော်စရာ ကောင်းပါသည်။ နေ့တိုင်း သွားနေကျ လာနေကျဖြစ်သဖြင့်လည်း ရုံးဆင်းရုံးတက် အလုပ်မှာ ရိုး၍ နေပါသည်။

သို့ရာတွင် စာရေးလုပ်ရရာ၌ အထက်လူကို ရိုသေသင့်သည်ထက် ရိုသေရခြင်း၊ မှားမှား မှန်မှန် အထက်လူကို ကြောက်ရွံ့ရခြင်း စသောအကျင့်များ ဒိစတြိတ်နယ်ပယ်တွင် အမြစ်တွယ်နေရာ၊ ကျွန်တော်အမြင်အကပ်ဆုံးမှာ မြို့အုပ် ဝန်ထောက်စသော သတ္တဝါများအား ဘုရားထူးရခြင်းပင် ဖြစ်ပါသည်။ ကျွန်တော်သည် ရန်ကုန်တွင် အနေကြာဖူးရာ၊ ရန်ကုန်တွင် ဘုရားထူးခြင်း၊ မင်းထည့်ခေါ်မရှိ။ ဥပမာ နယ်တွင် အရေးပိုင်မင်းဟု ခေါ်လေ့ရှိကြရာ ရန်ကုန်တွင် အရေးပိုင်၏ စာရေးများသည် မင်းမထည့်ဘဲ ၎င်းတို့၏ **ဘော့စ်** အား **အရေးပိုင်** ဟုခေါ်၍ ခင်ဗျား ကျွန်တော်နှင့်ပင် ပြောဆိုကြပါသည်။ ကျွန်တော်တို့ နယ်တွင်မူကား မြို့အုပ်ကစပြီး ဆိုင်ရာလက်အောက်စာရေးက ဘုရားထူး ကျွန်တော်မျိုးကြီး လုပ်ကြရရှာပါသည်။ ကျွန်တော့်မှာ ကံကောင်းထောက်မသဖြင့် မိုက်မိုက်ကန်းကန်း အရေးပိုင်နှင့်တွေ့ရ၍ နယ်ပိုင် မြို့အုပ်တို့ကို ခွေးလှေးကြမ်းပိုး သဘောထားကာ အရေးမစိုက် နေနိုင်ခဲ့ပါသည်။ အရေးပိုင်သော်မှ **ခင်ဗျား** ဟူသောစကားကို သုံးခါမှာ တစ်ခါလောက် ထည့်ပြော၍ အများအားဖြင့် ဘောက်ကျကျ သူငယ်ချင်းပြော ပြောလေ့သာရှိခဲ့ပါသည်။

ဘိလပ်သား နားမလည်သူတွေကိုလည်း ပညာနှစ်တန်းခွဲလောက်တတ်ပြီး ဒူးထောက်ရှိခိုး ရှေးရိုးဘူတာအို အရာရှိကြီးများကြောင့် ပျက်ဆီးလာကာ အရိုအသေ ကြိုက်ကြသည်ကိုတွေ့ခဲ့ရပါသည်။ ဘုန်းကြီးလည်း မဟုတ်။ မင်းမျိုးလည်းမဟုတ်၊ သူလို ကိုယ်လို တတ်သည့်ပညာနှင့် အလုပ်တစ်ခုကို လုပ်ကိုင်ကြသူများဖြစ်ရာ၊ လူပေါ်လူတင်စီးလုပ်ကြသည်မှာ လုံးဝမတရား

ပါ။ အုပ်ချုပ်ရေးသစ်၌ ပြည်ထဲရေးဝန်ကြီးက ဤကိစ္စကိုစဉ်းစားလျှင် ကောင်းမည်ဟုပင် တွေးတောမိပါသည်။ ကျွန်တော်၏ အနေအစား အဆင့်အတန်းကား စိတ်ပျက်ဖွယ်ရာ မတွေ့သေးပါ။ ကျွန်တော်သည် စာရေးဘဝတွင် တစ်သက်လုံးနေမိမည်လားဟူ၍လည်း မပြောနိုင်ပါ။ ရှေ့ဘတ်စာရေးပါးဝသော အချိန်၌ ကျွန်တော်ဘဝကို အထူးနှစ်ခြိုက် ပျော်ရွှင်မိခဲ့ပါသည်။

❖ ❖ ❖

# အခန်း (၃)

ကျွန်တော်တို့ စာရေးဘဝတွင် ကျေနပ်ဖွယ်ကောင်းသော အကြောင်းတစ်ခု ရှိပါသေးသည်။ စာရေးတစ်ဦး သာမှု နာမှု ကိစ္စတစ်ခုခုကြုံလျှင် စာရေးများသာမဟုတ်။ အရာရှိများပါ ဝိုင်းဝန်းကူညီကြသော အချက်ပင်ဖြစ်ပါသည်။ ကျွန်တော်သူငယ်ချင်း တစ်ယောက်၏ အကြောင်းမှာလည်း ကျွန်တော့်စာရေးဘဝတွင် တွေ့ကြုံခဲ့သဖြင့် ပြန်လှန်ရေးသားလိုပါသည်။

“သုံးဆောင်ကြပါခင်ဗျ . . . အားမနာကြပါနဲ့၊ ဟောဒီငါးကြော်တွေဟာ ကျွန်တော်ကိုယ်တိုင် မနေ့က တီကောင်နဲ့မျှားခဲ့တဲ့ ချီးစားငါးမြင်းတွေပါ ခင်ဗျ။ ဟောဒါက ကုလားဆာမိဆိုင်က ဝက်ပျိုသားပါ”

စသည်ဖြင့် ရွှန်းရွှန်းဝေအောင် နောက်ပြောင်ပြောဆိုဟင်း လိုက်နေသူမှာ သူငယ်ချင်းရွှေသန်းပင် ဖြစ်ပါသည်။ ရွှေသန်းကား ကျွန်တော်တို့ရုံး အထွေထွေဘက်က စာရေးတစ်ယောက်ဖြစ်၏။ ထိုနေ့ကား ကျွန်တော်တို့ဒိစတြိတ်မြို့မှ ရွှေသန်း၏မိဘ

ရှိရာ တောမြို့ကလေးတစ်မြို့သို့ ရောက်ရှိနေကြလေ၏။ ရွှေသန်း၏ ဖခင်အိမ်၌ လူစည်ကားလျက် ရှိလေ၏။ ရွှေသန်း၏ နှမရင်းတင်သန်းမှာ နက်ဖြန်တွင် သူငယ်ချင်းရုံးစာရေး ဘအောင်အားပေးရတော့မည် ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် စာရေးတစ်စု သူငယ်ချင်းရွှေသန်းအား ကူညီချီးမြှင့်ရန် လိုက်လာကြရာ ညနေခင်း ထမင်းပွဲ၌ တီကောင်နှင့် မျှားခဲ့သော ငါးကြော်ကို ကျွေး၍နေခြင်းဖြစ်လေသည်။ ငါးကြော်များကား ဈေးကဝယ်သော ငါးကောင်းများပင် ဖြစ်ပါ၏။ ထိုကဲ့သို့ မြိန်ရှက်စွာ စားသောက်နေရာက . . .

"ဟေ့ . . . ရွှေသန်း မင်းနှမပေးရမှာမို့ နောက်ပြောင်နေတာလား၊ ငါ့လူ ဝမ်းသာနေတယ်မှတ်တယ်"

ဟု အသံတစ်သံ ထွက်ပေါ်လာရာ၊ ယောက်ဖလောင်း ဘအောင်မှာ မျက်နှာအထား ခက်၍ နေလေ၏။

"ဟေ့ . . . ဘယ်သူမဆို နှမရှိတဲ့လူတွေဟာ တစ်နေ့နေ့ သူများကို ပေးလိုက်ရမှာပဲ"

ဟု ရွှေသန်းက တောလိုက်ရာ၊ တကယ်နှမရှိသော သူများ မှာ မျက်နှာပျက်လျက်ပင် ရောနှောရယ်မောကြလေ၏။

ရွှေသန်းကား ရွှတ်တတ်၊ ပျော်တတ်သော လူနောက်တစ်ယောက်ဖြစ်၍ စိတ်လည်း မဆိုးတတ်သဖြင့် ချစ်သူခင်သူ ပေါ ခဲ့လေ၏။ မည်သူမဆို ပြုံးချိုရွှင်ပျသော မျက်နှာကို မြင်လို ပျော်စရာစကားကို ကြားလိုကြသဖြင့် ရွှေသန်း၏ အပြုအမူမှာ ပီယဆေးကဲ့သို့ ဖြစ်၍နေလေ၏။

သူငယ်ချင်း တစ်စုတို့ကား မောမောပမ်းပမ်း အားနာနာနှင့် မထတမ်းစားသောက်နေကြရာ ဝက်သားဟင်းကုန်သောအခါ ဟင်းချိုဟင်း ကောင်းလိုက်တာဟု ဝက်သားပန်းကန်ကို ကိုင်၍ပြလေ၏။ ရွှေသန်းကလည်း ရပါတယ်ဟု ငရုတ်သီးကြော်ပန်းကန်ကို ချလာသဖြင့် အုန်းခနဲ ကျောကိုထုကြရာ၊ "ပြောင်တာပါနောင်ကြီးရာ ပေးပါမယ်" ဟု ဝက်သားပန်းကန်ပေးလေ၏။ ထိုအခိုက် အခြားတစ်ယောက်က ဟင်းလိုက်နေသော ရွှေသန်းတင်ပါးကို လက်နှင့်စမ်းကြည့်ကာ. . .

"ဟဲ. . .ဟဲ. . .နည်းနည်းပွန်းနေတယ်"

ဟုဆိုရာ. . .

"နက်ဖြန်မှ မင်္ဂလာဆောင် ကနေ့ မစမ်းနဲ့ဦးကွ"

ဟု ရွှေသန်းကပြောသဖြင့် ဝါးခနဲ ပွဲကျသွားလေ၏။ တစ်ယောက်နှင့် ကြည်စားသည်မှာ တရားလွန်သော်လည်း ရွှေသန်းမှာ စိတ်ဆိုးသည့်အမူအရာ မပေါ်ချေ။ နှမလင်နေ မောင်ဖင်ကျိန်းဟူသော အဓိပ္ပာယ်နှင့် နောက်ပြောင်ခြင်းဖြစ်ရာ စိတ်ဆိုးတတ်သူ ဖြစ်ဘိမူကား ရန်ဖြစ်ဖွယ်ရာပင်တည်း။

ရွှေသန်းမှာ ၎င်းနှမကို ပေးလိုက်ရရာ၌ ကျွန်တော်တို့အရေးပိုင်စကားကြောင့်ပင် ဖြစ်ပေ၏။ တစ်နေ့၌ အရေးပိုင်ကပြုံးလျက်. . .

"ရွှေသန်း မင်းနှမချောတယ်၊ ဘအောင်ရိုးတယ်၊ သူ့ကိုသဘောတူပါလား"

"ကျွန်တော်ကတော့ ပေးချင်ပါတယ်။ သူ မယူမှာသာစိုးပါတယ်"

"ဘအောင် မင်း မယူနိုင်ဘူးလား"

ဟု မေးပြန်လေ၏။ ဘအောင်မှာ ရွှေသန်းရှေ့တွင် ဖြစ်သဖြင့် အားနာနေလေရာ . . .

"ယူပါ သူငယ်ချင်းရာ အဖေ့အိမ်မှာ လူတစ်ယောက် လျော့ရင် တာဝန်ပေါ့တာပဲ"

စသည်ဖြင့် ပြက်ချော်ချော် ပြောကြရာမှ နောက်ဆုံး မင်္ဂလာဆောင်ရသည့် အခြေအနေအထိ တိုင်ခဲ့ခြင်းဖြစ်လေ၏။ သူငယ်ချင်းတစ်စု ထမင်းစားသောက်ပြီး ကြသောအခါ၊ ၎င်းတို့ လူစုချည်း အိမ်ကြီးတစ်ဆောင်ကို ပေးလျက် နေထိုင်စေလေ၏။

ထိုညအဖို့ အဆိုပါ စာရေးတစ်စု တည်းခိုသော စအိမ်ကြီး နှင့် နီးစပ်သူတို့မှာ ဘဝဆုတောင်းအကြောင်းမသင့်သဖြင့် ငရဲ ပြည်သို့ ခဏခေတ္တရောက်သကဲ့သို့ မှတ်ထင်ကြမည်ဖြစ်ပေ၏။ တယော၊ ဘင်ဂျို၊ မင်ဒိုလင်များပါခဲ့ကြရာ ကောင်းစွာတီးတတ် ကြသော်လည်း တစ်ယောက်ကို တစ်ယောက် နောက်ပြောင်နေ သောကြောင့်အဝီစိပွက်သကဲ့သို့မှတ်ထင်ရလေ၏။ တစ်ယောက် က သီချင်းကြီးအတည်ဆိုမည့်ဟန်ဖြင့် "မမြင့်ယ်လေ ဟောင်း လောင်း၊ ယင်တွေက တလှောင်းလှောင်း" ဟု မြမြမောင်းမောင်း သီချင်းကို ဖျက်ဆိုလိုက်ရာ တစ်ယောက်က ကျောကို အုန်းကနဲမြည် အောင်ထုပြီး နှာခေါင်းပိတ်၍ နေစဉ်မှာပင်၊ အခြားတစ်ယောက် က တူနယ် တယ်နှောင် တုတ်တုတ်ခွမ်ဖြင့် စောင်းကြိုးများကို တီးကာ တရုတ်က ကပြန်ရာ တဝါးဝါးနှင့် ဆူညံ၍ နေလေ၏။ အသံများမှာ အသံသေး၊ အသံကြီး အသံကြောင်တို့ဖြင့် ရောထွေး အော်ဟစ်ကြရာ၊ မည်သူမျှ အကောင်းကို တီးဆို၍ မဖြစ်ကြ၊

တစ်ယောက် ကွေးနေအောင်ကသောအခါ တစ်ယောက် လေးတောင်ပြည့်ခန်းသာလယ်ဆိုကာ ဖက်၍နမ်းသဖြင့် ပွဲကျ၍နေကြရာမှ ၂ နာရီခန့်ကြာသောအခါ ငြိမ်၍ သွားကြပြန်လေ၏။

ထို့နောက် လက်ဖွဲ့ပစ္စည်းများကို ကြည့်ကြပြန်လေ၏။ အချို့မှာ ငွေဖလား၊ လက်ဘက်ရေစုံ ပိုးလုံကွင်း စသည်ဖြင့် အကောင်းများပါသော်လည်း နောက်ပြောင်လိုသူတို့မှာ နို့မှုန့်ဘူး၊ ကြက်ဥ၊ ပေါင်ဒါဘူး၊ ကွဲကော်ရုပ်၊ နှစ်ပါးကြည်၊ ဓာတ်မီး၊ အားတိုးဆေး စသည်တို့ကို ထုတ်ပြသဖြင့် ရယ်မောနေကြပြန်လေ၏။ ၎င်းတို့အသံကား နာရီပြန်တစ်ချက်ထိုးမှ ဆိတ်ငြိမ်သွားကြရာ၊ နံနက် ၅ နာရီခန့်တွင် တစ်ဦး,နှစ်ဦး နိုးနှင့်ကြသဖြင့် အိပ်ပျော်သူတို့အား နှုတ်ခမ်းမွှေးထားခြင်း၊ ခြေမကြားတွင် ဒုတ်ထောက်ငွမ်းညှပ်မီးရှို့ခြင်းဖြင့် အဝီစိပွက်ကြပြန်လေ၏။ စောင် ခေါင်းအုံးစာသည်တို့နှင့် တစ်ဦးကိုတစ်ဦး တဖုံးဖုံးမြည်အောင် ရိုက်နှက်ပစ်ခတ်၍နေကြလေ၏။

ထိုအခိုက် အခြားအိမ်တစ်အိမ်မှ ကြေးစည်သံနှင့် အမယ်ကြီးတစ်ယောက်၏ ဘုရားရှိခိုးသံ ဆန်းဆန်းကြားရသဖြင့် နားစွင့်ကြလေ၏။

"ဟော့. . . ဟောဒါ ရွှေသန်းအဘွားကြီးပဲကွ၊ ဒီအကောင်လျှာရှည်တာ သူ့အဘွားတူလို့ပဲ"

ဟု တစ်ယောက်က ရွတ်လေ၏။

၎င်းတို့က အိပ်ရေးမဝကြချေ။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်နေကြသောကြောင့် မည်သူမျှမအိပ်ဝံ့ကြတော့ဘဲ မျက်နှာသစ်ကြရလေ၏။ ၎င်းတို့ နိုးနေမှန်းသိသ

ဖြင့် ရွှေသန်းဖခင်အိမ်မှ ကော်ဖီ ဘီစကစ်မုန့်များ လာရောက်ပို့လေရာ အားနာပါးနာနှင့် အကုန်စားသောက်လိုက်ကြ၏။ ထို့နောက် မင်္ဂလာမဏ္ဍာပ်သို့ သွားကြရန်အလို့ငှာ အချို့က ပုဝါပေါင်း အချို့က ဗိုလ်ကေကို ကော့စ်မတစ်နှင့် ဖီးလိုဖီး၊ ဘောင်းဘီ၊ လုံချည်၊ ရုပ်အင်္ကျီတို့ကို ဝတ်လဲ၍နေကြရာ တစ်ယောက်အဝတ်တစ်ယောက် လိုက်ချွတ် နောက်ပြောင်နေကြသောကြောင့် တော်တော်နှင့် မပြီးနိုင်ကြဘဲ လူစ လူန လာရောက်ကြသည်ကို မြင်မှ ခပ်တည်တည် လဲဖြစ်ကြလေ၏။

ရွှေသန်းကား နှမတင်သန်း၏ အပေါ်ထပ် မိန်းမပျိုများ တည်းခိုသော အခန်းတွင် ရုပ်ပွေ၍ နေလေ၏။ ၎င်းထက်အသက်ကြီး၍ ရင်းနှီးသော အပျိုကြီးတစ်သိုက်က ထုလိုက်နှက်လိုက် ဆဲလိုက်ဆိုလိုက်နှင့် အပြင်ထွက်ရန်ပြောသောလည်း မရသဖြင့် ကြိုးအင်္ကျီရင်စိတပ်နေကြသော အပျိုကလေးများမှာ “သေနာကောင်ကြီး အလွန်နှောက်တယ်” ဟု ၎င်းတို့ အိပ်ခန်းသို့ ဝင်ပြေး ကြလေ၏။ အချို့မိန်းကလေးများမှာ မျက်ခုံးမွှေးဆွဲသူကဆွဲ၊ သနပ်ခါးလိမ်းသူက လိမ်း၊ ပေါင်ဒါခြယ်သူက ခြယ်၊ ထမီလဲသူက လဲ၊ ပြုလုပ်နေကြရာ ရွှေသန်းရောက်လာသဖြင့် အမှားမှား အယွင်းယွင်း ဖြစ်၍နေကြရှာ၏။ ဆံထုံးထုံးသူ မိန်းကလေးများမှာ မူလကပင် တော်တော်နှင့် ထုံးမဖြစ်ဘဲရှိရာ ဒါက ပန်ချာပီဆံထုံး၊ ဟောဒါက လေယဉ်ပျံ၊ ဒါက ကျွန်ဆံစုအများဆုံး ဆံထုံးစသဖြင့် ဆံထုံးငြိကာ ဖွင့်နေပြန်ရာ အချို့အပျိုကလေးများမှာ နှုတ်သီးစူ၍ နေကြလေ၏။

ထိုအထဲတွင် စာရေး ကိုဘတင်၏ နှမ မေမေခင်ကား ရုပ်အချောဆုံး၊ ဆံပင်လည်း အကောင်းဆုံး၊ ပြောင်ချော်ချော်လည်း အပြောဆုံးဖြစ်သဖြင့် ရွှေသန်းနှင့် အပြန်အလှန်ပြောဖော်ရလေ၏။ မေမေခင် ရဲတင်းသောကြောင့်လည်း ၎င်းတစ်ဦးတည်းသာ စိတ်မပျက်တမ်း ဖီးလိမ်းပြုပြင်နိုင်လေ၏။ မေမေခင်ကား လုံးကျစ်သော ငါးရံ့ကိုယ်၊ ပြည့်ဖောင်းသော ရင်သား၊ ပြေပြစ်သော လက်မောင်း လက်ချောင်းဖြင့် နှာတံသွယ်၊ နဖူးကျယ်ဆံယဉ်စ မျက်တောင်ကော့ကော့ကလေးနှင့် ဖြစ်သည်တွင် လက်၌ဝတ်ထားသော ရွှေကြိုးဆစ် လက်ကောက်ဆယ်ရံက တချွင်ချွင်မြည်စေလျက် ဆံထုံးကိုဖိလိုက် ဆံထိုးကို ပြင်လိုက် မျက်နှာတွင်ပေါင်ဒါခြယ်လိုက် ပြုလုပ်နေရာ၊ လူနောက် ရွှေသန်းပင် ချစ်ကြိုက်စိတ်နှင့် ငေး၍ ကြည့်နေမိလေ၏။

ဘေးက အပျိုများလည်း ရွှေသန်း၏အမူအရာကို လက်ကုတ်ပြကာ မသိမသာ ရယ်မောနေကြသည်ကို ရွှေသန်းရိပ်မိသဖြင့် . . .

"အမလေး ချောလှချည့်ရဲ့ ဒေဝစ္ဆရာနတ်ကညာ ငါကြိုက်မလေးရဲ့၊ အမယ်လေး ပပရဲ့လို့ တစ်နေ့က ပွဲထဲဆိုသွားတာလို"

ဟု အရက်ပြေ ရွတ်နောက်လိုက်ရာ မေမေခင်သည် ချစ်စရာကောင်းသော မျက်လုံးကြီးဖြင့် စောင်း၍ကြည့်ရှုကာ . . .

"ဟင်းနော် . . . အရူးပီပီ မနေဘူး၊ ဘာလဲ"

ဟု ကြိမ်းမောင်းလိုက်ရာ . . .

"အရူးက ဘာတဲ့ ရှေးလူကြီး စကားရှိပါတယ်"

ဟု ပြောဆိုနေစဉ် မေမေခင်လည်း ရွှေသန်း၏ကျောမကို ပျော့ချသလို ထ၍နှက်လေ၏။

"ရိုက်ဟ၊ ရိုက်ဟ ဒါမယားလည်း သည်းခံဖို့ ဖတ်စ်ပရိုက် တစ်"

ဟုရယ်မောပြောဆိုရာ တဝါးဝါးနှင့် ဖြစ်၍နေကြလေ၏။

မေမေခင်လည်း ထပ်ကာထပ်ကာ ရိုက်နှက်နေရာက မကျေမချမ်းနိုင်ဖြစ်ပြီး ရွှေသန်းဘိုကေကို ဆွဲကာ ထုမည်အလလုပ် ရွှေသန်းသည် လက်နှစ်ဘက်က ဘယက်ကိုဆွဲကိုင်ဟန်ဆောင်ကာ လက်နှစ်ဖက်ကိုယှက်လျက် မေမေခင်အား ရှိခိုးသလိုနှင့်

"စုံဆယ်ဖြာ ပန်ထွာဦးတင် ဖူးမြင်သက်လွတ်ကြောင်း"

ဟု ယိုးဒယားဟန် အသံကောင်းကောင်းနှင့် ဆိုလိုက်ရာ မေမေခင်လည်း ရွှေသန်းအား လွတ်၍ ခပ်လှမ်းလှမ်းမှ ရယ်မောနေလေ၏။

"အမယ်မင်း လျှာရင်းမြက်စရာ ဘာဟင်းကလေးများ ချက်ရပ့ါမယ် မင်း ပပရယ်"

နှင့် ကုသလုပ်နေရာ . . .

"ဟော့ . . .သူ့ကို ဂရုစိုက်နေလို့ မဖြစ်ဘူး၊ မြန်မြန်လုပ်ကြ"

ဟု အပျိုကြီးတစ်ယောက်က အောက်ဒါပေးမှာ အနည်းငယ်ငြိမ်၍ သွားရပြန်လေသည်။

ရွှေသန်းကား ရုပ်ညံ့သူမဟုတ်ချေ။ အသားလတ်လတ်၊ မျက်ခုံးကောင်းကောင်း၊ သွားကလေးများ ညီညာသဖြင့် မိန်းကလေးများ ချစ်ချစ်စရာ ဖြစ်ခဲ့၏။ သို့ရာတွင် ၎င်းမှာ နောက်ပြောင်

ရုံထက် ပို၍ စိတ်ကူးသူမဟုတ်ပေ။ မေမေခင် တစ်ယောက်ကိုမူ ကား သူငယ်ချင်း ကိုဘတင်ကိုကြောက်၍ မစဝံ့ဘဲရှိနေလေရာ၊ စိတ်တွင်းမှာကား သူမသိ၊ ငါပိုး ဖြစ်နေ၏။ အာရဲ လျှာရဲ အပျို ကြီး တစ်ဦးက . . .

"ဟန်ကျတယ်ဟေ့ . . . ကနေ့တော့ နှစ်မင်္ဂလာလုပ်လိုက် ရမှာပဲ၊ ဘယ်နှယ့်လဲ မောင်ရွှေသန်း သဘောတူရဲ့လား"

ဟု မေးလိုက်ရာ ရွှေသန်းမှာ ဟန်မူရာပါပါနှင့် လက်တစ် ဘက်က မေးထောက်၍ ဘိုကေကို ကုပ်ဖျောက်ကာ စဉ်းစားဟန် ပြုလျက် . . .

"ဩော် . . . အစ်မကြီးတို့ ပြောလို့သာ စဉ်းစားရပါတော့ မယ် ခင်ဗျာ၊ ယောက်ျားတို့ ဣန္ဒြေ ရွှေပေးလို့မရတဲ့၊ ကုန်ရုံးတော့ တစ်ခေါက်၊ မယားကုန်ရုံးတော့ တစ်သက်လုံးမှောက်မှာမို့ ဝါးလုံး နင်းမိ ဝါးချွန်ထိုးမိ ဆိုတာလို . . ."

ဟု စကားမဆုံးခင် မေမေခင်သည် ရွှေသန်းဘိုကေကိုဆွဲ ကာ ထုနှက်နေပြန်သဖြင့်၊ ရွှေသန်းက လက်နှစ်ဘက်နှင့် ဆွဲဖယ် ကာကွယ်နေရင်း . . .

"ကိုင်း . . . ကြည့်ကြဦး အစ်မကြီးတို့ ခုကတည်းကနိုင် ချင်နေတာ၊ ကျွန်တော် ဘိန်းလဲမသောက်၊ အရက်လဲ မရူ၊ ရသမျှ ပိုက်ဆံသူ့ကို အကုန်အပ်ရက်နဲ့"

ဟု နောက်လေ၊ ဒေါသကလေးနှင့် ရိုက်နှက်လေဖြစ်ပျက် နေရာ တစ်ခန်းလုံးတခိခိနှင့်ဖြစ်၍ နေကြလေ၏။ သို့ရာတွင် အပျို လူပျို ဖိုမဓာတ်သဘောအတိုင်း ထိုသို့ အသားချင်းထိတွေ့ ရာမှ နှစ်ဦးစလုံးစိတ်တွင် ဘာကလိုလိုဖြစ်၏သွားကြဟန် တူလေ

၏။ မေမေခင်လည်း ထုနက်အားရသောအခါ ဆံထုံးကို ပြင်၍ ထုံးနေလေ၏။

အခြားအပျိုများ ဖီးလိမ်းခြယ်လှယ်ခြင်း အလုပ်ပြီးကြသဖြင့် အဝတ်အစားလဲရန်သာ ကျန်လေ၏။ အချို့မှာအတွင်းရှင်မီးအင်္ကျီ ရင်စီးများကိုလဲပြီး၍ အပေါ်အင်္ကျီလဲရန် ကျန်သေးရာ အချို့မှာလည်း လုံချည်လဲရန် လုံချည်သစ်များကို ထုတ်ကြလေ၏။ အလိုက်မသိသော ရွှေသန်းသည် အပြင်သို့ မထွက်သေးဘဲ ပြောင်ဖြဲဖြဲလုပ်နေသေးသဖြင့် ခပ်ရွဲ့ရွဲ့အပျိုကြီးတစ်ယောက်က မတ်တပ်ရပ်တဲ့ပြီး . . .

"ဟေ့ . . . မောင်ရွှေသန်း ဟိုဘက်လှည့်ကွယ်။ အစ်မကြီး ထမီလဲချင်လို့"

ဟု ခါးက ထမီကို ဖြန့်ကာ ချွတ်ချလိုက်ရာ ရွှေသန်းမှာ မျက်နှာမရဲသဖြင့် တစ်ဖက်သို့ လှဲလိုက်ရလေ၏။ အပျိုကြီးကား အတွင်းခံလုံချည်တစ်ထည် ချွတ်ချခြင်းဖြစ်ရာ ရွှေသန်းမှာကြာလျှင်ခက်ချည်ရဲ့ဟု ထ၍ ပြေးတော့လေ၏။ ထိုအခါကျမှ အဝတ်များ ကောင်းစွာ လဲလှယ်ပြီးကြလေတော့သည်။ အချို့အပျိုများက မေမေခင်အား ရွှေသန်းနှင့် ကြည်စားပြောင်လှောင်၍ နေလေရာ၊ မေမေခင်မှာ အလိုက်အထိုက် ရောနှောတတ်သော မိန်းကလေးဖြစ်သည့်အတိုင်း . . .

"ဟုတ်တယ်လေ၊ ကြိုက်ကြတယ် ဘာဖြစ်သလဲ၊ ကျွန်မက ဘာငြင်းစရာရှိသလဲ၊ စာရေးကြီး ကတော်တောင်ဖြစ်ဦးမှာ"

ဟု စာရေးကြီး ကတော်ဟန် လျှောက်ပြရာ၊ အပျိုတစ်သိုက်က “ဒါမှ တို့မေမေခင်” ဟု ရယ်မောရင်း မင်္ဂလာမဏ္ဍာပ်သို့ ဆင်းခဲ့ကြ၏။

မဏ္ဍာပ်အတွင်း၌ကား ဇွန်ကောက်လုံချည်၊ ဖဲလုံချည်၊ တာဖက်တာ၊ ပိုးအင်္ကျီ၊ အယ်လ်ပတ်ကား၊ ရွှေလက်ပတ်၊ ခေါင်းပေါင်းစသည်တို့ဖြင့် ဆင်ယင်ထားသော စားရေးတော်တစ်စုရောက်ရှိနေကြလေ၏။ လူကောင်း၊ သူကောင်း ပကတိကဲ့သို့ မျက်နှာပိုး သေသေနှင့် နေကြရာမှ တစ်ယောက်က လက်ကုပ်၍ဖောက်လေ၏။

မုန့်၊ လက်ဖက်ရည် ကော်ဖီလာချသူတို့မှာ မိမိတို့မြို့က လူငယ်များပင် ဖြစ်သဖြင့် ရောက်လျှင်ရောက်ချင်း အပင်းဆို့ကြရာ၊ ဖြိုက်ခနဲကုန်လျက် ပို့မလောက်အောင် ဖြစ်၍နေလေ၏။ သို့ရာတွင် အခြားပရိသတ်များရှိသဖြင့် လွတ်လွတ်လပ်လပ် မနေနိုင်ကြဘဲ တိုးတိုးတိတ်တိတ် ကြိတ်၍သာ ရယ်မောကြရလေ၏။ ၎င်းတို့အား တစ်စုတည်း နေရာချထားမိသည်မှာ မင်္ဂလာမဏ္ဍာပ်ငါးပါးမှောက်မည့်ကဲ့သို့ ဖြစ်၍နေလေ၏။ မိမိတို့ ဒိစတြိတ်က ပါလာသော အပျိုများက အရေးမကြီး၊ ရွှေသန်းတို့မြို့က အပျိုကလေးများကား စာရေးတော် ၂၀ ကျော် ၃၀ ခန့်လူစုကြောင့် များစွာ အနေကျပ်လျက်၊ ခြေလှမ်းမှားသူမှား၊ မျက်နှာထားပျက်သူကပျက်၊ ရှင်သလိုဖြစ်သူကဖြစ် တခစ်ခစ် အသံကြားတိုင်းကြောင်တက်တက် ဖြစ်ကြရရှာလေ၏။

ခမြာများမှာ မြို့ကမချောတွေလို နေ့စဉ်အလေ့အကျင့်မရခဲ့ကြရှာသဖြင့် ဆံထုံးအချို့မှာ ခပ်မြင့်မြင့်၊ ခပ်ကြီးကြီးအထက်

ကား၍ နေရမည်ကို အရင်းကတုတ် အဖျားရှူး၊ အချို့မှာလည်း ကရစိုက်ကြရှာလွန်းသဖြင့် အရင်း၊ အဖျားညီလျက် ရှင်မွန်လှနား ထောင်းကဲ့သို့ ဖြစ်၍နေလေ၏။ အချို့မှာလည်း နှုတ်ခမ်းကလေး များ နီချင်ကြရှာ၍ ကွမ်းများစားထားကြရာ တစ်ဦးတစ်လေမှာ ကွမ်းသွေးစွန်းပေလျက် ရှမ်းမကြီးဖြစ်၍ နေကြလေ၏။ တစ်ဦးမှာ မျက်ခုံးမွေးကို ဇင်ယော်တောင် ကျကျ နန ဆွဲထားရာ၊ မျက်ခုံး မွေး ဆေးထူအားကြီး၍ မျက်ခွံပေါ်သို့ အမဲရောင်များ တဖြည်း ဖြည်း စီးကျနေလေ၏။

စာရေးလူနောက်တစ်စုကား ဗိုက်ကလည်း တင်းလှပြီဖြစ် ၍ ၃၂ ကောဋ္ဌာသ ကမ္မဋ္ဌာန်း ရှုကြပြန်လေ၏။ ဘယ်မိန်းကလေးက အဆက်တဲ့တယ်၊ ဘယ်မိန်းကလေးက နှာရောင်ပြားတယ်၊ တင် ကောင်းတယ်၊ ရင်ဖောင်းတယ်၊ သချီးထူတယ် စသဖြင့် ကြိတ်၍ ပြောဆို ရယ်မောနေကြပြန်လေ၏။ ပရိသတ်များကား တစတစ နှင့်လာရောက်ကြရာ၊ အပြင်မှ ကျကျနန ဟန်ဟန်ပန်ပန် ဝတ်စား လာသော ယောကျ်ားများကို အာရုံစိုက်ကြပြန်လေ၏။ အချို့မှာ ပုဝါဘီအေပေါင်း၊ ဘုန်းကြီးလူထွက်ပေါင်း၊ ဆင်ကချိတ်အစနှစ် ဘက်ထောင် စသဖြင့် စုံ၍နေလေ၏။ လက်တစ်ဘက်ကို ဂျိုင်း တွင် ကိန္နရာနာပေါက်သကဲ့သို့ အထက်သို့ ခပ်မြှောက်မြှောက် ဟန်လုပ်သော လူတစ်ယောက်ကို စာရေးတို့ မရယ်ဘဲ မနေနိုင် ကြချေ။ ထိုသူ၏လက်တွင် ရွှေရေပွတ် သုံးကျပ်ခွဲတန် လက်ပတ် နာရီကို ပေါ်စေချင်သောကြောင့် လက်မြှောက်၍ လာဟန်တူလေ ၏။

ထိုအထဲတွင် အသက် ၄၀ ခန့်လူကြီးတစ်ယောက်လည်း ပါလာလေ၏။ ၎င်းကား နောက်ပိုးနှင့် တူလှ၏။ ၎င်းမျက်လုံးများမှာ မြို့ကြီးကအပျိုများဆီသို့ ကျက်စား၍နေလေတော့၏။ ကတ္တီပါအလှရည် လိမ်းခဲ့ဟန်ရှိသောကြောင့် ၎င်း၏မျက်နှာမှာ သပိတ်ပေါ် အိုင်အိုဖောင်း အဖြူမှုန့်ဖိတ်ကျထားသည်နှင့် တူလေ၏။ တစ်တောင်သာသာခန့် ပုဝါကြီးမှာ ဟိုဘက်ကမ်း ရွက်တိုက်သွားမည့်အသွင်၊ လူတို့မည်သည်ကား ကိုယ့်အဝတ်အစား ကိုယ့်အမူအရာကို ကျေနပ်စမြဲဖြစ်ရကား ဗန်ကောက်ပုဆိုးကြီး တဝင့်ဝင့် ခြေလှမ်းဟန်ပါပါနှင့် မဏ္ဍပ်အနီးသို့ ရောက်ရှိလာလေ၏။ မဏ္ဍပ်အတွင်း၌ကား ဖျာကြမ်းပေါ်တွင် ကော်ဇောများ ခင်းကျင်းထားရာ ရွှေသန်းသည် စာရေးတစ်စုအနီးသို့ ရောက်ရှိလာသဖြင့် တင်ပါးစမ်းသူကစမ်း၊ လုံချည်ဆွဲသူကဆွဲ၊ ခဲဘိုးတောင်းသူကတောင်းနှင့် ပြောင်းဆန်အောင် နောက်၍နေကြစဉ် ယခင်လူကြီးမှာ သားရေပြောင်ရှူးဘိနပ်ကို ကြိုးဖြုတ်၍ ချွတ်ရန် ပြုလုပ်နေလေ၏။

ထိုကဲ့သို့ ဘိနပ်ကြိုးဖြုတ်စဉ် ပုဆိုးစမှာ နောက်သို့လွင့်ကျနေလေ၏။ ကျကျနန ချည်ခဲ့သော ဘိနပ်ကြိုးမှာ ခေါက်တွန့်မဟုတ်သဖြင့် ပါးစပ်နှင့် ကိုက်ဖြုတ်မှရမည်ကဲ့သို့ တင်းကျပ်နေရာ၊ ညော့ခံပုဂ္ဂိုလ်များက လှမ်း၍ ကြည့်တဲ့ပြီး . . .

"အမိန့်တော်ရမင်း ဒီကိုကြွပါခင်ဗျ"

ဟု ဆီးကြိုခေါ်ယူကြလေ၏။ အမိန့်တော်ရမင်းမှာ ဘိနပ်ကြိုးကို ၅ မိနစ်ခန့်ကြာအောင် ဖြုတ်၍နေရာ၊ ပုဆိုးစမှာ မဏ္ဍပ်ပန္နက်သဲတိုင်နှင့် ငြိ၍နေသည်ကို မသိရှာချေ။ ၎င်း၏မျက်လုံး

ကြီးကား ပြုံးဖြဲဖြဲနှင့်အပျိုများရှိရာသို့ ကျက်စားလျက်ပင်တည်း။ ဘိနပ်ချွတ်ပြီး၍ ခြေလှမ်းကျဲကျဲနှင့် မဏ္ဍာပ်အတွင်းသို့ အဝင် လိုက်၊ ဇန်ကောက်ပုဆိုးအိတ်ထောင့်သည် ပန္နက်သဲတိုင်နှင့်ငြိ ကာ "ဗျို့ဆရာကြီး ရပ်ပါဦး" ဟုဆိုလိုက်သည့်အလား၊ ဆောင့်ဆွဲ ထားသလို ဖြစ်နေသဖြင့် ဝမ်းလျားမှောက်၍ လဲရှာလေ၏။ သေ ချာစွာ ပေါင်လာမှသာ ပုဝါကြီးမှာ အောက်ခံခြင်းနှင့်တကွ ဖား ခုံသလို ခေါင်းကပြုတ်ထွက်လွင့်စင်သွားရာ၊ အခြားတစ်နေရာရှိ ညှော့သည်များ၏ လက်ဖက်ရည်ပွဲတွင် အမိန့်တော်ရမင်း အျင် လက်ဖက်ရည်သောက်၍ နေနှင့်လေ၏။ အမိန့်တော်ရမင်းလည်း ရှက်ရှက်နှင့် ကဗျာကရာ လူးလဲထလေ၏။

ပရိတ်သတ်တို့လည်း အားနာ၍ မရယ်ဘဲ ပြုံးစိစိနေကြ ရာ၊ စာရေးတစ်သိုက်မှာ ဝါးကနဲ ဝါးလုံးခွဲ ရယ်မောလိုက်ကြလေ ၏။ အမိန့်တော်ရမင်းကား ရွာတော့မည်ကဲ့သို့ မျက်နှာနှင့် ဘောင်းဘီတိုပေါ်အောင်ဖြစ်နေသော ပုဆိုးစကို ပြင်ဝတ်ရင်း မတ် တပ်ရပ်နေရာ၊ "ဒီမယ် ဒီမယ် ပုဝါ ပုဝါ" ဟု ညှော့သည်တစ်ဦးက လှမ်း၍ ပေးနေလေ၏။ ပုဝါမှာ လက်ဖက်ရည်များ ဗိုက်ပြည့် အောင်သောက်ထားပြီး ဖြစ်သဖြင့် ခါးကော့အောင် မရပ်နိုင်ဘဲ ပြော့ခွေ၍ ကျနေလေ၏။ အမိန့်တော်ရကား ပြန်ရအခက် နေရ အခက်ဖြစ်နေရာ ဘိုကေတိုကလေးနှင့် ပုဆိုးတောင်ရှည်မှာ လူ ပြက်ရပ်ကဲ့သို့ ပေါလွင်၍ နေလေတော့၏။ ၎င်းသည် အရှက် ပြေ ပြုံးကာ ၎တ်ကိုကြည့်ရင်း . . .

"ခင်ဗျားတို့ဟာက ပန္နက်သဲလဲမနှုတ်၊ လူထောင်ထား သလိုကိုးဗျ"

ဟုပြောရာ၊ ညွှေ့ခံသူတစ်ယောက်က . . .

"ခင်ဗျား ပုဆိုးစမို့ ရှာရှာဖွေဖွေသွားပြီး ငုတ်တိုင်နဲ့ မိတ်ဖက်တယ်"

ဟုပြောလေ၏။ ပရိတ်သတ်ကား သူဝင် ငါထွက် ရှုတ်ပွေနေရာ၊ မင်္ဂလာသတို့သားသမီးအတွက် လက်ဖွဲ့ပစ္စည်းများလည်း စားပွဲကြီး ၂ ခုနှင့် ပြင်ဆင်၍ထားလေ၏။ သံသေတ္တာ၊ ငွေလင်ဗန်း၊ ငွေခွက်၊ ငွေဖလား၊ လက်ဆွဲအိတ်၊ နာရီ စသည်ဖြင့် ပြည့်နှက်၍ နေလေ၏။

❖ ❖ ❖

# အခန်း (၄)

ဘအောင်နှင့် တင်သန်းလည်း မဏ္ဍာပ်တွင်းသို့ ရောက်ရှိကြရာ မိန်းကလေးက ချောသည် ယောကျ်ားလေးက ချောသည် စသဖြင့် ထင်မြင်ချက်ပေး၍ နေကြလေ၏။ စာရေးတစ်စုကား ဘအောင်အား မကြားတကြား ရယ်မောပြောဆိုနေကြရာ၊ ဘအောင်မှာ တောင်းပန် အသနားခံသောအမူအရာနှင့် ပြန်လှန်ကြည့်ရှုနေလေ၏။ ရွှေသန်းကား စာရေးတစ်သိုက် အနားသို့ မကပ်ဝံ့တော့ချေ။

ဓာတ်ပုံအပျိုရိုက် အလွန်ဝါသနာပါသော အမျိုးသားကျောင်းဆရာ ကိုတင်လှကား ဘအောင်နှင့် ရင်းနှီးသည့်အလျောက် မနေ့ကပင် ရောက်ရှိလာခဲ့လေ၏။ မင်္ဂလာအခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးရန် ဝန်ခံခဲ့ပြီးလည်း ဖြစ်လေ၏။ ကိုတင်လှကား ပရိသတ်ရှေ့သို့ မတိုးဝံ့၊ အလွန်ရှက်တတ်ရသည့်အထဲ စာရေးများက . . .

“ဘယ့်နှယ် လူပျိုကြီး ကြိုးစားလိုက်၊ လူများအကျိုးဆောင်မှ ကိုယ်လဲစွံမှာ၊ အို ...ဒီမျက်နှာကြီးကို မကြိုက်ပါဘူး။ ဟိုမယ် ခင်ဗျားကိုကြည့်နေတယ် အရီးထူးက”

စသဖြင့် နောက်ပြောင်၍နေကြရာ၊ ရှက်ကိုးရှက်ကန်းဖြစ်နေသော ကိုတင်လှမှာ မိန်းမကြီးတစ်ယောက်ကို တက်နင်းမိသဖြင့် ...“ကန်တော့ခင်ဗျာ ...မတော်လို့ပါ” ဟု တောင်းပန်၍ နေရလေ၏။ ၎င်းမှာ နောက်သို့ဆုတ်၍ မဖြစ်ချေ။ ကင်မရာအိုးနှင့် ထောက်တံကို ကိုင်လျက် ဟိုရွှေ့သည်ရွှေ့နှင့် ဟိုချိန်သည်ချိန်နှင့် ပြုလုပ်နေရလေ၏။ ဓာတ်ပုံရိုက်လာမည်ဟု ရိပ်မိကြသော လူတို့ကား အင်္ကျီပြင်ဆွဲ ပုဝါစ ပိပိရိရိ ရှိ မရှိ လက်နှင့်ဖိသူကဖိ၊ ခပ်စောင်းစောင်း ကြည့်သူကကြည့်နှင့် နေကြလေ၏။ အချို့မိန်းကလေးများမှာလည်း တို့ပတ်ပုဝါကလေးများထုတ်ကာ မျက်နှာကိုသုတ်၍ မှုန်ခြယ်ကာ နေကြလေ၏။ ကိုယ့်ပုံကလေးများ ပါချင်သဖြင့် “ရှေ့လူ နည်းနည်းဖယ်ပေးပါ” ဆိုသူကလည်းအများ၊ ကိုတင်လှကား သူ့ကင်မရာအိုးနှင့် ကုန်းကုန်းကြီး ပြင်ဆင်၍နေလေ၏။ ကိုတင်လှ၏ ဒူးများမှာ တုန်၍နေသည်ဟုထင်ရ၏။ ၎င်းမှာ ဆလိုက်မှန်ထိုးလျက် ဟိုဟိုသည်သည် ရွှေ့ပြောင်းချိန်ရွယ်၍ နေလေ၏။

မဏ္ဍာပ်အမိုးကြောင့် နေ့ခင်းပင်ဖြစ်သော်လည်း လူထုလှုပ်လှုပ်ရွရွထဲ အမြန်ရိုက်မှဖြစ်မည်ဟု တွေးမိကာ **ဖလက်ရှ်လိုက်**မီးများ ထွန်းညှိသော ကိရိယာကို ပြင်ရပြန်လေ၏။ ထိုအတွင်း “ဗျို့ဆရာကြီး ကြာတယ်ဗျို့၊ မြန်မြန်လုပ်ပါ” ဟူသော အသံတစ်သံ ကိုတင်လှ၏ နောက်မှ ထွက်ပေါ်လာပြန်လေ၏။ ကိုတင်လှ

ကား **အပါးချား** စသည်တို့ကို ပြင်၍နေလေ၏။ အဖော်တစ်ယောက်အား **ဖလက်ရှိုက်** ထွန်းညှိပေးရန် ကိုင်စရာနှင့်တကွ ပြသမှာကြား၍ နေလေ၏။

ကိုတင်လှသည် မှန်တစ်ချပ်ကို သွင်းလျက် ဓာတ်ပုံရိုက်ရန် ပြင်ဆင်နေရာ၊ လူရွယ်တစ်ယောက်သည် မိမိပုံပါလိုသဖြင့် ဓာတ်မှန်ပေါက်နှင့် တစ်ထွာ ကွာကွာတွင် ရပ်ကြည့်နေသဖြင့် နောက်ဆုတ်ရန် မနည်းပြောရလေ၏။ ထို့နောက် အဖော်အား မျက်ရိပ်ပြလိုက်ရာ အဖော်သည် **ဖလက်ရှိုက်** ကိုထွန်းညှိလိုက်သည်နှင့် တပြိုင်နက် တစ်မဏ္ဍပ်လုံး မီးရောင်တွေ လင်းထိန်သွားလေရာ၊ အမယ်ကြီးတစ်ယောက်က "မီး ... မီး" ဟုလန့်၍အော်လေ၏။ အခြားတစ်ယောက်က "ဟဲ့ ... ပက်" ဟု လန့်၍ခုန်လိုက်ရာ ပြန်အကျတွင် အပျိုကလေးတစ်ယောက်၏ ပေါင်ကိုနည်းမိသဖြင့် "အမယ်လေး သေပါပြီတော့" ဟုဆူညံ၍သွားလေ၏။ အချို့ကလည်း ရတ်ရတ်သဲသဲ ထပြေးမည် လုပ်ကြရာ၊ "ဓာတ်ပုံရိုက်တဲ့မီးပါ"ဟုအော်မှ ငြိမ်၍ သွားကြလေ၏။

ခဏကြာလျှင် ဘိသိတ်ဆရာများနှင့် မင်္ဂလာအခမ်းအနားကို ဆောင်ရွက်လေ၏။ သတို့သား သမီးများမှာ နှစ်ဖက်မိဘကို ကန်တော့ကြလေ၏။ လက်ထပ်ပြီး၍ တစ်နာရီခန့် ဆက်လက်ညှော်ခံပြီးနောက်၊ ပရိသတ်များ တစ တစ စဲ၍ သွားလေရာ၊ နေ့ ၁၁ နာရီခန့်၌မူ မဏ္ဍပ်အမိုး ဖြုတ်သူကဖြုတ်၊ ကော်ဇော်ရပ်သူကရပ်နှင့် သိမ်းဆည်း၍ နေကြလေ၏။ မဏ္ဍပ်တွင်း၌ ဟန်လုပ်ထိုင်နေကြသော စာရေးတစ်စုလည်း လက်ဖက်ရည်မုန့်များ

ထားရာသို့ သွားရောက်မွေနှောက် ရှာဖွေစားသောက်ကာ ဆူညံ၍ နေကြပြန်လေ၏။

နောက်တစ်နေ့ နံနက်၌ကား ရွှေသန်းတို့ ဇာတိမြို့ကလေး မှာ ပရိတ်ရွတ်၍ သူရဲ မင်းရဲများကို ချောက်ထုတ်လိုက်သည့်အ လား ဆိတ်ငြိမ်၍ သွားလေတော့၏။ ဒိစကြိတ်မြို့က စာရေးတစ် စုနှင့် မိန်းမပျိုကလေးများ ညှော်သည်ဟူသမျှ ဘူတာကလေးတစ် ခုသို့ဘတ်စ်ကားနှင့် သွားကြပြီးနောက် ထိုဘူတာကမှ ၎င်းတို့ မြို့သို့ ပြန်ရမည် ဖြစ်လေ၏။ ဘူတာကလေးတွင်ကား ၎င်းတို့ လူသိုက်၏အသံဖြင့် ဆူညံ၍နေတော့လေ၏။ ရုံပိုင်မှာ စာရေး များနှင့် သူငယ်ချင်းဖြစ်လေရာ လိုလေသေးမရှိ ပြုစုရှာလေ၏။

ဥတုကား နွေရာသီဖြစ်သဖြင့် သစ်ရွက်ခြောက်များ ကြွေ ကျလျက်၊ ခါးကအဝတ်များ ချွတ်ပစ်ချင်လောက်အောင် ပူအိုက် လေ၏။ ဘူတာအတွင်း၌ အိမ်ငယ်ကလေးတစ်ခုကား အကာ အကွယ် လုံခြုံ၍ လေပူတိုက်ခြင်းမှ ကာကွယ်နိုင်လေ၏။ မိန်းမ ဖော်တစ်စုမှာ စကားပြောသူပြော လက်ဖက်စားသူစားနှင့် အရိပ် ကောင်းရာတွင် နေသူနေနှင့် ရှိနေကြရာ၊ မေမေခင်သည် ယခင် အိမ်ကလေးအတွင်းသို့ တစ်ယောက်တည်းဝင်သွားရာ အပျိုကြီး တစ်ယောက်က ရွှေသန်းအား လက်ကုတ် မျက်စပစ်ပြလိုက်လေ ၏။

အာရဲ လျှာရဲ လက်ရဲ အကုန်ဘာမဆိုရဲသော ရွှေသန်း သည် . . . "ဩော်အိုက်လိုက်တာနော်၊ ဒီအခန်းကလေးကတော့ အေးမှာပဲ" ဟု စကားပလ္လင်ခံလျက် မေမေခင်နေသော အခန်းဆီ သို့ ရောက်သွားကာ အပေါက်ကရပ်ရင်း မသိလို့လာမိသည့်အနေ

ဟန်ဆောင်လျက် အံ့အားသင့်သော အမူအရာဖြင့် မေမေခင်အား ကြည့်ရှုကာ . . .

“ဟင် . . . ခင်ဒီထဲ ရောက်နေတာကိုး”

ဟု စကားစရာ မေမေခင်မှာ မချိုမချဉ် အလိုမကျသော အမူအရာကလေးနှင့် . . .

“ဘာလဲ သူများတစ်ယောက်တည်း အေးလို့ ဒီမှာလာနေ တာ၊ မရှုပ်နဲ့ ကိုယ့်ဖာသာနေရာရှာချည်”

“အေးတာများ ခင်ရယ် မင်းတစ်ယောက်ထဲ စည်းစိမ်ခံချင် သလား၊ တို့များလည်း အေးစမ်းပါရစေ၊ လေပူတိုက်လွန်းလို့ ပါ”

ဟု ရှေ့သို့ခြေလှမ်းပြင်လျက် ဝင်တော့မည် လုပ်ရာ

“အို . . . အို . . . ဟိုဟာတွေ မြင်ရင် အထင်လွဲပြောစ ရာ ဖြစ်ကုန်ပါမယ်၊ ဖယ်ပါ ရှင့်ဖာသာ အေးအေးနေရစ်၊ ကျွန်မ သွားမယ်”

ဟု ထွက်ပေါက်သို့လာရာ၊ ရွှေသန်းသည် အပေါက်က ကာဆီးထားရင်း . . .

“တို့များ ဒီလောက် သဝန်မကြောင်ပေါင်၊ တစ်ယောက်ထဲ လဲ မအေးချင်ပါဘူး၊ အေးအတူ ပူအမျှပေါ့”

“ဘယ့်နှယ်လူကြီးပါလိမ့်မလဲ၊ ဖယ်ပါ ဒေါ်ဒေါ်ကို လှမ်း ခေါ်လိုက်မယ်နော်၊ လူကို စမနေနဲ့”

ဟု နှုတ်ခမ်းကလေး စူပြောရာ . . .

“အမယ်လေး မလုပ်ပါနဲ့ ခင်ရဲ့၊ ဒီက ဘယ်နှယ်မှ မလုပ် ရသေးပါကလား၊ မအော်လိုက်ပါနဲ့”

ဟု မေမေခင်၏ ပါးစပ်ကို ပိတ်ထားလေ၏။

"ကြည့်စမ်း၊ ကြည့်စမ်း အလွန်ကဲတယ်၊ ဒီကဖြင့် အောက်မှ မအောက်ရသေးဘူး ဘာမှတ်သလဲ၊ ရယ်မောရောနှောတိုင်း သဘော အလွယ်စား မှတ်သလား၊ ဇက်ရဲလိုက်တဲ့လူ"

ဟု မျက်နှာထားနှင့် ပြောလေ၏။

"အမယ်လေး. . .ဒေါသကြီးလိုက်တဲ့ ခင်ဟဲ့၊ ကဲတာလဲ မဟုတ်။ စော်ကားတာလဲ မဟုတ်ပါဘူး၊ မရှောင်သာတဲ့ ဒီအနား အမယ်မင်းဘုရားစူးရစေရဲ့၊ အများကြီး ချစ်လွန်းလို့ပါ ခင်ရယ်"

ဟု ပြောပြောဆိုဆို မေမေခင်၏ နူးညံ့ပျော့ပြောင်းသော လက်ကလေးကို ဖမ်းဆုပ်ကာ ပြုံးဖြဲဖြဲနှင့် ကြည့်ရှုနေရာ. . .

"ဟင်း. . .ရှင့် ဘယ်နှယ်လဲ"

ဟု လက်ကို ဆောင့်ရုန်းလိုက်လေ၏။ သို့ရာတွင် ရွှေ သန်းမှာ နောက်မဆုတ်တမ်း ကြံတော့မည်ဟု သဘောပိုက်ကာ မျက်နှာသေကလေးနှင့်. . .

"တကယ်ပါ ခင်ရာ၊ နောက်တာမဟုတ်ပါဘူး၊ တကယ် ချစ်လွန်းလို့ပြောတာပါ၊ ဘဝဆက်တိုင်း ခင်နဲ့ပေါင်းရပါစေရဲ့"

"ရှင့် အပေါက်က ဖယ်မလား၊ မဖယ်ဘူးလား"

"ဖယ်ပါမယ့်ခင်ရဲ့ ခြောက်လူးပြုံးကြီးကို ချပါဦး"

ထိုအခါကျမှ မေမေခင်သည် လက်သီးဆုပ်ထားမိသည် ကို သတိရကာ လက်ကိုဖြေလျက် မျက်နှာထားနှင့် ကြည့်ရင်း

"ရှင်ဘာလို့ နှောက်ယှက်တာလဲ"

"ချစ်လို့"

"ကျွန်မရှင့်ကို မချစ်ဘူး ဘယ်သွားမယ်"

သို့ရာတွင် မေမေခင်သည် ရွှေသန်းကို တိုးဖေ့အတင်း ထွက်လျှင် ဖြစ်နိုင်လျက် အတင်းမထွက်ခြင်းဖြင့် စကားပြော လက်ခံဦးမည်ကို ရိပ်မိသော ရွှေသန်းမှာ ရှေ့သို့ ခြေတစ်လှမ်း နှစ်လှမ်း တိုး၍လာလေ၏။ မေမေခင်သည်လည်း နောက်သို့ တစ်လှမ်း နှစ်လှမ်း ဆုတ်ပြီးနောက် ရွှေသန်းအား တစ်ပတ်ရိုက် ကာ ရှောင်ကွေ့ထွက်ပြေးမည်အလုပ် လျင်မြန်သော ရွှေသန်း၏ လက်နှစ်ဘက်သည် မေမေခင်၏ခါးကို ဖက်၍ထားလေ၏။

"ကြည့်စမ်း . . . ကြည့်စမ်း ရမ်းလိုက်တာ၊ လွှတ် . . . လွှတ်"

"လွှတ်ဖူး စိတ်ဆိုးနေတာကို"

"ဆိုးမှာပေါ့"

"လွှတ်ဖူး"

မေမေခင်မှာ ကြာလျှင် လူမြင်သွားမည် စိုးသောကြောင့်

"လွှတ်ပါ မဆိုးပါဘူး"

"စိတ်မှ မဆိုးဘဲ မလွှတ်သေးဘူး"

ဟု ဖက်မြဲဖက်ထားရာ၊ မေမေခင်သည် ရွှေသန်း၏ ဘို ကေ ကိုဆွဲကာထုလေ၏။ ရွှေသန်းကား ဖွဲ့နဘန်းကြီးလျက် ပြော ချင်ရာပြော၍ နေလေရာ၊ သစ်ရွက်ခြောက် ခြေနင့်နင်းသံကြား သဖြင့် လွှတ်လိုက်ရလေ၏။

ထိုအခိုက် အပျိုဟိုင်းမကြီး နှစ်ဦးသည် ရွှေသန်းတို့အိမ် ငယ်ကလေးဆီသို့ ချွတ်နင်းလာကြခိုက် ဖြစ်လေ၏။ အခန်းငယ် မှာ ပျဉ်ကာဖြစ်၍ များစွာ လုံခြုံလေ၏။ အပေါက်ငယ်များကို ရှာ ဖွေကြသောအခါ ရွှေးစေ့ခန့်အပေါက်ငယ်တစ်ခုကို တစ်ဦးက

အလျင်တွေ့လေ၏။ ပြုံးစိ ကျေနပ်စွာ ချောင်းကြည့်နေခိုက်၊ အခြားတစ်ဦးမှာ အပေါက်ရှာတုန်းပင် ဖြစ်လေ၏။ အပေါက် မတွေ့နိုင်သဖြင့် ငါလဲကြည့်ဦးမယ် ဟူသော အဓိပ္ပာယ်နှင့် ချောင်းကြည့်နေသူ၏ မေးစေ့ကို တွန်း၍မ,နေလေရာ တစ်ယောက်က အသာနေစမ်းပါဟူသော လက္ခဏာနှင့် တွန်းသူ၏ လက်ကို ပုတ်လေ၏။ အပေါက်မရသူကား မကျေမနပ်ဖြစ်လျက် အားပါးတရ ကုန်းကြည့်နေသူ၏ တင်ပါးဝတုတ်ကြီးကို ထုကာ ထုကာနေလေရာ ကြည့်သူကလည်း နောက်ပြန်ခြေနှင့် ကန်လျက်ရှိစဉ် နဂိုကောင်တစ်ကောင်သည် တဝီဝီနှင့် ပျံဝဲ၍နေလေ၏။

ရွှေသန်းသည် ချွတ်နင်းသံ ဆက်လက်မကြားရသဖြင့် ဇွတ်တိုးပြောဆိုနေလေရာ၊ "မောင်ကြီး သဘောတစ်ခုပဲ ကိုသန်း မိဘဆိုတာ မောင်ကြီးစီမံသမျှ ကြည့်နေတာပဲ" ဟူသော အသံကို ကြားခြင်းဖြင့် ခရီးအတော်ရောက်လျက်ရှိသည်ကို သိသာနိုင်လေ၏။

"အံမာ. . .ဒါဖြင့် စိတ်ချခင်၊ ကိုဘတင်ကြီးကို ခင်ဗျား နှမကျွန်တော့်ပေးလို့ တောင်းဖူးတယ်၊ သူကြိုက်ရင် ယူလဗျာတဲ့"

"ပြောင်ပြောတာမို့ ရယ်စရာပြောတာဖြစ်မပေါ့၊ သူ့နှမတွေ ထိမှဖြင့် ကိုသန်း မသိပါဘူး"

"ဒီလောက်လဲ မစိုးရိမ်ပါနဲ့ခင်ရယ် ကိုသန်းအဟုတ်ချစ်ပြီ ဆိုမှဖြင့်. . ."

ဟု တစ်စုံတစ်ရာ ပြုမူလိုက်ရာ. . .

"အို. . .စကားပြောမှာ ရိုးရိုး ပြောတာ မဟုတ်ဘူး"

ဆိုခိုက် . . .

အဖြင်ဘက်မှလည်း နဂျီတုပ်သဖြင့် တဖူးဖူး တဟဲဟဲနှင့် ဖြစ်ပျက်နေရာ၊ မကြည့်ရသူက "ကောင်းပါလေရဲ့" ဟုဆိုင်းတီး ကခုန်လှောင်ပြောင်နေသဖြင့် "သေနာကောင်မ လူများနာရတဲ့ အထဲ" ဟု ဆဲဆိုဆူညံ၍ နေလေ၏။ ထိုအခိုက် ဂျမဒါက . . .

"ဗျို့ဒီမယ် အဲဒါအိမ်သာ မဟုတ်ဘူး၊ အိမ်သာ ဟိုမယ်"

ဟု အော်လိုက်သဖြင့် အခြားသူများလည်း အခန်းကလေး ဆီပြေး၍ လာကြလေ၏။

"ဟင် မေမေခင် တစ်ယောက်တည်းပါလား"

"ဟုတ်တယ် အိုက်လွန်းလို့"

ဟုဆိုပြီးလျှင် ထွက်ခဲ့လေ၏။ လူသဘောကား အာရုံစူး စိုက်ရာသာ ကြည့်ရှုလေ့ရှိသဖြင့် မျောက်လွှဲကျော်ပမာ လျှင်မြန် စွာ အခန်းငယ်အထက် အမိုးနားရှိ ထုပ်ပေါ်ဆွဲတက်ကာ အခန့် စားထိုင်နေသော ရွှေသန်းကို မြင်၍မသွားကြချေ။ ရွှေသန်းနှင့် မေမေခင် စကားပြော နေကြကြောင်းကို အပျိုကြီးနှစ်ယောက် အစစ်ခံသော်လည်း မယုံကြ၊ ပြောင်လှောင်ပြောသည် ထင်မှတ် ကာ ရထားချိန်နီးသဖြင့် အထုတ်အပိုး ပြင်ကြလေ၏။

နေပူခံ "မြင်းဖြူစီး" သွားသော လူရွယ်တစ်စုတို့လည်း မီးရထားအမှီပြေး၍ လာကြလေ၏။ "မင်းတို့ ပါးစပ်ကနံလိုက် တာ ဒို့နားမတိုးနဲ့" ဆူသူကဆူ၊ အထုပ်အပိုး သယ်သူကသယ် နှင့် ရထားဆိုက်ရပ်ဖြစ်သဖြင့် ဆူဆူညံညံ ဖြစ်၍သွားလေ၏။ ရွှေသန်းလည်း အခန်းကလေးမှ ဆင်းပြေးလာကာ ထွက်စပြုနေ သော ရထားပေါ်ခုန်တက်လိုက်ရာ၊ အပျိုများမှာ မေမေခင်နှင့်ရွှေ

သန်းကို ပြောင်လှောင်၍ နေကြလေ၏။ ရွှေသန်းမှာ ယောကျ်ား ဖြစ်၍ မျက်နှာပြောင်တိုက် ရောနှောနေနိုင်သော်လည်း မေမေခင် မှာ တကယ်ဖြစ်ပျက်နေသောကြောင့် "အို . . . ဟင်" နှင့်သာ နေရရှာလေ၏။

*  *  *

ကျွန်တော်တို့လည်း နေရင်းမြို့သို့ ရောက်ကြချေပြီ၊ ရွှေ သန်းလည်း နှမတစ်ယောက်ပြုတ်ခဲ့ပြီ ဖြစ်ချေ၏။ ရွှေသန်း၌ ခင်စန်းဟူသော နှစ်မတစ်ယောက် ရှိသေး၏။ ရွှေသန်း၏စိတ်၌ ကျန်နှမတစ်ယောက်ကို ကိုဘတင်ကြီးအား ပေးရလျှင်၊ မေမေခင် နှင့် နီးစပ်ရမည်ကို တွေးတောခဲ့ဟန် ရှိလေ၏။ ဘအောင်အား နှမတစ်ယောက်ကို ပေးခဲ့ဖူးရာ ကျန်တစ်ယောက်ကိုလည်း ရွှေ သန်းထံမှ သူငယ်ချင်းစာရေးများက အလှူခံ၍ နေကြပြန်လေ၏။

တစ်နေ့သ၌ကား ရုံးစာရေးများ စုဝိုင်းရယ်မော၍ တသော သောနေရာ စာရေးတစ်ယောက်က . . .

"ဟေ့ ရွှေသန်း မင်းနှမတစ်ယောက် ရှိသေးတယ် မဟုတ် လား"

"မထိနဲ့ဆရာ . . . ဒါက **ရီဇာ့** လုပ်ထားတာ"

"ဘယ်သူ့ဖို့လဲကွ . . . ငါ့ဖို့လား"

ဟု တစ်ယောက်တစ်လှည့်စီ မေးခွန်းထုတ်ကြရာ၊ ရွှေ သန်းမှာ ခေါင်းခါ၍ နေလေ၏။ ထိုလူသိုက်ထဲ၌ ကိုဘတင်ကြီး လည်း ပါဝင်လေရာ "ကိုဘတင်ကြီးဖို့လား" ဟု မေးသောအခါ ရွှေသန်းသည စကားပြန်မပြောချေ။

“ဟော ရွှေသန်းက သူ့နှမအကြီးကို ကိုဘတင်ကြီးနဲ့မှ သဘောတူသတဲ့”

ဟုသောလိုက်ရာ ကိုဘတင်ကြီးမှာ ပြုံးစိစိဖြစ်၍ သွားလေ၏။ ခင်စန်းကို ကိုဘတင်ကြီးမြင်ဖူးရာ ရုပ်ရည်မှာ တင်သန်းနှင့် မကွာခြားလှ လုံးကြီးပေါက်လှ ဝဖြိုးခြင်းကပင် ခင်စန်းကသာ သေး၏။ “ဟဲ့ ကောင်လေး မင်းနှမ ငါ့ကိုပေးပါလား” ဆိုရင်၊ “ခင်ဗျား နှမနဲ့ လဲမလား” ဟု ရွှေသန်းပြန်ပြောမည်ကို စိုးရိမ်သောကြောင့် စကားမစဘဲ နေခဲ့၏။

ကိုဘတင်ကြီးကား ရုပ်လည်း မညံ့လှ၊ ရိုးလည်းရိုး၏။ ထိုဘာမဟုတ်သော စကားကလေးများသည် ကိုဘတင်၏ စိတ်နှလုံးကို တုန်လှုပ်စေခဲ့၏။ ၎င်းမှာ ဘအောင်သို့ ကပ်ရန် အချက်တစ်ချက်ရှိရာ ဘအောင်မှာ ကိုဘတင်နှင့် မယားညီအစ်ကိုတော် ၍ လူဖြစ်မရှုံးဟ မရီးခင်စန်းအား တီးခေါက်ကြည့်လေ၏။ ခင်စန်းကား အသက် ၁၉ နှစ်ရွယ် ဖြစ်၏။ မိမိမတ်ပြောသော စကားများမှာ နည်းလမ်းကျသဖြင့် သဘောတူလိုရိပ်ကို ပြလေ၏။ ဖလခန့်ကြာသောအခါ လူကြီးချင်းစေ့စပ်လျက် ခင်စန်းနှင့် ကိုဘတင်ကြီးတို့၏ လက်ထပ်ပွဲတစ်ခု ကိုဘအောင်မင်္ဂလာဆောင်တုန်းကလို စီမံကြရပြန်လေ၏။ တစ်ခါမျှ မစွံသေးသော စာရေးများမှာ မိမိတို့ကချည်း မင်္ဂလာဆောင်ဟူသမျှ လက်ဖွဲ့ကူညီရသဖြင့် လက်စားချေရန် ကြိုးစား၍ နေကြလေတော့၏။

ရွှေသန်းကား တင်သန်းအိမ်ထောင်ကျပြီးနောက် ယောက်ဖ ဘအောင်၏အိမ်တွင် လိုက်၍နေလေ၏။ ဘအောင်သည် ရွှေသန်းနှင့် မေမေခင် ချစ်ကြိုက်ကြသည်ကို သိသဖြင့် ကိုဘတင်

နှင့်ခင်စန်း အကြောင်းပါသောအခါ ကိုဘတင်အိမ်သို့ပို့ရန် ကြိ ရပြန်လေ၏။ ကိုဘတင်မှာ ခင်စန်းနှင့် အကြောင်းပါသော်လည်း နှမမှာ မိဘနှင့် အတူတူနေသဖြင့် . . .

"အိုင်ဆေး ကိုဘတင် ရွှေသန်းကို ခင်ဗျားအိမ် တစ်လှဲ့ ခေါ်ထားဦးဗျာ"

ဟုပြောရာမှ၊ ရွှေသန်းသည် အထုပ်အပိုးပြင်ကာ ကိုဘ တင်ကြီး အိမ်သို့ရောက်ရှိ သွားလေတော့၏။ ရွှေသန်းကား ယောက်ဖကြီးအိမ်သို့ ရောက်ရှိသွားလေတော့၏။ ရွှေသန်းကား ယောက်ဖကြီးအိမ်၌ နံနက်မိုးလင်းလျှင် အိမ်ကလက်ဖက်ရည် အသင့်ဖျော်ထားသည်ကို သောက်ရရုံနှင့် အားမရချေ။နား လက် ဖက်ရည်ဆိုင်သို့ဂျပိုးထိုးရမှ ကျေနပ်လေ၏။ ရုံးချိန်နီးမှ အပြေး ပြန်လာကာ ထမင်းကို အမောတကော သွတ်သွင်းရင်း စက်ဘီး နှင့် ရုံးသို့သုတ်ခြေတင်လေ့ရှိလေ၏။ ညနေရုံးဆင်းလျှင် တစ် ပတ်လယ်လိုက်လေ၏။ မှောင်မှ ထမင်းစား၊ နောက်စတ်ချိန်ဘင် ဂျိုကြီး လည်ပင်းရောက်ပြီး လယ်ပတ်လိုက်သည်မှာ သန်း ခေါင်တိုင်မှ အိမ်သို့ ပြန်ရောက်လာလေတော့၏။

ကိုဘတင်သည် အစပထမ ကြည့်၍ နေသော်လည်း၊ နောက်အချိန်များ၌ "ရွှေသန်း မင်းအသက် ၂၀ က ၂ နှစ်တောင် စွန်းနေပြီကွဲ့၊ ဗဟုသုတများ ဆည်းပူး အလယ်အပတ်လျှော့ဦး မှပေါ့" ဟု ပြောကထဲက၊ ယောက်ဖကောကို နားထောင်သည့် အလား၊ အိမ်က တယ်ပြီး မထွက်ချင်တော့ချေ။ ကိုဘတင်ကား ငါ့စကားနားထောင်သော ယောက်ဖကလေးဟု အတော်ကျေနပ် ပေလိမ့်မည်။ တကယ် ရွှေသန်း၏ အကြောင်းများ သိရှိသွားပါ က ဘေးပိတ်ကန်ချင်စရာပင်တည်း။

"မင့်လခ မင်းဟာမင်စု မုန့်ဖိုးတောင် ငါ့ဆီကသုံး"

ဟု အလိုလိုက်ခဲ့ရှာသေး၏။ ကျောင်းသူတော် ရွှေသန်းကား ချက်ကောင်းကို ရှာ၍နေလေတော့၏။ ၎င်းတို့ အိမ်ကြီးတွင် အိမ်ဦးခန်း၌ ကိုဘတင်မိဘများ နေ၏။ အလယ်ခန်းတွင် နှမယောက်ဖတို့ နေကြ၏။ ရွှေသန်းမှာ အိမ်ဦး အခြားအခန်းတွင် နေရ၏။ မေမေခင်နှင့် ညီမငယ်မှာ ရွှေသန်းနှင့် နှစ်ခန်းခြားတွင် နေကြ၏။ အကူးအသန်း မလွယ်လှသဖြင့် မြင်ရုံသာမြင်ရ အရင်ကလို မဆော့နိုင် ဖြစ်ဘိ၏။ ထမင်းစားကြပြန်သောအခါ ယောကျ်ားတွေချည်း တစ်ဝိုင်းသတ်သတ် စားသောက်ပြီးမှာ မိန်းမများ သတ်သတ်စားကြရ၏။ နေသောအခါ ကိုယ့်အခန်းကိုယ် နေကြရာ တစ်ဦးနှင့်တစ်ဦး စကားမပြောကြရချေ။ ထိုသို့မပြောရခြင်းမှာ ပိတ်ပင်ထား၍မဟုတ်။ ကိုယ့်လိပ်ပြာ ကိုယ်မလုံကြသောကြောင့် ဖြစ်၏။ တစ်ခါတစ်ရံ မျက်နှာချင်းဆုံ၍ မြူမိကြ၏။ မေမေခင်က မဆော့နဲ့ လူကြီးတွေ ရိပ်မိမယ် ဟူသော ဟန်ဖြင့် ပြလေရာ၊ ရွှေသန်းကလည်း ဒီလိုသာဖြင့် စိတ်ညစ်တာနဲ့ သေရချည်ရဲ့ဟု ဆိုသည့်အလား မေးထောက်မှိုင်ပုံလုပ်၍ ပြလေ၏။ သို့ရာတွင် စိတ်မညစ်တတ် မျက်နှာမညှိုးတတ်သော ရွှေသန်းမှာ ကလက်တက်တက် ဖြစ်လျက်နေသဖြင့်၊ မေမေခင်က ပြုံးကြည့်ရင်း မျက်နှာလွှဲသွားလေ့ရှိလေ၏။

ထိုကဲ့သို့ တစ်ဦးနှင့် တစ်ဦး ခပ်တည်တည်နေကြသည်မှာ ရွှေသန်းရောက်သည်မှာ တစ်လခန့်မျှသာ ဖြစ်ရာ နောက်အကြိမ်များ၌ ခေါ်ပြော မေးထူးလုပ်ကြ၏။ ခေါ်ပြော မေးထူးထက် ပို၍ထူးခြားသော အမူအရာများကို ရှောင်နိုင်သလောက်

ရှောင်ကြရာ အထူးသဖြင့် ကိုဘတင်၏ ရှေ့တွင်သာ၍ သတိထားကြလေ၏။

တစ်ညှဉ့်ကား ရွှေသန်းသည် ကိုဘတင်၏ ဖခင်ကြီးစာအုပ်ဘီရိုထဲမှ မာန်လည်ဆရာတော်ဘုရားရေးသားသော ဇာတ်ရတုတစ်ပုဒ်ကို အငံ့နေ အသံထားနှင့် ဖတ်ရှုနေလေ၏။

“ကာလဒေသ၊ အမျှော်ထေအကဆ၍၊ ပြကြရပင်တည့်၊ လူတို့တွင်၊ အကြင်မယား၊ အခွင့်သာရုံ၊ ချစ်ပါတုံသည်၊ အာရုံအသက်ထား၍၊ သည်စကားတွင်၊ မယားဆိုသည်မှာ၊ ယောက်ျားကျိုကျို၊ ယားချိချိနှင့် ရှိသည်ထိုအခါ၌ လွန်သာယာသည် ခံသာမပြီးစေ၊ လင်ယောက်ျားတို့ အယားပျောက်အောင် ရွက်ဆောင်နေည၊ တမမသည်၊ ယားက ဖျောက်တတ်လေ၍၊ ထို့ကြောင့်ပေ၊ လူ့ပြေရေးအဟို၊ အိမ်သူသက်ထား ကြင်ဖော်များကို မယားဟူ၍ဆို၏။ သူတို့ကိုလည်း အလိုကြီးမား ယောက်ျားပေါ်မှာ တကြောသာအောင်၊ သေပါလုလုယားရှင့်၊ သည်ကြောင်းလျားကြောင့်၊ မယားခေါ်ကြဆို၊ ယားလည်းယားတတ်၊ ယားစေတတ်သည်၊ ပညတ်များထိုထိုတည့်၊ ယောက်ျားကို၊ လင်ဆိုသည်မှာကား၊ ထိုမယားတို့၊ အယားစိတ်ဝင်၊ ယားမရှင်က၊ ကြည်လင်စေသောအားဖြင့်၊ တကားကားနှင့်၊ ယောက်ျားမွေတာ၊ နေ့နေ့ညည၊ ထိုကိစ္စကို၊ လုံ့လပြုတတ်ရှာ၍၊ လင်ဟူပါသည်၊ လူ့ရွာခေါ်မှတ်ကြ၊ မယားနှင့်လင် . . .”

စာမဆုံးခင်ပင် . . .

“ဟော့. . . ရွှေသန်း ဒီလောက်အော်ဖတ်ရသလား”

ဟု အလယ်လာသော ယောက်ဖဘာအောင်က အော်ဟစ်မှ စာအုပ်ပိတ်လိုက်ရလေ၏။

“မင်းတယ်နောက်တဲ့ အကောင် ဘယ်လိုစာမျိုးလဲမသိ”

ဟု ဆက်လက်ကြိမ်းဝါးရာမှ မေမေခင်နှင့် တစ်ခွန်း နှစ်ခွန်းစ ပြောပြီးနောက် ထွက်ခွာသွားကြရာ၊ ရွှေသန်းသည် ဝတ္ထုစာအုပ်တစ်အုပ်ကို ယူ၍ ဖတ်ရှုနေပြန်လေ၏။

❖ ❖ ❖

# အခန်း (၅)

ရွှေသန်းသည် ဝတ္ထုစာအုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှုနေသည်မှာ နာရီဝက်ခန့်ကြာလေရာ၊ တစ်စုံတစ်ဦးက စာအုပ်ကို လုယူလိုက်မှ ခေါင်းထောင်ကြည့်ရှုလိုက်လေ၏။ ပြုံးချိုစွာရယ်၍နေသော မေမေခင်ကို မြင်ရရာ၊ ရွှေသန်းမှာ "အောင်မယ်လေး လန့်လိုက်တာ" ဟု မေမေခင်ကို ထ၍ဖက်လေ၏။ ဖက်ရာမှ စိုးရိမ်သော အမူအရာဖြင့် . . .

"အဘိုးကြီးကော"

ဟု တိုးတိုးမေးလေ၏။

"ဈေးနားသွားကြတယ်၊ အကိုကြီးလဲ လိုက်သွားတယ်"

"ခင် ဘာလို့မလိုက်တာလဲ"

"မလိုက်ချင်လို့ ခေါင်းမူးတယ်ဆိုပြီး နေရစ်တာ တစ်အိမ်လုံး သွားကြတာပဲ"

"ဒါဖြင့် ကိုသန်းကို ရောမ လူရိုးကြီးလို့ ထင်နေကြတာပေါ့"

ဟု မေမေခင်အား ခုတင်ပေါ် ပွေ့တင်ရာ . . .

"နေစမ်းပါဦး စကားကောင်းကောင်း ပြောစမ်းပါဦး"

ဟု အသာအယာ ရုန်း၍နေလေ၏။ ဝမ်းထဲတွင် မျိုသိပ်၍ ချစ်ရသော ၎င်းတို့၏စိတ်သည် ပိုမိုခိုင်မြဲ၍ နေဟန်ရှိလေ၏။

"ကိုသန်း ဘယ်လို စီမံမလဲ"

"ကိုဘတင်ကြီးကို ခင်ပြောပေးပါလား"

"အို ဘယ်ဖြစ်မလဲ၊ သူတစ်ယောက်ထဲ ခက်နေတာပဲ"

"ကိုသိန်းလဲ ခင်နေတာ၊ သူ့နှမ ပိုးမှန်းသိရင် စိတ်ဆိုးချင်ဆိုးနေမှာပဲ၊ မပြောဝံ့ဘူး။ ခင့်မယ်တော်ကြီး"

"မေမေကလည်း ပြောပေးချင်မှ ပြောပေးမှာ"

"အနို့ ဘယ်နဲ့လုပ်မလဲ"

"မကြံတတ်ဘူး"

ဟု မေမေခင်က ပြောရာ၊ ရွှေသန်းမှာ မေမေခင်စိုးရိမ်သလောက် မခက်ခဲဘူးဟု ယုံကြည်သည့်အတိုင်း . . .

"တွေးပြီးပူ မနေပါနဲ့ ခင်ရယ်၊ ကိုသန်းကြံပါမယ်။ လာစမ်းပါဦး၊ ခုလိုချောင်တဲ့အခါ အားရပါးရ ချစ်စမ်းပါရစေ"

ဟု မေမေခင် ကိုယ်ကလေးကို ဆွဲငင်ယူလိုက်ရာ . . .

"မရဘူးဆရာ၊ လက်ထပ်မပြီးမခြင်း ဆရာစိတ်ကို ထိန်းပါ"

ဟု ရယ်မောသလိုနှင့် ငြင်းဆန် ရုန်းကန်နေလေ၏။

"အောင်မယ် ခင်ဘယ်လိုများ တွေးမိလို့လဲ"

"သိနိုင်ပေါင် ရှင်တို့ ယောကျ်ား . . ."

"ဟဲ . . . ဟဲ . . . နားလည်သားပဲ"

ဟု ကလီကမာ လုပ်ချင်တိုင်း လုပ်၍နေရာက တကယ်ရန်ဖြစ်သကဲ့သို့ ရွှေသနးမှာ မေမေခင်၏ တွန်းထိုး ကုပ်ဖဲ့ခြင်းကို ခံရလေ၏။ သို့ရာတွင် အရွတ်အနောက်တွင် ချန်ပီယံယူခဲ့သည်အတိုင်း ပြောင်သလို နောက်သလိုနှင့် စီးစီးနင်းနင်း အနိုင်ယူလိုက်လေ၏။

ထိုအခိုက် အိမ်သားများ ပြန်လာသံကို တံခါးပေါက်ဆီမှကြားရရာ၊ မေမေခင်သည် ၎င်းအခန်းထဲသို့ ဝင်ပြေးပြီးလျှင် မီးခပ်မှိန်မှိန်တွင် အသာမှိန်းနေဟန်ဆောင်လိုက်ရာ၊ ရွှေသန်းမှာလည်း စာအုပ်တစ်အုပ်ကို စွဲမြဲကြည့်ရှုလေဟန်နှင့် ဟန်လုပ်၍နေလေ၏။ အိမ်သားများကား ၎င်းတို့အား ဂရုမထားအကဲခတ်လိုက်ချိန်မရှိ မိမိတို့ဖာသာ အမူမဲ့ အမှတ်မဲ့ နေကြလေ၏။

သမီးရည်းစားနှစ်ဦးကား ဤကဲ့သို့လူကြီးလစ်၍ အခွင့်ကြုံတိုင်း နှစ်ပါးကြည်၍ နေကြရာ၊ ကိုဘတင်ကြီးမှာ ယောက်ဖကလေး ကြီးပွားလိုသော ဆန္ဒဖြင့် မြို့တစ်မြို့ရှိ ပင်စင်ယူသွားသော ဘီလစ်စာရေးကြီးနေရာသို့ ရွှေသန်းအား ပို့ပေးရန် တိုင်ပင်လာလေ၏။ ကျွန်တော့မှာ အရေးပိုင်နှင့် စည်းဝါးကိုက်သည့်အတိုင်း "ကောင်းပြီလေ ကျွန်တော်ကြည့် စီမံလိုက်ပါမယ်" ဟု ဝန်ခံလိုက်မိပါသည်။ မကြာမီ ရွှေသန်းထိုမြို့သို့ ဘီလစ်စာရေးအဖြစ် သွားရမည်အကြောင်း အမိန့်စာတစ်စောင် ပေးလိုက်ရာ ရွှေသန်းသည် ကျွန်တော်၏အိမ်သို့ ပြေးလာပါသည်။

"အမယ်လေး သော်တာရယ် မင်းမို့ ရက်စက်တယ်၊ ငါဘယ်လောက် ဆွေးနေတယ်ဆိုတာ မင်းမသိဘူးလား"

"ဘာလဲ ရွှေသန်း ဘာလာရှုပ်တာလဲ"

"မင်းကြံချင်တယ်ဆိုရင် ငါခွင့်လွှတ်ပါတယ်"

"ဘာလဲ ငါနားမလည်ဘူးဆိုမှ"

အထက်တွင် ရေးခဲ့သော သူတို့အချစ်ဇာတ်လမ်းကို ပြန်လှန်ပြောဆိုပါသည်။

"အနို့ မင်းယောက်ဖကြီးက ကြံပေးပါဆိုတာကို"

"အိုင်ဆေး သူမသိပါဘူး မင့် ကိုယ်တို့ ရင်ကွဲတော့မယ်။ ဘယ့်နှယ်လုပ်ရမှာလဲ အမိန့်ပြန်ရုတ်ရင် မကောင်းဘူးလား"

"ဟာ . . . ဘယ်ကောင်းမလဲ၊ ဒီနေရာမှာ ဒီအကောင်နဲ့ အတော်ဆုံး ဘာဆုံးနဲ့ ငါအရေးပိုင်ကို ပြောထားတာ၊ အရေးပိုင်ကလဲ သူသွားမယ်ဆိုရင် ပို့တာပေါ့ဆိုပြီး ငါရေးပေးတဲ့အမိန့်စာကို လက်မှတ်ထိုးတာပဲ"

"မင်း ငါ့ကို တိုင်ပင်ပါဦးတော့ သော်တာရယ်"

"ငါကလဲ မင်းသွားချင်သလားလို့ကိုးကွ၊ ကိုင်းကွာ ခုတော့ သွားပါဦး၊ နောက်ကြည့်ပြီး စီမံတာပေါ့"

"ကူညီပါဦး သူငယ်ချင်းရာ ကြားကလေသွေးရင်တောင် ဝေးတယ်လို့ ထင်တဲ့အခါပါ"

ဟု အခြားရယ်စရာ စကားများပါ ရွှတ်နောက်နောက် ပြောဆိုပြီးနောက် ထွက်ခွာသွားရာ ကျွန်တော့မှာ ရယ်မောရင်း ကျန်ရစ်ပါသည်။ ရွှေသန်းမှာကား ၎င်းတို့ မခွဲခွာရေးအတွက် ဘယ်လို အကြံထုတ်မည်ကို ကြည့်ရဦးမည်။

ရွှေသန်းကား မကြာမီ မြို့တစ်မြို့သို့ ပြောင်းရမည့်အကြောင်း စာရေးများအားလုံးလိုလို သိကြလေ၏။ ထိုစာရေး

များထဲတွင် ကိုဘတင်နှမနှင့် ရွှေသန်းဖြစ်ပျက်ပုံကို ရိပ်မိသူများလည်းရှိကြရာ ရွှေသန်းအနားသို့လာ၍ ပြောင်လှောင်နေကြလေ၏။

"သွားခါနီး မောင်ကြီးရယ်တဲ့ မှာခဲ့မယ် လူပေါ်မှာ လူမထပ်စေနဲ့ကွယ် စုန်းကပ်တတ်တယ်"

ဟုတစ်ယောက်က စလိုက်ရာ...

"ဟော့...မင်းမေရိုးတဲ့ နမိတ်မရှိ နာမာမရှိ"

ဟု ရွှေသန်းက အော်လိုက်ရာ၊ အခြားတစ်ယောက်က

"သြော်...သွားရဦးတော့မယ် ခွဲရဦးတော့မယ်၊ ငါ့ရည်းစားကလေးတော့ မောင့်စိတ်ကြောင့် မနေနိုင်၊ ငွေမြိုင်တုတ်နဲ့ထိုး ဖြစ်နေရှာမှာပဲ"

ဟုနောက်ပြန်လေ၏။ ရွှေသန်းကား ခပ်လှမ်းလှမ်းစားပွဲရှိ ကိုဘတင်ကြီး ကြားသွားမည်စိုးသောကြောင့် မျက်စိမှိတ်ပြ ခေါင်းယမ်းပြနှင့် ပြုလုပ်နေရလေ၏။

ရွှေသန်းတခြား ပြောင်းရမည်ဟူသော သတင်းကို မေမေခင်လည်း ကြားသိပြီးဖြစ်လေ၏။ ဤသို့ မေမေခင် သိလိမ့်မည်ကိုလည်း ရွှေသန်းကား ခပ်လှမ်းလှမ်းစားပွဲရှိ ကိုဘတင်ကြီး ကြားသွားမည်စိုးသောကြောင့် မျက်စိမှိတ်ပြ ခေါင်းယမ်းပြနှင့် ပြုလုပ်နေရလေ၏။

ရွှေသန်းတခြား ပြောင်းရမည်ဟူသော သတင်းကို မေမေခင်လည်း ကြားသိပြီးဖြစ်လေ၏။ ဤသို့ မေမေခင် သိလိမ့်မည်ကိုလည်း ရွှေသန်းတွေးမိသဖြင့် အကယ်၍ အိမ်ပြန်ပြီး ညနေစာထမင်းစားသောအခါ အများကြီးဝင်နေမှာ စိုးသဖြင့် ညနေရုံး

ဆင်းချိန်နှင့် ၎င်းမှာကြာကြာ စိတ်မညစ်တတ်သဖြင့် ရုံးဆင်းအိမ်ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ၎င်း၏အခန်းတွင် စာကြည့်နေလေ၏။ ထမင်းစားချိန်ကျသောအခါ မျက်နှာညိုးငယ်ဟန်ဆောင်လျက် တစ်လုတ်၊ နှစ်လုတ် စားပြီး ထလေ၏။

"ဟဲ့ရွှေသန်း၊ ထမင်း ဘာလို့ မစားသလဲ"

"ကျွန်တော် မုန့်တွေစားလာလို့ ခင်ဗျ"

ဟု အမှန်အတိုင်း ပြောသော်လည်း ထိုစကားကို ကြားရသည့် မေမေခင်မှာ သူ့ခမြာ ထမင်းတောင် မစားနိုင်ရှာပါကလားဟု အတွင်းဆွေး ဆွေး၍ နေရှာလေ၏။ ရွှေသန်း၏ အမူအရာမှာ မကြာမီ ဘိန်းမှုနှင့် ထောင်ကျရတော့မည့် မျက်နှာကဲ့သို့ "ကျွန်တော်ထောင်ကျလျှင် ကျွန်တော့်သားမယားကို ကြည့်ရှုရစ်ပါဦး" ဟူသော တောင်းပန်ဟန်နှင့်လည်း တူလေ၏။ ရွှေသန်းပြောင်းရွှေ့ဖို့ အချိန်ကား ၃ ရက်ခန့်လိုသေးရာ ရွှေသန်းမှာ ပန်းခြံထဲတွင် မှိုင်နေဟန်ဆောင်လိုက်၊ မျက်နှာညိုလိုက်နှင့် ပြုမူနေရာ ပျော်တတ်သော သူ့အဖို့ လူကြီးတွေ မရိပ်မိလေအောင် ဟန်ဆောင်နေရသောလည်း အတော် နုံးချိ၍ သွားလေ၏။ တစ်ဦးနှင့်တစ်ဦး တွေ့ခွင့်မရသည်မှာလည်း သာ၍ ဆိုးရွားလျက်၊ ရည်းစားစာ မရေးဖူးဘဲ ရေးသားပေးကြရန် စိတ်ကူးမိကြလေ၏။

ရွှေသန်း ခရီးမထွက်ခင် တစ်ညဉ့်ကား ရွှေသန်းသည် ဘာပဲဖြစ်ဖြစ်ဟု မေမေခင်၏ အခန်းသို့ ည ၁၁ နာရီခန့်တွင် ကူးခဲ့၏။ မေမေခင်ကား လျှောက်လွှာ ၁၀ မျက်နှာခန့် မှာပုံတောစာများ၊ ရေမွှေးပုလင်း၊ ပန်းထိုးလက်ကိုင်ပုဝါတို့ဖြင့် စောင့်နေ၏။

မေမေခင်၏ ၁၀ နှစ်အရွယ် ညီမကလေးကား လုံကွင်းလည်ပင်းရောက်လျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေ၏။ ရွှေသန်းကား မလွမ်း၍မဟုတ်တ။ လွမ်းဆွတ်သည်ပင်။ သို့ရာတွင် လွမ်းဆွတ်ရပ်အမူအရာ မထားတတ်သောကြောင့် အကြံရကျပ်လျက်ရှိရာ အခန်းပေါက်မှ ဝင်မိသည်နှင့်တစ်ပြိုင်နက် မေမေခင်၏ ရှိုက်သံကို ကြားရလေ၏။ ရွှေသန်းခက်ချေပြီ၊ တစ်ဖက်ကငိုလျက် မိမိက မျက်ရည်မကျလျှင် မဖြစ်ဟု နောက်သို့ပြန်လှည့်ကာ နှာခေါင်းမွေး ၃ –၄ ပင်ကို ဆွဲနှုတ်လိုက်ရာ အတော်နာကျင်သွားသဖြင့် အလယ် ဟုမြည်သွားလေ၏။ ၎င်းမျက်လုံးအိမ်မှ မျက်ရည်များ ဝဲ၍ လာခဲ့ချေ၏။ နှာခေါင်းသည် ၎င်း၏အကာအကွယ် အမွေးများကို နှုတ်ရပ်ါမလားဟု ဒေါထနေသည့်အလား ပွစိပွစိဖြစ်နေရာ နှာရည်ယိုလျက် များစွာသရုပ်ပါကာ အပူသယ်ပမာ ဖြစ်၍နေလေ၏။

မေမေခင်သည် ခပ်မှိန်မှိန်မီးရောင်တွင် ရွှေသန်း၏မျက်ရည်ဝိုင်းသော မျက်နှာကို မြင်ရရာ၊ အတင်းရင်ခွင်သို့ တိုးလျက်ငိုကြွေးလေ၏။ ရွှေသန်းကား မေမေခင်၏ ကျောကို လက်နဲ့အသာယာ ပွတ်သပ်ရင်း မျက်ရည်ခြောက်သွားသဖြင့် လက်သုံးချောင်းတွင် တံတွေးကိုထွေးကာ မေမေခင် မမြင်အောင် မျက်လုံးကို ပွတ်၍ထားလိုက်လေ၏။ မေမေခင်ကား ရွှေသန်း၏ မျက်နှာကို မော့ကြည့်လိုက်ပြီးနောက် မျက်ရည်စိုနေသော ရွှေသန်းကို မြင်ရရာ ငိုချင်ရက် လက်တို့ဟူသကဲ့သို့ ငို၍ မပြီးနိုင်အောင်ပင် ဖြစ်၍ နေရှာလေ၏။

ဩော် . . . ကိုသန်း အလွန်ပျော်တတ်တဲ့ လူတောင် မျက်ရည်ထွက်ရှာသေးတာပဲ၊ အတော် ဆွေးနေရှာမှာပဲ၊ ငါ့မှာ မိဘ မောင်ဘွားနဲ့ နေရစ်ခဲ့ရမည်။ သူ့ခမြာမှာ သောင်ပြင်လွတ် တဲ့ခွေးလို တစ်ယောက်ထဲ သွားရရှာမှာပါကလားဟု တွေးတော ၍ နေဟန်ရှိလေ၏။ မေမေခင်သည် ရင်ခွင်ထဲက ငိုလိုက်၊ ရွှေ သန်း၏ မျက်နှာကို မော့ကြည့်လိုက်လုပ်နေရာ ရွှေသန်းမှာလည်း မျက်ရည်ခြောက်တိုင်း မေမေခင် မမြင်အောင် တံတွေးနှင့် သုတ် လိုက်လုပ်၍ နေရလေ၏။ နောက်တစ်ကြိမ်၌ တံတွေးသုတ်မည် ဟု လက်အပြင်လိုက် မေမေခင် မော့အကြည့်နှင့် ဆုံနေရာ၊ ၎င်း ၏လက်မှာ မျက်လုံးသို့ မရောက်ဘဲ ဟန်လုပ်၍ နှစ်ညှစ်လိုက်ရ လေ၏။

“ကိုင်းပါခင်ရယ် . . . တော်ပါတော့၊ ခင်ငိုမှဖြင့် ကိုသန်း ဘယ့်နှယ် ဖြစ်မှန်းမသိဘူး၊ ငိုချင်လာတာပဲ”

ဟုရှိုက်၍ လာလေ၏။

“ခင် ဘယ့်နှယ်လုပ် နေရစ်ရမှာလဲ ကိုသန်းရဲ့ ခင်မနေ တတ်တော့ဘူး၊ အစ်ကိုကြီး သက်သက်ခွဲတာပါပဲ”

“အို . . . သူ့ခမျာကလဲ ကြီးပွားအောင် ကြံရှာတာပါ၊ ဟိုမှာ နေသားတကျဖြစ်ရင် ကိုသန်းကြံပါမယ်”

“စာတစ်နေ့ တစ်စောင်ထည့်နော် ကိုသန်းဆီက စာမလာ ရင် မျှော်နေမှာပဲ”

ပြောဆိုပြီးလျှင် အမှာစာများနှင့် လက်ကိုင်ပဝါ၊ ရေမွှေး ပုလင်းတို့ကို ထုတ်၍ပေးလေ၏။ ရွှေသန်းသည်လည်း တာနိုင် သမျှတာ မှာနိုင်သမျှမှာကာ အချက်ပန္နက်သဲများ ရိုက်ပြီးနောက် ၎င်း၏ အခန်းသို့ ကူးခဲ့လေ၏။

နောက်တစ်နေ့၌ အထုပ်အပိုးပြင်ကာ ရွှေသန်းထွက်ခွာသွားရမည်ဖြစ်ရာ သူငယ်ချင်း စာရေးအချို့ ဘူတာသို့လိုက်ပို့ကြလေ၏။ ယောက်ဖကြီး ကိုဘတင်ကား ပစ္စည်းများကို ကရစိုက်တင်၍ လက်မှတ် **လတ်ဂေ့ဂျ်** မှစ၍ လိုလေးသေးမရှိ လုပ်ကိုင်ပေးလေ၏။ စာရေးများမှာ နောက်ပြောင်ချင်တိုင်း နောက်ပြောင်နေရာ ရွှေသန်းမှာ ကိုဘတင်ကြီးကြားသွားမှာ စိုးသောကြောင့် တံတွေးနင်သကဲ့သို့ ဖြစ်ကာ သူငယ်ချင်းများအား တောင်းပန်နေရလေ၏။ မေမေခင်ကား အိမ်ကပင် နှုတ်ဆက်လိုက်ရာ၊ ခင်စန်းမှာ မောင်ဖြစ်သူကို လိုက်ပို့ရင်း မျက်ရည်စို့ရှာ၏။

* * *

ရွှေသန်း နေရမည့်မြို့ကား နယ်ပိုင်ရုံးစိုက် မြို့ဖြစ်ရာ၊ တောနယ်က နယ်ပိုင်များမှာ ၎င်းတို့နယ်တွင် အထူးတန်ခိုးကြီးကြလေ၏။ ရွှေသန်းကဲ့သို့ ထောင့်မကျိုးသော အရေးပိုင်စာရေးများမှာ နယ်ပိုင်နှင့် သင့်တင့်ရန် များစွာခဲယဉ်းလေ၏။ ရွှေသန်းကား ၎င်းသည် အလုပ်မပြုတ်နိုင်၊ နယ်ပိုင်နှင့်မတည့်က မိမိမြို့သို့ မြန်မြန်ပြောင်းရမည်ဟု သဘောထားကာ၊ နယ်ပိုင်အား အရွဲ့တိုက်ပြောဆိုလေ့ရှိရာ နယ်ပိုင်မှာ မြို့ကလူများ၏ မျက်နှာကြောင့် အလိုလိုက်၍ နေခဲ့လေ၏။ ထို့အပြင် အကင်းပါးသော လူတစ်ယောက်လည်းဖြစ်သဖြင့် ရွှေသန်းအား ချော့မော့၍ ဆွဲငင်ရာ ရွှေသန်းမှာ နယ်ပိုင်အား အားနာလျက် အလုပ်ကို ကျိုးနွံစွာလုပ်ကိုင်လေ၏။ နေ့ကို ရက်စားလျက် ၃ ရက်အားမျှ ကြာရှိခဲ့သော် ရွှေသန်းမှာ သေမင်းပြည် ရောက်နေသကဲ့သို့ မေမေခင်အား အလွမ်းကြီးလွမ်း၍ နေလေတော့၏။

ဘအောင်ကား စာတစ်အိတ်ကို ရေနွေးငွေ့ဖြင့် ခွာလျက် စာတစ်စောင်ကို ဖတ်ရှုနေလေ၏။ ထိုစာကား ရွှေသန်းဆီမှ မေမေခင်သို့ ပေးရန် ဘအောင်ထံမှတစ်ဆင့် စာတိုက်ကထည့်လိုက်ခြင်းဖြစ်လေ၏။

*လွမ်းလှပြီ ခင်ရေ. . .၃ ရက်ကို ၃ နှစ်ထင်ခဲ့ပြီ၊ လွမ်းတယ်ဆိုတာ အခု နားလည်ပြီ။ ဟိုတုန်းက ခင်နဲ့ သန်းဘာလုပ်ခဲ့ကြတာ ပြန်တွေးတွေး နေမိတာကိုး။ မိုးရွာရေကြီးတော့ ဖားတွေက အော်တာလဲ ခင့်ကို သတိရအောင် လုပ်သလို ထင်မိတယ်။ တောတက်သွားတော့ ပုဇဉ်းကောင်တွေမြည်တာလဲ ခင့်ကို အမှတ်ရတော့တယ်။ ဒီလိုသာ လွမ်းနေရင် မောင်တာရှည်မနေနိုင်ဘူး။ ဟို ရှေးရှေးတုန်းက ဘယ်မင်းသားဆိုလား၊ လွမ်းနာကျသေတယ်ဆိုတာ ဟုတ်မှာပဲ၊ ဘယ်မင်းသမီးကလေးဆိုလား၊ သူ့ချစ်သူ စိမ်းသွားသတဲ့၊ အဲသလို မင်းသမီးကလေးလို မလုပ်လိုက်ပါနဲ့ ခင်ရဲ့။ ခင်နဲ့ သန်းဟာ သာမညမေတ္တာမဟုတ်။ ယောက်ဖ ဘအောင်၊ ယောက်ဖကြီး ကိုဘတင်ကြီးတို့နဲ့ ပတ်သက်ပြီး ချစ်ရတာမို့ တစ်သက်မှာ ပစ်ပယ်လို့ မကောင်းတော့ပါဘူး၊ ခင်ပေးလိုက်တဲ့ ရေမွှေးပုလင်းလဲ ခင့်ကိုလွမ်းတိုင်း လက်ကိုင်ပဝါဆွတ်လို့ ၃ ပုံ ၁ ပုံလောက် ကုန်သွားပါပြီ၊ ခင့်လက်ကိုင်ပါ၊ တွေလည်း နှပ်ချေးတွေ ပေကုန်ပါပြီ။ အဲဒါပဲ စဉ်းစားပါတော့၊ လွမ်းတယ် ခင်ရေ. . .*

*စာပြန်ဦး အချစ်သန်း။*

ဘအောင်သည် တစ်ယောက်တည်း ပြုံးရာမှ အသံထွက် ရယ်မောမိရာ အခြားစာရေးများလည်း ဘအောင်၏အမူအရာကို မြင်သဖြင့် ဘအောင်၏ လက်ထဲကစာကို လုကြလေ၏။ ဘအောင်မှာ လက်ထဲက စာရွက်ကျေမွမည်ကို စိုးသောကြောင့်

"ကိုင်းမောင်တို့ ကြည့်ကြတော့"

ဟု အသာတကြည် ပေးလိုက်ရာ စာရေးတစ်စုမှာ ရယ်မော၍ နေကြလေသည်။ ဘအောင်ကား သူများဖတ်၍ အားရသောအခါ စာကို နေသားတကျပြန်ပိတ်လျက် ရုံးဆင်းချိန်တွင် ဘာမျှမိသလေဟန် မေမေခင်အား သွားရောက်ပေးခဲ့လေ၏။ မေမေခင်ကား စာကလေးကို တော်တော်နှင့်မဖတ်သေးဘဲ ဘာတွေရေးမလဲဟု တွေးတောပြီးမှ ဖွင့်ဖောက်ဖတ်ရှုရာ ရွှေသန်းလွမ်းဆွတ်ပုံကို ကျေနပ်၍ သွားဟန်ရှိလေ၏။ မိမိပေးလိုက်သော ပစ္စည်းကလေးများကို အရေးတယူသုံးစွဲသဖြင့် ဝမ်းမြောက်လျက် နောက်နောက်က ရွှေသန်းနှင့် ပျော်မြူးရွှင်ပျစွာ နေထိုင်ရပုံကို ပီတိဖြစ်၍ နေရှာလေ၏။

ရွှေသန်းကား အခြားပူပင်စရာမရှိ။ ထင်မိထည်ရာ ပြုမူတတ်သည့်အတိုင်း တောမြို့တွင်ရောက်၍ ၁၀ ရက်ခန့်အကြာတွင် ရွှေသန်းနေမကောင်း၍ ခွင့်ယူရသော သတင်းကို ကြားရလေ၏။ ယောက်ဖကလေးအတွက် တောမြို့သို့ လိုက်ပါသွားရရာ မျက်တွင်းတွေကျလျက် ခါးချိနေသော ရွှေသန်းကိုတွေ့ရလေ၏။ ရွှေသန်းမှာ သင်္ဘောဆားခါးနှင့် ကနခိုစေ့များကို ဝမ်းသွားအောင် သောက်မျိုထားသောကြောင့် ဤကဲ့သို့ နုံးချိခြင်းဖြစ်လေ၏။ ယောက်ဖကလေးအား မိမိအိမ်သို့ပြန်ခေါ်ခဲ့ပြီးလျှင် ဆေးကု

နေရရှာ၊ ရွှေသန်း၏နှမ မခင်စန်းနှင့် မေမေခင်တို့မှာ ရမန်းရေ များ ကျိုး၍တိုက်ကြရလေ၏။ တစ်ခါတရံ ခင်စန်း အလစ်တွင် မေမေခင်သည် လူမမာ၏ အနားသို့ လာ၍. . .

"ကိုသန်း . . .ဘယ့်နှယ် နေသေးသလဲ၊ ဘာစားမလဲ ခင်ဝယ်ပေးမယ်လေ"

ဟု နဖူးကို စမ်းကာ မေးမြန်းယုယလေ့ ရှိလေ၏။ ရွှေသန်းကား မေမေခင်အား လွမ်းနာကျ၍ ဤသို့ဖြစ်ရလေဟန်နှင့် များစွာ ချွဲ၍နေလေ၏။ တစ်ခါတရံ ချောင်းဆိုသည်ကို ရင်ဝဖိပေးသောကြောင့် စည်းစိမ်တစ်မျိုးဟု ထင်မှတ်ကာ ချောင်းဆိုးခြင်းကို ကျေးဇူးတင်၍ နေလေ၏။ ရွှေသန်းမှာ တကယ်မမာခြင်း မဟုတ်။ ဟန်လုပ်မမာခြင်း ဖြစ်ရာ၊ ၎င်း၏ဝမ်းများမှာ ရမန်းရေးနှင့် အားမရ လူကြီးတွေရှေ့ အားရပါးရ စားရမည်ကလည်း အခက်၊ တစ်ခြားထွက်ဝယ်စားရမှာကလည်း လူမမာနှင့် မတူသောကြောင့် စားချင်ရက်နှင့် အငတ်ခံ၍ နေရလေ၏။ ဝမ်းထဲ တကြုတ်ကြုတ်နှင့် မြည်သောအခါ ခါးကို လိမ်၍ နေရလေ၏။

တစ်ချိန်၌ကား မေမေခင်သည် လူမမာအခန်းထဲသို့ ရောက်လာရာ ခုတင်ပေါ်တွင် လူမမာကို မမြင်တော့သဖြင့် ထိတ်ကနဲ ဖြစ်၍ သွားရှာလေ၏။ ဟိုဟို သည်သည် ကြည့်ရှုသောအခါ အစားအစာ ထားသော ဘီရိုကြီးဘေးတွင် ကုန်းကုန်းကြီး ဘီစကွတ်မုန့်တွေ ဟပ်နေသော ရွှေသန်းကို မြင်ရလေ၏။ မေမေခင်သည် အပြေးကလေးသွားလျက် ရယ်မောရင်း . . .

"ဒါ လူမမာလား၊ ကြည့်စမ်း မုန့်သေတ္တာ တစ်ဝက်ကျိုးတော့မယ်"

"လူများလာပြီး အပြစ်တင်နေပြန်ပြီ ဘယ်သူ့ကြောင့် ဒီလို ဖြစ်ရတာလဲ၊ ဒီမှာဖြင့် ကြုံလိုက်ရတာ ဒီလိုသာ ဝမ်းနုတ်ဆေးတွေမစားရင် ဘယ်တော့မှ နီးမှာ မဟုတ်ဘူး"

ဟု ကြုံစည်ခဲ့ပုံကို ပြောပြရာ မေမေခင်မှာ ရယ်၍နေရလေ၏။

ထိုအခိုက် အပြင်မှ . . .

"သက်သာပါပြီ ရမန်းလဲ တစ်ပန်းကန် ကောင်းကောင်းကုန်ပါပြီ"

ဟု လူမမာလာမေးသူနှင့် ကိုဘတင်ကြီးတို့ ပြောသံကို ကြားရသဖြင့် ရွှေသန်းသည် အိုလံပိတ်ပွဲတွင် ကမ္ဘာ့စံချိန်ချိုးသောသူထက် အပြေးမြန်ကာ အိပ်ရာပေါ်တွင် လှဲ၍နေလေ၏။ မေမေခင်လည်း လူမမာ၏ ဆေးခွက်များ ထွေးခံများကို သိမ်းဆည်းဟန်လုပ်ကာ အပြင်သို့ ထွက်ခွာသွားလေ၏။

"ဘယ်နှယ်လဲဟေ့ မောင်ရွှေသန်း သက်သာပလား"

"ဟုတ်ကဲ့ သက်သာပါပြီ"

ဟုပြောရင်း နုတ်ခမ်းကို သပ်လိုက်ရာ ဘီစကွတ်မုန့်များ နုတ်ခမ်းတွင်ပေနေကြောင်း သိသဖြင့် ပါးစပ်ယား၍ ပြုမူသကဲ့သို့ နုတ်ခမ်းနားသို့ စောင်စနှင့်ဆွဲ၍ သုတ်လိုက်လေ၏။

ရွှေသန်းကား ညနည်းအတိုင်း တောမြို့သို့ မပြန်ချင်သေးဘဲ လူမမာအဖြစ်နှင့် မေမေခင် အပြုအစုကိုခံကာ နေလိုသောကြောင့် ရမန်းရေကို ဝအောင် မသောက်ဘဲ ဘီစကွတ်မုန့်နှင့် တိတ်တိတ်ပုန်း မေမေခင်ဝယ်ပေးသော မုန့်များဖြင့် တင်းတိမ်၍နေတော့လေ၏။ ၁၅ ရက်ရှိသော်လည်း အိပ်ရာက မထနိုင်ဖြစ်

နေသေးရာ လူရုပ်မှာ ပိုမိုဝဖြိုးလာသဖြင့် ရိုးသားသော ကိုဘတင်၏ မိဘများမှာ လေဖျန်းပြီး ယောင်နေတာဟု ပြောကြ၏။ ငနဲနှင့် ငနဲမတို့ကား လူလစ်တိုင်း လူလစ်တိုင်း လူမမာပြုသလိုနှင့် နှစ်ပါးကြည်၍ နေလေ့ရှိကြ၏။ တစ်နေ့ကား ရွှေသန်းသည် မေမေခင်ပေးလာသော စမူဆာများကို အားပါးတရ စားပြီးနောက် ခုတင်တွင် ထိုင်ကာ မေမေခင်အား ပွေ့ဖက်ထားလေ၏။ သူနှင့် စောင်ရောခြုံရန် ပူးတွဲခြုံပေးရာ မေမေခင်က "နောက်လိုက်တာ" ဟု စောင်ကို ပုတ်ချလိုက်လေ၏။ ရွှေသန်းသည် မေမေခင်၏ ခါးကလေးကို ဖက်လျက် ညချင်တိုင်းညနေလေရာ နောက်က ခြေသံကြားသဖြင့် လှည့်ကြည့်မိသည်နှင့် တစ်ပြိုင်နက် ကြက်သေ,သေ၍ နေကြလေ၏။ အကြောင်းမူကား ကိုဘတင်ကြီးနှင့် တွေ့ဆုံနေသောကြောင့်တည်း။ ကိုဘတင်ကြီးက "ဒီကောင် သက်သာပါပြီ" ဟု စကားဖာကာ မခြင်ဟန်ဆောင်လျက် ထွက်ခွာသွားလေ၏။

တစ်လခန့်ကြာသောအခါ ကိုဘတင်ကြီး၏ အိမ်မှာပင် ရွှေသန်းနှင့် မေမေခင်တို့ လက်ထပ်ပွဲကို ကျင်းပရာ၊ ကျွန်တော်တို့ လူပျိုစာရေးတစ်သိုက်မှာ သတို့သမီးယောက်ဖတစ်စုအထဲသို့ သုံးကြိမ်ကြိမ်တိုင်တိုင် လက်ဖွဲ့ကူညီကြရသည်ကို ယနေ့တိုင် သတိရလျက် ရှိပါကြောင်း . . .။

❖ ❖ ❖

# အခန်း (၆)

ကျွန်တော်တို့ခေတ် စာရေးများ အိမ်ထောင်ရေးလွယ်ကူသလောက် ဒိစတြိတ်ကောင်စီများ ငွေယူငွေစားလွယ်ကြပုံကို ပြန်လှန်ရေးသားလိုပါသည်။ ဒိစကြိတ်ကောင်စီမှ အစည်းအဝေးဆုံးဖြတ်ချက်များမှာ အရေးပိုင်ရုံမှ ခရိုင်မင်းကြီးရုံးသို့ တင်ပို့ရပါသည်။ ကျွန်တော် စာရေးလုပ်ရသော ဘဝတွင် အမြင်ကပ်စရာလည်းကောင်း တရားကျစရာလည်းကောင်း ရယ်စရာလည်းကောင်းသော ဒိစတြိတ်ကောင်စီလူကြီးများကို တွေ့ခဲ့ရရာ၊ ၎င်းတို့ ပြောပုံဆိုပုံ ဆောင်ရွက်ကြပုံမှာ ကလေးကစားသည်နှင့် များစွာ တူပါကြောင်း၊ ကျွန်တော်တို့စာရေးများနှင့်တကွ အချို့ပုဂ္ဂိုလ်များက ဒုစရိုက်ကောင်စီ ဟုအမည်ပေး၍ ပြောင်လှောင်ခေါ်ကြပါသည်။

ထိုနေ့ကား ဒုစရိုက်ကောင်စီ စည်းဝေးရမည့် နေ့ထူးနေ့မြတ်ပေတည်း။ တောနယ်က တင်မြှောက်လိုက်သော လူကြီးလူခေါင်းများ သတင်းစာများတွင် ငြင်းခုံလျက်ရှိသော ဝါဆိုဝါကပ်

နေ့များထက် အရေးကြီး၍ နေကြပေ၏။ စက်ကတ်ကျေးခေါ် စက္ကရီတေရီကား အင်္ဂလိပ် ၄–၅ တန်းတက်ရုံ၊ ကောင်စီလူကြီး များ တစ်မဲ ၁၀၊ ချယ်ယာမင်သို့ ငွေ ၅၀ စသည်ဖြင့် ပေးကမ်း ကပ်ရပ် လုပ်ကိုင်ကြသော စာရေးတစ်စုနှင့် ပြာရာခတ်၍ နေကြ လေ၏။ အချိန်ကား ၁၁ နာရီခန့်တည်း။ စက်ကတ်ကျေးသည် အစည်းအဝေးဖိုင်တွဲ မှတ်စုတင်ရန်စားမျှားကို အရံသင့် ထားရ ၏။

မင်းဖားတယ် ငါဖားတယ် ဟူသော မင်းဘားလူကြီးများ ကား မရောက်ကြသေး။ အတန်ကြာသော် ခြေတစ်ဘက်မသန် သော ကုလားအဘိုးကြီးမောင်းသည့် မြင်းပိန်ကျော် ထော့ကျိုး နှင့် မြင်းရထားတစ်စီး ကောင်စီရုံးဝင်းမြေသို့ ခြေတော်တင်မိလေ ၏။ မြင်းရထားထဲမှ တစ်တောင်ခန့်ရှည်သော ပါဝါစကိုချ၍ သက္ကလပ်အင်္ကျီရင်ဖုံး၊ ပိုးပုဆိုးတောင်ရှည် ဝတ်ဆင်ထားသော လူတစ်ယောက် ဆင်း၍လာလေ၏။ ထိုသူလည်း မြင်းကျိုး ခြေ မသန်သော ကုလားနှင့် ဂုဏ်ပြိုင်များလုပ်သလို ထော့နဲ့ ထော့နဲ့ နှင့် လမ်းလျှောက်ရင်း ရုံးပေါက်အနီးသို့ ကပ်မိလေ၏။ ပုဆိုး တောင်ရှည်နှင့် လူကား မီးရထားကြိတ်မိ၍ ခြေကျိုးနေသူ မဟုတ်။ မိဘမွေးစဉ်က အကောင်းပကတိပင်တည်း။ ရှူးဘိနပ် အသစ်စီးထားသဖြင့် ထန်းလွှာသဲကြိုးတပ် စီးနေကျ လွတ်လပ် ခဲ့သော ခြေထောက်များမှာ လှုပနုနယ် ရှုစဖွယ်သော ရှူးဘိနပ် နှင့် အံ့မကိုက်ဘဲ ရန်ခိုက်ဒေါသဖြစ်ကာ သားရေများက ကိုက် ဝါးဖိနှိပ်သောကြောင့် နာကျင်လွန်းသဖြင့် အကျိုးပမာတွေ့ရခြင်း ဖြစ်လေ၏။ နေမင်းကား အပူရှိန် ဒီဂရီ ၁၀၀ ကျော်အောင် တက်

၍နေသော်လည်း ကောင်စီလူကြီးပီပီ ဟန်ဂိုက်ထုတ်ခဲ့ခြင်းလည်း ဖြစ်လေ၏။ စက်ကတ်ကျေးနှင့် စာရေးများ ကြိတ်၍ရယ်မောရာက မင်းဘားလူကြီးအနီးသို့ ရောက်လျှင ဘရိတ်အုပ်လိုက်သည့် အလား အားလုံး အိန္ဒြေသမားချင်း ဖြစ်ကြကုန်၏။

နှုတ်သွက်သော စာရေးတစ်ယောက်က ပြုံးချိုသောမျက်နှာဖြင့် . . .

"ဦးမင်း ရောက်လာမင့်ကိုး"

"ဟုတ်ကဲ့မောင် နောက်ကျမှာစိုးလို့ စောစောလာရတာဘဲ၊ ချယ်ယာမင်ကြီး မရောက်သေးဘူးလား"

"မရောက်သေးဘူး မြို့ပေါ်တော့ ရောက်နေပါပြီ"

(ချယ်ယာမင်မှာ တောမြို့ကလေးတစ်မြို့က ပုဂ္ဂိုလ်ကျော်တစ်ဦး ဖြစ်၏။)

"ဩော် . . . ရောက်နေမင့်ကိုး၊ ဒါထက် ဝန်ထောက်မင်းအစည်းအဝေးပြီးရင် ကျွန်တော့်ခရီးစရိတ် မြန်မြန်ရအောင် စီစဉ်ထားပါဦးနော်၊ မီးရထားနဲ့လာတာရယ် ကားနဲ့လာတာရယ် ဘယ်သင်းကို စာရင်းလုပ်ရင် ဇယားပိုစိသလဲ"

စက္ကရီတေရီသည် ပြုံးလျက် . . .

"ကားက ပိုပြီး ဇယားစိတာပေါ့ ဦးရဲ့"

"ဒါဖြင့် ကားနဲ့ပဲ အလာစာရင်း ပြပါနော်၊ နေ့တွက်ကိုက်အောင် မနေ့က အလာထားတာပေါ့။ ဦးမှာတော့ ရာထူးမရလို့ ခရီးစရိတ်ဘဲ အားထားရတယ်၊ ဘာဖြစ်သလဲလေ မင်းတိုင်ပင်အမတ်တွေတောင် တတိယတန်းစီးပြီး ပထမတန်းနှစ်ဆ ခရီးစရိတ် လိမ်ထုတ်နေကြသေးတာပဲ ဟဲဟဲ"

ဟု မိမိ၏ အတွင်းစိတ် ညစ်ပတ်မှုတို့ကို ရယ်မောခြင်းဖြင့် ဖြေဖျောက်လိုက်လေ၏။

ထိုအတွင်း ရွှေကိုင်းမျက်မှန်၊ ပိုးအင်္ကျီ၊ ပိုးပုဆိုး၊ ပိန်းတန်းကတ္တီပါဖိနပ်နှင့် အသက် ၃၀ ကျော်ခန့် မင်းဘားလူကြီးတစ်ယောက် ဆိုက်ရောက်လာပြန်လေ၏။ ထိုလူကား အလျင်လူထက် လည်ပတ်ပုံရ၏။ စက်ကတ်ကျေး၏ ဘေးက ကုလားထိုင်တစ်လုံးကို ဆွဲတဲ့၍ထိုင်ပြီးလျှင် ၎င်း၏ အင်္ကျီအိတ်ထဲမှ စာရွက်များကို ထုတ်၍ ကြည့်နေ၏။

"ဘယ့်နှယ် ဦးစန္ဒာ အာဂျင်ဒါကို ခုမှ ကြည့်သလားဗျ"

ဟု စက်ကပ်ကျေးက မေးသော်လည်း အဖြေမပေးနိုင်သေး။ စာလုံးများကို မျက်စေ့ ဒေါင်ချာစိုင်းအောင် ကြည့်ရှုနေလေ၏။ မျက်မှန်ကား ဆေးမျက်မှန် ပါဝါနှင့်ဖြစ်ရာ ဦးစန္ဒာမှာ မျက်မှန်အတွင်းက မျက်လုံးများဖြင့် စာကြည့်ရာ ဆီးနှင်းထူထပ်သောနေရာ၌ လမ်းလျှောက်ရသကဲ့သို့ ဖြစ်၍နေပေ၏။ မျက်မှန်ကြောင့် စာလုံးများကလည်း ဦးစန္ဒာအား မဲ့လိုက်ရွဲ့လိုက်၊ ရှည်လမျောကြီးဖြစ်လိုက်နှင့် အထွေထွေ မှောင့်ပူး၍ နေချေ၏။ ဦးစန္ဒာ၏ မျက်လုံးများမှာ စုံဖြဲလိုက် ပြန်ကျဉ်းလိုက်နှင့် ပြူးမူနေရာ၊ ပါးစပ်နှုတ်ခမ်းများပါ အကြောလိုက်၍ နေလေ၏။ အတန်ကြာသော မျက်မှန်ကို နဖူးသို့မတင်ပြီး စာများကို ဖတ်ရှုမှ မိမွေးတိုင်းဖမွေးတိုင်း မြင်ရကာ၊ စာလုံးများမှာ ကျွန်တော်မျိုးများ မည်သူပါဟု အစစ်ခံသကဲ့သို့ ပေါ်လွင်၍ လာပေ၏။

ဘေးကလူများကား ဦးစန္ဒာ မျက်စိမမှုန်ဘဲ မျက်မှန်တပ်ထားခြင်းကို ရယ်မောချင်သော်လည်း မရယ်ဝံ့ကြ။ **မင်းဘား**

တစ်ယောက်ကို ရယ်မိ ပြောင်လှောင်မိလျှင် ကိစ္စများမည်ကို သိပြီးဖြစ်ကြ၏။ မင်းဘားများကား တစ်ယောက်ပြီး တစ်ယောက် တိုးတက်လာကြ၏။

အသက် ၅၀ ခန့် ချည်ပုဆိုး၊ ပင်နီရင်ဖုံး၊ ဂျီးရှစ်သစ်၊ ဘုံဘိုင်ရေ သားရေဖိနပ်နှင့် မော်တော်ကားမပါ၊ မြင်းရထားမစီး၊ လှည်းကြမ်းကြီးပေါ်က မီးတစ်ခြမ်းသာ လောင်ကျွမ်းသော ပြောင်ဖူးဖက် ဆေးလိပ်ကြီးကို တဖွားဖွားရှူဖွာလျက် ထွက်ခါနီး မီးသင်္ဘောအခိုး လွှတ်သည့်ပမာ ကောင်စီရုံးဝင်း အတွင်းသို့ ရောက်ရှိလာလေ၏။ ခေတ်အဘိုးကြီး ဖြစ်သည့်အတိုင်း လှည်းပေါ်ကခုန်ဆင်းလိုက်ရာ ပုဆိုးနှင့် လှည်းရုံတိုင်ညှိသဖြင့် ဘောင်းဘီခံဝတ်လေ မရှိသော အဘိုးကြီးမှာ ၅ စက္ကန့်မျှ ဝတ်လစ်စလစ် ဖြစ်ပြီးလျှင် ကဗျာကရာ ပုဆိုးစ ဆွဲဖြုတ်ပြင်ဝတ်ကာ ကွမ်းသွားများကို ဖွာကနဲ ထွေးထုတ်ရင်း "ဟေ့ မြောက်ဘက်သစ်ပင်ရိပ်မှာ လှည်းချွတ်၊ မီးတိုနဲ့ စာဥကို ဝအောင်ကျွေး" ဟုလှည်းဒရိုင်ဘာအား အမိန့်ပေးလေ၏။

ထို့နောက် ပုဆိုးစကို လက်တစ်ဘက်ဆွဲလျက် မင်းဘားတယ်လူကြီး ဂိုက်ပါပါ ရုံးပေါက်သို့ ရောက်ရှိလာလေ၏။ အပေါ်ဝတ်အင်္ကျီအတွင်းက စွယ်ကျယ်ခံဝတ်လေ့မရှိသဖြင့် ရင်ပတ်တစ်ခြမ်းပေါ်လျက်၊ ကြောင်ရပ်၊ ဘီလူးရပ် ဆေးနီများနှင့် ဂျီးကြောင်းများမှာ အဘိုးကြီး၏ ဇာတိရုပ်ကို ဖော်၍နေလေ၏။ နေပူရှိန်တွင် ပိတ်ထီးများကို ဆောင်းထားလာသဖြင့် ချွေးများစို့လာကာ ပင်မင်းခပ်ညှံ့ညှံ့က ဆိုးပေးသော ပဝါ၏ ဆေးစက်များသည် ချစ်တီးကုလားပမာ နဖူးတွင် ထင်၍နေလေ၏။ စက်ကတ်ကျေးက –

"ဘယ်နှယ် ဦးကြီး နောက်ကျလှပါကား"

"နောက်ကျဆို မြေးများက သူတို့လိုချင်တာတွေ စုံအောင် မှာလိုက်တာနဲ့ ကော်စေး အစည်းအဝေးပြီးရင်လဲ အချိန်ရမှာ မဟုတ်လို့ ဈေးနားဝင်ပြီး ဝယ်ခဲ့တာနဲ့၊ ဩော် . . . ဒါထက် ဝန်ထောက်မင်း ကျွန်တော်မျိုးဆီပေးထားတဲ့ အဒင်ဂျာ မပါလာ တော့ဘူး"

"ကျွန်တော်မျိုးတွေ ဘာတွေလုပ်မနေပါနဲ့ ဦးကြီးရယ်၊ စက္ကရီတေရီဆိုတာ ဦးကြီးတို့ခိုင်းတာလုပ်ရတဲ့ ရုံးကျွန်ကြီးပါ။ ဦးကြီးမေ့ခဲ့တာ အဒင်ဂျာမဟုတ်ပါဘူး။ **အာဂျင်ဒါ**ပါ ရုံးကလက်ခံ **ကော်ပီ**တွေ ယူတာပေါ့"

"ဟာ . . . အားနာစရာကြီး **ကော်ပီ** တွေမလုပ်ပါနဲ့၊ မသောက်ချင်ပါဘူး"

စက္ကရီတေရီလည်း ကော်ပီကို သောက်ရသော ကော်ဖီဟု အဘိုးကြီး အထင်လွဲနေသည်ကို အရုက်ပြေစေခြင်းငှာ . . .

"ဒါဖြင့် ကော်ဖီမသောက်ချင်ရင် လင်မနစ်"

"အို . . . မကြားဘူးတဲ့ အစာတွေ မစားပါရစေနဲ့"

ထိုအတွင်းတွင် ဟွန်းသံကျယ်လောင်စွာနှင့် ကားတစ်စင်း သည် ကောင်စီရုံးဆီသို့ ဦးတည်လျက် အပြေးလာလေ၏။ ကား အတွင်းက စိမ်း၊ နီ၊ ဝါရောင် စသော ပဝါများသည် ပင်လယ် တွင် ရွက်ခိုးတိုက်သကဲ့သို့ တလူလူ တလွင့်လွင့်နှင့် ကားနောက် သို့ ပြန်၍ နေကြလေ၏။ ကားရပ်မိသည်နှင့် တစ်ပြိုင်နက်၊ ကား ပေါ်က လူကြီး ၄ ယောက်ဆင်း၍လာကြရာ ရုံးအမှုထမ်းစာရေး များ နားရွက်မလှုပ်ဝံ့ကြ။ ချယ်ယာမင်ခေါ် ကုလားထိုင်မင်း ဦး

ဘစန်း ကြွရောက်လာသောကြောင့်ပင်တည်း။ ဦးဘစန်းသည် ပါလာသော အခြားသူများနှင့်အတူ အင်္ဂလိပ်လိုကို လက်ချိုးရေတွက်ရင်း ဝင်ခဲ့ကြလေ၏။ ဂျင်နဝါရီ၊ ဖက်ဗြူဝယ်ရီလ်၊ မာချ်၊ အက်ပရီလ်၊ ဂျွန်၊ ဇူလိုင်၊ အော်ဂုတ် (စာရေးများ သူမမြင်အောင်ကြိတ်၍ ပြုံးကြ၏) ဦးဘစန်းကား ရယ်ကြသည်ကို ကရုမစိုက်။

"အော်ဂုတ်လဆိုတော့ နောက်တစ်ပတ် အစည်းအဝေး လုပ်နိုင်ပါတယ်။ သည်တစ်ပတ်တော့ ဆိုင်းဦးလဗျာ"

ဟု ချယ်ယာမင်သီတင်းသုံးရာ စပယ်ရှယ်အခန်းသို့ ဝင်ရောက်သွားလေ၏။ ၎င်း၏ အခန်း၌ ကုလားထိုင်ပေါ်တွင် ထိုင်ကာ ခြေများမှာ စားပွဲပေါ်သို့ တင်ထားလျက် အင်္ဂလိပ်–မြန်မာ သတင်းစာများသည် ခြေထောက်ကို ဦးခိုက်လျက်ရှိကြ၏။ ခြေတွင် အလှဆင်ထားသော ၃၅ ကျပ်တန် ဆက်ကဇုန်း ရှူးဖိနပ်မှာ ချယ်ယာမင်၏ မျက်နှာထက် ပိုမိုသားနားလေ၏။

ကိုရွှေတင်ကို **ရွှေတင်** ဟုဝိစ္စသံ(ဝါ) ၂ ဆင့်သံနှင့် စက္ကရီတေရီအားခေါ်လိုက်ရာ ကိုရွှေတင် အပြေးလာရပ်လေ၏။

"ကိုင်း တင်စရာ စာများတင် ၁၁ နာရီခွဲပြီ၊ ၁၂ နာရီ အစည်းအဝေး ချိန်းထားတယ် မဟုတ်လား"

"ဒီတစ်ပတ် ဒီ–စီ ကိုယ်တိုင် တက်မတဲ့ဗျာ"

"ဘာ ဒီ–စီ ခွေးစကားမပြောပါနဲ့ အရေးပိုင်ဆို ပြီးရောပေါ့၊ အရေးပိုင်မကလို့ ကော်မရှင်နာတက် ဂရုမစိုက်ပါဘူး၊ ဒီပြင် ဘယ်သူများ ရောက်နေကြပြီလဲ"

"တစ်ချို့ရောက်နေကြပါပြီ"

ထိုကဲ့သို့ ပြောနေကြစဉ်ပင် မင်းဘားလူကြီး တစ်ဦးပြီး တစ်ဦးရောက်ရှိလာကြရာ လူစုံသလောက်ဖြစ်၍ နေလေ၏။ မင်းဘားများကား ကောင်စီရုံးအတွင်းတွင် ထဲဝင် ပြင်ထွက်နှင့် ရှုပ်ရှက်ခတ် ဖြစ်၍နေကြလေ၏။ အချို့မင်းဘာများမှာ မိမိတို့ တိုက်နယ်နှင့် ဆိုင်သော သားသတ်ရုံ ဈေးခေါင်း၊ လမ်းကန်ထရိုက်၊ တိရိစ္ဆာန်ထောင်မှူးများအတွက် စာရေးများနှင့် အလုပ်လုပ်၍ နေကြလေ၏။

အချို့ မင်းဘားများမှာ မြန်မာကျောင်းဆရာ အဖြစ်မှ ရောက်လာကြခြင်း ဖြစ်သဖြင့် လခထုတ်ရေး၊ အတိုးတွက်ရလိုမှု၊ လက်ထောက်ဆရာကိစ္စ၊ ကျောင်းပစ္စည်းဖြင့် ပညာရေးအဖွဲ့စရေးများနှင့် ခေါင်းချင်းရိုက်၍ နေကြလေ၏။

ထိုအကြိမ်ကား မြန်မာပြည်တွင် ဒိစတြိတ်ကောင်စီ ၂ ပတ်မျှရှေးပြီးသော အကြိမ်ဖြစ်သတည်း။ မင်းဘားများမှာ အချို့ လူဟောင်း အချို့လူသစ်များဖြစ်ကြရာ ကောင်စီရေဝသော လူဟောင်းများ၏ အရိပ်အခြေကို လူသစ်များက ကြည့်ရှုလုပ်ကိုင်ကြရလေ၏။

ဦးဘစန်းကားမြန်မာစာ ၄ တန်းခွဲမျှတတ်၏။ အကြောင်းမူကား ၅ တန်းတွင် ၆ လသောက်သင်ဖူးသောကြောင့် ပင်တည်း။ အင်္ဂလိပ်စာကို အေ ဘီ စီ ဒီ ပုတ်လောက်ရေးပြလို့မှ ထင်းတစ်ချောင်းခွေ တတ်သူမဟုတ်။ စက္ကရီထေရီကား ထိုအခါက ဈေးပေါပေါနှင့် ခန့်နိုင်သေးသဖြင့် အင်္ဂလိပ်စာ ဆယ်တန်းမျှ သင်ဖူးသူဖြစ်လေ၏။

ဦးဘစန်းမှာ ၎င်း၏တိုက်နယ် မင်းဘား ၁၆ ယောက် အနက်၊ ၃ ယောက် ဒိစတြိတ်ကောင်စီသို့ တက်ရမည်ဖြစ်ရာ ကျန် ၃ ယောက်ကို တစ်ယောက်လျှင် ၂၅ ကျပ်ဈေးနှင့် ပေး၍ တက်ခဲ့ခြင်းဖြစ်လေ၏။ တစ်ဖန် ဒိစတြိတ်ကောင်စီသို့ ရောက် ပြန်သောအခါ မင်းဘား ၂၄ ယောက်မျှဖြစ်ရာ၊ ၁၄ ယောက်ရ လျှင် စိတ်ချလက်ချ လုပ်ချင်ရာလုပ်နိုင်သောကြောင့် ရာထူးယူ သူ မိမိပါ ၄ ဦးကို ဖယ်၍ ကျန် ၁၀ ဦးကို တစ်ဦးလျှင် ၂၀၀ ဈေးပေးနိုင်သောကြောင့် ချယ်ယာမင် ဖြစ်ခဲ့လေ၏။

ဦးဘစန်းအား ကောင်စီလူဟောင်းလည်းဖြစ်၊ လူပါး လည်းဝချေ၏။ ၎င်းနှင့် မသင့်သော ကျောင်းဆရာ ဆရာမများ အလုပ်ပြုတ်မြန်၏။ ငွေထိုးနိုင်သော ဆရာများ လူပေးနိုင်သော ဆရာများ ကြီးပွား၏။ ၎င်းတွင် မယားကြီးနှင့်တကွ မယား ၇ ယောက်မျှရှိရာ ၄ ယောက်မှာ ဆရာမများဖြစ်ကြ၏။ အမေအို အတွက် အလုပ်ပြုတ်မခံနိုင်သူများ မောင်လေးပညာသင်အတွက် အကျပ်ရိုက်သူများမှာ ဦးဘစန်းအမုန်းမခံဝံ့ဘဲ မယားအဖြစ်ထိ နေခဲ့ကြရရှာ၏။ ကန်ထရိုက် ဈေးခေါင်း လမ်းဘက်လုပ်သား စသည်ဖြင့် စိစတြိတ်ကောင်စီနှင့် ပတ်သက်သမျှသူများသည် ဦးဘစန်းအား ဘုရားထင်ကြရ၏။ ၎င်းက ကမ္ဘာလောကကြီးကို ဂရုမစိုက် မိန်းမ,ဘီယာ လိုင်လိုင်ရ၍ တံစိုးလက်ဆောင်စားရ လျှင် ကျေနပ်၏။ ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုသည်ကား ကိုယ်တိုင် ငွေကြေးလာဘ်လာဘ အရယူဖို့ ကိုယ်ချမ်းသာအောင်ပြုဖို့ဟု သဘောထားသလားမသိ၊ အညစ်ပတ်ဆုံးသော လူတစ်ယောက် ပင်တည်း။

အစည်းအဝေးကျင်းပရန် ၅ မိနစ်မျှ လိုလေရာ၊ မင်းဘားလူကြီးများလည်း အစည်းအဝေးခန်းမအတွင်းသို့ ရောက်ရှိနေကြလေ၏။ ၂ မိနစ်အလိုတွင မျက်နှာဖြူ အရေးပိုင်ရောက်လာရာ၊ မြို့အုပ်သော်မှ ဘုရားထူးရှိခိုးခဲ့ကြသော အချို့မင်းဘားများမှာ လက်နှစ်ဖက်ယှက် ရှိခိုးသူကခိုး ဆလံပေးသူကပေး ဖြစ်၍နေသဖြင့် ဦးဘစန်းက "အိန္ဒြေရရ ထိုင်ကြပါ" ဟုဆိုမှ ရှိခိုးရပ်ကြလေတော့၏။ ကောင်စီပါးဝသူများကလည်း လူအများအားတစ်တောင်တွတ်လျက် "ကိုရင် အရေးပိုင် ... ဘာသောက်ဂရုစိုက်စရာရှိလဲ" ဟု မာန်၍နေကြလေ၏။ အရေးပိုင်သည် ကုလားထိုင်လွတ်တစ်ခုတွင် ထိုင်မိရာ ၁၂ နာရီထိုးလေ၏။ ချယ်ယာမင်က ...

အာဂျင်ဒါ အပိုဒ်တစ်အရ လွန်ခဲ့သော အစည်းအဝေးမှတ်တမ်း ဖတ်ကြားအတည်ပြုရန် စက္ကရီတေရီအား တစ်ပိုဒ်စီကို ဖတ်စေပြီးနောက် ကန့်ကွက်သူမရှိ အတည်ပြုကြလေ၏။

အပိုဒ် (၂) ကိုလည်း ဆက်လက် စဉ်းစားရန် ဖတ်စေရာ တိုက်နယ်လူကြီးမင်းဘား ဦးစန္ဒာက ...

"ရေတွင်းကောင်းရွာတွင် ရေတွင်းရေကန်မရှိ ရေရှားပါးသောကြောင့် ရေတွင်းတစ်တွင်းတူးရာ ငွေ ၁၅၀၀ ကျပ်ကုန်ကျသည်ကို အတည်ပြုပေးရန် ..."

ထိုခါ အရေးပိုင်က အကြံပေးစကား ပြောကြားမည်ဟု မတ်တပ်ရပ်လိုက်၊ ချယ်ယာမင်က ...

"အရေးပိုင်မင်း သည်းခံပါဦး၊ အဆိုတင်သွင်းမည့်သူသွားပါစေဦး"

ဟုတားမြစ်ရာ အဆိုရှင် ဦးစန္ဒာက ထတဲ့၍. . .

"ကျွန်တော်၏ တိုက်နယ်တွင် ပါဝင်သော ရေတွင်းကောင်းရွာဟာ ရေအလွန်ရှားသော ရွာဖြစ်ပါတယ်၊ ရှေးက အမည်ပေးတဲ့ လူကြီးများကို တရားစွဲချင်လောက်အောင် အခြေအနေဆိုးပါတယ်။ ဒီရွာမှာ အနည်းဆုံး ရေတွင်း ၄– ၅ တွင်းတူးပေးဖို့ သင့်ပါတယ်။ သို့သော် ကောင်စီမှာ အများအခွန်ငွေအတွက် အကုန်အကျများစေလိုသဖြင့် လွန်ခဲ့တဲ့အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း ၁၅၀၀ ကျပ်ကုန်ရေတွင်း တစ်တွင်းသာတူးခဲ့ပါတယ်။ ရေတွင်းတူးပြီး ဆိုင်ရာအင်ဂျင်နီယာနှင့် တွက်ချက်စစ်ဆေးပြီးပါပြီ။ ဤအစည်းအဝေးကြီးက အတည်ပြုအဆိုတင်သွင်းပါကြောင်း"

ဟု အဆုံးသတ်လိုက်သည်နှင့် တစ်ပြိုင်နက် မင်းဘားတစ်ဦးက. . .

"ကျွန်တော် ထောက်ခံပါတယ်"

ဟု သွက်လက်စွာ ပြောပြီးလျှင် စကားဆက်လျက်. . .

"ဘာပြုလို့လဲဆိုတော့ ရေအကျိုးဟာ မတောင်းဘဲနဲ့ ဆုဆယ်ပါးတောင် ရပါတယ်"

အသံတစ်သံ. . .

"ဆုဆယ်ပါးကို ရွတ်ပြပါဦး"

"ရွတ်ပြဖို့ မလိုပါဘူး ဘုန်းကြီးကျောင်းသားကလေးတောင် သိပါတယ်။ တိုင်းသူပြည်သားကို ရင်ဝယ်သားကဲ့သို့ သနားကြင်နာတော်မူလေ့ရှိတဲ့ လူကြီးမင်းများက ငွေ ၁၅၀၀ကျပ်လောကကို ရက်ရက်ရောရော သုံးစွဲသင့်ပါကြောင်း ကျွန်တော်က အဆိုသွင်း ထောက်ခံပါတယ်"

"ကိုင်း . . . ကန့်ကွက်သူများ ရှိသလား"

ဟု ချယ်ယာမင် မေးလိုက်ရာ တည်ကြည်ပုံရသော မင်းဘားလူးကြီးတစ်ယောက်က လက်ညှိုးထိုးလျက် . . .

"ယခု ရေတွင်းတူးတဲ့ကိစ္စကို များစွာ စဉ်းစားထိုက်ပါတယ်။ ကျွန်တော်များဟာ ကျေးရွာက ယုံကြည်လို့ တင်မြှောက်လိုက်တဲ့ လူကြီးများဖြစ်ပါတယ်။ ရေတွင်းမှာ ဦးစန္ဒာပြောသလို ရေရှားတဲ့ရွာ ဖြစ်ပေမယ့်၊ ကောင်စီက အထူးလုပ်ပေးဖို့ မလိုပါဘူး။ ဒါနရှင်တစ်ယောက်က သူ့ငွေနဲ့သူ စိုက်ပြီးတူးခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော် ကြားရသလောက်ဆိုလျှင် သူများလှူထားတဲ့ရေတွင်းကို ဦးစန္ဒာက ကန်ထရိုက်တစ်ယောက်နဲ့ ကြိတ်ပြီး **အက်စတီမိတ်** လုပ်ကာ၊ ငွေထုတ်ဖို့ကြံတယ်လို့ သတင်းထွက်နေပါတယ်"

"ချယ်ယာမင်ကြီးခင်ဗျား၊ လူကြီးမင်းဟာ ပုဂ္ဂလဓိဋ္ဌာန်စွဲပြောနေပါတယ်၊ တရားနည်းလမ်း ကျပါသလား"

"သူကြားသမျှ ပြောနေတာ ပြောနိုင်ပါတယ"

(ဆက်ပြော)

"အဲသည်တော့ ကောင်စီငွေ ၁၅၀၀ ထုတ်ပေးဖို့မလိုသဖြင့် ကျွန်တော်ကန့်ကွက်ပါတယ်"

အခြားတစ်ယောက်က . . .

"ယခုလူကြီးမင်း ကန့်ကွက်တာ ကျွန်တော်ထောက်ခံပါတယ်။ ကျွန်တော်တို့ဟာ ငွေရအောင်ယူပေမယ့် လူကဲ့ရဲ့ခံဖို့ မသင့်ပါဘူး။ ဒီကောင်စီလူကြီးတွေ လက်ထက်မှာ သူများလှူထားတဲ့ ရေတွင်းကို ကောင်စီက တူးပေးဟန် ငွေထုတ်သုံးတယ်

ဆိုရင် မရှက်ကြဘူးလား၊ ရပ်ရွာမှာ ဒီလိုပဲပြောနေကြတယ်။ ဒါကြောင့် ဒီငွေကို ကျွန်တော်ကန့်ကွက်တယ်”

အရေးပိုင်ကလည်း ဒီရေတွင်းကိစ္စနှင့် မိမိထံပစ်စာရောက်ကြောင်း၊ လူကြီးများ ဤကဲ့သို့ အရမ်းဖြုန်းလျှင် ပုဒ်မ ၆၃ သုံးစွဲရန် မင်းကြီးထံစာတင်မည် ဖြစ်ကြောင်း အကြံပေး၏။

မင်းဘားများကား ငိုင်၍ သွားကြလေ၏။ ကန့်ကွက်သူများ စကားအတိုင်း မှန်နေသဖြင့် အဖြေမပေးတတ်ကြ။ မီးတိုနှင့်စာဥပိုင်ရှင် ကျောင်းတကာကြီးမှာ ကုလားထိုင် ပေါ်တွင် ဆောင့်ကြောင့်ထိုင်လျက် မိမိပါတီဝင် ဦးစန္ဒာ ငွေမှထုတ်ရပ်ပါ့မလားဟု တွေးတောနေဟန် ရှိလေ၏။ ၎င်း၏ပါးစပ်က ပြောင်းဖူးဖက်ဆေးလိပ်ကြီးမှာ မီးပွားများ သဏ္ဍာလပ်ခင်းစားပွဲပေါ်သို့ ကျသဖြင့် နီးရာ မင်းဘားများက ပုလိပ်ကစားဝိုင်းဖမ်းသလို ဘေးသို့ပုတ်ခါကျ၍ . . .“ဘကြီးနှယ် အရေးပိုင်နဲ့ဗျာ ဆေးလိပ်ကြီး မသောက်ပါနဲ့” ဟု မာန်ကြလေ၏။

❖ ❖ ❖

# အခန်း (၇)

မင်းဘားများကား အရေးပိုင်၏ ဟန့်တားချက်ကြောင့် တော်တော်နှင့် မလှုပ်ဝံ့ကြ။ အမှန်အားဖြင့် မိမိတို့ ငွေညှစ်ထုတ် ရမည်ကို သိကြပြီးလည်း ဖြစ်လေ၏။ ချယ်ယာမင် ဦးဘစန်း ကား မတ်တပ်ရပ်လေပြီ။ မင်းဘားအချို့လည်း အားကိုးလိုသော မျက်နှာဖြင့် ကြည့်ကြကုန်၏။

"ခုတင်က လူကြီးမင်းဦးထင်၏ ကန့်ကွက်ချက်ကို ရှင်း လင်းဖို့လို့ကြောင့် ဦးထင်စကားအတိုင်း သူ့အလှူရှင်နှင့် သူဖြစ် က ကောင်စီရုံးသို့ ကန့်ကွက်လွှာသွင်းသင့်ကြောင်း။ ဦးထင်၏ စွပ်စွဲချက်များမှာ ပုဒ်မ ၅၀၀ ကို ကျူးလွန်နေကြောင်း။ သို့ရာ တွင် စွပ်စွဲချက်များကို ရှင်းလိုသဖြင့် ပြောခွင့်ပြုခဲ့ကြောင်း။ အရေး ပိုင်မင်းကလည်း ပစ်စာရသည်ဟု ပြောပြန်ကြောင်း။ အရေးပိုင် မင်းတို့ ရုံးထုံးစံမှာ ပစ်စာကို အရေးပိုင်မင်းက သက်သေ သက် ကာယနှင့် တင်ပြနိုင်လျှင် ကျွန်တော်တို့ ငွေသုံးရန် ခွင့်ပြုမည် မဟုတ်ကြောင်း။ ကျွန်တော်တို့ အဓိကထား၍ စဉ်းစားဖို့က ပထ

မ တင်ပြသော အက်စတီမိတ်နှင့် ကုန်ကျငွေ ကိုက်မကိုက်။ အဖိုးတန်,မတန် အင်ဂျင်နီယာက အတည်ပြု, မပြုကို ဥပဒေအတိုင်း လုပ်ရမည်ဖြစ်ကြောင်း။ ဒီအဆိုမှာ သဘောတူ ကွဲလွဲသဖြင့် မဲခွဲရမည်။ အားလုံး နားထောင်ကြပါ။ ဒီအဆိုကို သဘောတူ...”

“ငွေ ၁၅၀၀ သုံးခွင့် ပြုဖို့လား”

“ဟုတ်ပါတယ် သဘောတူက **တူ** လို့ ရေးကြပါ။ မတူက **မ** လို့ ရေးကြပါ။ စက္ကရီတေရီ စက္ကူကလေးတွေ ဝေလိုက်ပါဟု အမိန့်ပေးရာ၊ စက္ကရီတေရီလည်း ၂ လက်မပတ်လည်ခန့် စက္ကူ များကို လိုက်၍ ဝေလေ၏။ မင်းသားများလည်း မိမိတို့ရေးလိုရာ ရေးပြီး တစ်ဖန်ရေခွက်နှင့်လိုက်၍ သိမ်းလေ၏။

“ဟော အရေးပိုင်ရှေ့မှာ ဝေပြမယ်”

ဟု အမျိုးတူရာ စက္ကူလိပ်များကို ဖြေကာ ဖြေကာ တစ်ဖက်စီ သန့်ပြီးနောက် **တူ**က ၁၄ မဲ၊ **မ**က ၁၀ မဲ ရပါတယ်။ ဒါကြောင့် ဦးစန္ဒာ၏အဆိုအတိုင်း ငွေ ၁၅၀၀ သုံးခွင့်ပြုလိုက်ကြောင်း မှတ်တမ်းတင်ရမယ်”

ဟု ပြောလိုက်ရာ၊ သြဘာသံများ ဆူညံ၍ သွားလေ၏။

ထိုအတွင်း မင်းဘားတစ်ယောက်က ဦးစန္ဒာအား လက်တစ်ဖက်ကို ချိုးလျက် တစ်ဖက်က တတောင်ဆစ်ကို ကိုင်ပြရာ ဦးစန္ဒာက ဘီယာတိုက်ပါမည်ဟူသော အမူအရာနှင့် မျက်စိမှိတ်ပြလေ၏။ အခြားတစ်ယောက်က အမှတ်တမဲ့ လက်ဝိုင်းပြရာ၊ အနီးရှိလူက...

“ဘာလဲ ထောင်ထဲ ကြိမ်ဒဏ်အရိုက်ခံရတဲ့လူလို ဖြစ်ချင်သလား”

ဟု တိုးတိုးနှောက်၍ နေလေ၏။ ဦးစန္ဒာကား ပီတိသော မနသ ဖြစ်လျက် ပြုံးပြုံးကလေး နေလေတော့၏။

"ကိုင်း... အပိုဒ် ၃ ဆက်စဉ်းစားရအောင်၊ အဆိုရှင် ဦးသစ်"

ဟု ခေါ်လိုက်ရာ ဦးသစ်ဆိုသူသည် နေရာမှ မတ်တတ်ရပ် လျက်

"ကောင်စီ ချယ်ယာမင်လူကြီးမင်းက စစ်တကောင်း ဘူး Bull ကြီးမျိုးလေး၊ အဲလေ ယောင်လို့ ဘင်္ဂလားနွားလားဥဿဘနှစ် ကောင်၊ တစ်ကောင်လျှင် ၅၀၀ ကျပ်စီနှင့် ဝယ်ထားပါတယ်။ ဒီနွားကြီးနှစ်ကောင်ဟာ ဝွေးမပေါက်ရသေးတဲ့ နွားသိုးကြီးတွေ ဖြစ်ပါတယ်။ ကျွန်တော်များ ဒီစတြိတ်နယ်ပယ်မှာ နွားပိန် နွား ညှော်၊ ဒူလာပါဒရက်၊ ပြဒါးထွက်သော ညှော်ရောင် နွားထီးများ နဲ့ ရိုးပိန်နံကား မီးယပ်ခြောက်လိုက်နေတဲ့ နွားမများသာပေါများ နေသဖြင့် လယ်ယာ, ကိုင်း, ကျွန်း လုပ်ကိုင်ရာတွင်၂ ကောင်နှင့် မပြီးသည့် ကိစ္စကို နွား တစ်ဒါဇင်လောက် သုံးနေရပါတယ်။ နွားမများမှာလဲ နို့မကောင်းသဖြင့် နယ်သူနယ်သားများ ဘေး ဥပါဒ် ဖြစ်စေပါတယ်။ အကယ်၍ ဒီနွားလားဥဿဘနှစ်ကောင် နှင့် မျိုးစပ်ပေးရလျှင် ဒီစတြိတ်တစ်ခုလုံး ကာယဗလအဖွဲ့ဝင် ချန်ပီယံနွားတွေ အိုလံပိတ်ဗိုလ်ဆွဲမယ့် နွားတွေဖြစ်ပြီးလျှင်၊ နို့ စား နွားမများလည်း ပထမတန်းစား ဖတ်(စ)ကလပ် နွားတွေဖြစ် နိုင်ပါတယ်။ ကောင်စီက ငွေတစ်ထောင် ထုတ်ပေးထားရာ ကျွန် တော်တို့နယ်မှာ နွားမပေါင်း ၅၆၇၈ ကောင် ရှိပါတယ်။

"ခင်ဗျား လယ်ယာဌာန အစီရင်ခံစာအရ စာရင်းကြည့်ပြီး ပြောတာလား၊ ဘာကို အခြေခံထားပြီး ပြောတာတုန်း"

"အဲလေ၊ ၅၀၀၀ ကျော်မရှိမရှိနဲ့ဦး အနည်းဆုံး ၃၀၀၀ တော့ ရှိပါ့မယ်။ ကျုပ်တို့ အိမ်နားက ဖိုးတုတ်တောင် ၅ ကောင် ရှိသေးတာပဲပါ။ ဒီတော့ တစ်ခါသားထိုးရင် ၁၀ နှုန်းထားဦး ၆ လအတွင်း အရင်းကြေနိုင်ပါတယ်။ ဒါကြောင့် ချယ်ယာမင်ကြီး စီမံတဲ့အတိုင်း ငွေတစ်ထောင်နွားဝယ်တာကို ကောင်စီက အတည်ပြုရန် အဆိုတင်သွင်းပါတယ်"

"ကျွန်တော် ထောက်ခံပါတယ်ခင်ဗျား"

ဟု ဦးစန္ဒာသည် မျက်မှန်ပြင်တပ်ရင်း မတ်တပ်ရပ်လိုက်လေ၏။ ဟန်အမူပါပါနှင့် ဆက်၍ "နွားတစ်ကောင်လုံးရဲ့ အသုံးကို စလေဆရာကြီး ဦးပုညက ဒီလို ရေးထားပါတယ်။ ဘာတဲ့လေ ဒီစာ ကျွန်တော်မေ့နေလို့ သူ့လင်စိုင့်တောင်မကုန်ဘူး ဆိုလားဘဲ ဒီတော့ နွားဟာ လူတို့မှာ အသုံးဝင်ဆုံးဖြစ်ပါတယ်။ စိန္တကျော်သူ နဝဒေး အမတ်ကြီးက ကောခ ရန်မာန်မများနဲ့၊ ဂေါဏံမံသံ မစားနဲ့တဲ့၊ နွားရဲ့ ကျေးဇူးတရားကြီးလွန်းလို့ နွားသားမစားရဘူးတဲ့ လယ်တီဆရာတော်ဘုရားက နွားသားမစားဖို့ ဟောပြောတော်မူခဲ့တာလဲ နွားလား လူတို့ ကျေးဇူးရှင်မို့ဘဲ ပြီးတော့ကာ နယ်က နွားတွေ ညံ့ဖျင်းရင် တိရစ္ဆာန်ကလေးတွေ ဒုက္ခရောက်ကြပါတယ်"

"ဘာ တိရစ္ဆာန်ကလေးတွေလဲ"

"စကား ကျ,သွားလို့ပါ ကျွဲ၊ နွား တိရစ္ဆာန်ကု ဆရာဝန်လေးတွေ ပြောတာပါ။ ဒီလို ဆရာဝန်ကလေးတွေ ပိုသုံးရပါလျှင်

ငွေဘယ်လောက်ကုန်မလဲ၊ နွားကျန်းမာ၍ နွားကောင်းတွေရလျှင် ဆရာဝန်လိုမည် မဟုတ်ပါ။ ဆရာဝန်တစ်ယောက်လျှင် တစ်နှစ် တစ်ထောင်ကျော် ကုန်ကျပါတယ်။ ဒါတောင် ခရီးစိတ် လိမ် မထုတ်မှ ဖြစ်ပါတယ်”

အသံတစ်သံ...

“ခင်ဗျားတို့လို ရိုးတဲ့လူတွေပေါ့”

“ယခုချယ်ယာမင်ကြီး ဝယ်ယူထားတဲ့ နွားများမှာရောမ နွားကြီးမို့ နွားမတွေသာမဟုတ်။ ကျွဲမများအတွက်လဲ သားထိုး နိုင်သဖြင့် ကပြားတွေပဲဖြစ်ဖြစ် ခိုင်းစေဖို့ရာ အသုံးကျပါလိမ့် မယ်။ ဒီနွားများကို ပိုင်ရှင်ထံအကြိမ်ကြိမ် တောင်းပန်ပြီး လျှော့ ဈေး ၅၀၀ စီနှင့် ဝယ်ခဲ့ရခြင်းဖြစ်ပါတယ်။ ထိုငွေ တစ်ထောင်သုံးစွဲ ခြင်း အတည်ပြုရန်အဆိုကို ကျွန်တော်က ထောက်ခံပါတယ်”

(ဩဘာသံ)

“ကန့်ကွက်သူများ ရှိသေးလား”

ဟု ချယ်ယာမင်က မေးလိုက်ရာ ဦးထင်သည် မတ်တပ် ရပ်တဲ့၍ လက်ညှိုးတငေါက်ငေါက်ထိုးကာ...

“ကျွန်တော် ကန့်ကွက်ပါတယ်။ ဒီကိစ္စအတွက် သတင်း စာတစ်စောင်မှာ ပြောင်လှောင်ရေးသားနေပါပြီ။ ဘယ့်လောက် ရှက်စရာကောင်းသလဲ။ ဆင်းရဲသား အခွန်ငွေကို အရမ်းမဖြုန်း သင့်ပါဘူး။ ဒီကိစ္စအရွက် ကျယ်ယာမင်က ငွေထုတ်ဝယ်ပြီလို့ သိရပါတယ်။ ငွေတစ်ထောင်သုံးဖို့မှာ မင်းကြီးထံ စိုင်ရှင်ကို ခွင့် ပြုမှ ဖြစ်ပါတယ်။ ပြီးတော့ နွားတစ်ကောင်ငွေ ၅၀၀ တောင် ပေးရတယ်ဆိုတာ လွန်လွန်းပါတယ်”

အသံတစ်သံ...

"ဘင်္ဂလားနွားကြီး ဒေါက်ခြောက်ပေ ကျော်တယ်"

"ဆင်လောက်ကြီးကြီး နွားသားထိုးဖို့ဝယ်တယ်ဆိုတာ ဘယ်ကောင်စီမှ မလုပ်ခဲ့ဘူး"

အသံတစ်သံ...

"နွားသားမထိုးရင် ခင်ဗျားထိုးမှာလား"

"ခင်ဗျားခွေးစကားမပြောနဲ့"

"ခင်ဗျားက ဟောင်တာလား"

"ခင်ဗျားက အူတာ"

ထိုကဲ့သို့ အပြန်အလှန် ပြောဆိုပြီးနောက် ထိုးကြကြိတ်ကြမည်လုပ်ရာ အရေးပိုင်နှင့် ချယ်ယာမင်က တောင်းပန်ဖြန်ဖြေလိုက်ရလေ၏။ ဦးထင်လည်း ကန့်ကွက်စကားဆက်ပြီး

"ဒါဟာ နည်းလမ်းမကျဘူး"

အသံတစ်သံ

"ခင်ဗျား ဥပဒေ ပြောနိုင်သလား။ ကိုယ်ပိုင်အုပ်ချုပ်ရေးအခန်း ၄၊ အပိုဒ် ၉ မှာ ဝယ်နိုင်တယ်တဲ့ဗျ"

"ခင်ဗျားတို့ ဒီလိုမညာပါနဲ့၊ ကောင်စီမင်းဘားဖြစ်ပြီး ဥပဒေ တစ်လုံးမှ မကြည့်ဘူး ခင်ဗျားညွှန်ပြတဲ့ ပုဒ်မဟာ တစ်ခြားကိစ္စ ပါ"

"ဒီငွေ သုံးဖို့ကန့်ကွက်ပါတယ်။ အကယ်၍ ခင်ဗျားတို့က မဲအားနဲ့ အတင်းသုံးရော ဆိုပါတော့။ မင်းကြီးက မသုံးရဘူး၊ ဒီငွေတွေကို ပြန်သွင်းရမယ်ဆိုရင် သုံးဖို့သဘောတူတဲ့ လူတွေရဲ့ တာဝန်ပါ။ ကျွန်တော်တို့ သဘောမတူတဲ့လူတွေ လက်မှတ်ထိုး

ပြီး စာတင်ရပါမယ်။ ဒါ့ကြောင့် ဒီအဆိုကို ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်”

ဟု အဆုံးသတ်လျှင် အရေးပိုင်မင်းလည်း မနေသာသဖြင့် တစ်စခန်းထ ပြန်လေ၏။

“ခင်ဗျားတို့ ဒီလို ငွေသုံးသုံးမယ်ဆိုရင်၊ ဘတ်ဂျတ်အက်စတီမိတ်လုပ်ကတည်းက ထည့်စဉ်းစားသင့်တယ်။ ကော်မရှင်နာက စိုင်ရှင်ပေးမှ သုံးနိုင်မယ်။ ဒီလိုလဲ မလုပ်ခဲ့ဘဲ ရီဇော်လူးရှင်းပါစ် လုပ်မယ်ဆိုရင်”

“ဒီမယ် အရေးပိုင်ခင်ဗျား၊ ကျွန်တော်တို့ဟာ နယ်ကတင်မြှောက်တဲ့ တောသားလူကြီးတွေပါ။ အင်္ဂလိပ်စကား ညှပ်ပြောရင် နားမလည်ကြပါဘူး၊ မြန်မာလို ပြောစေချင်ပါတယ်”

ဟု မင်းသားလူစွာ တစ်ယောက်က ထောက်လိုက်ရာ၊ အရေးပိုင်လည်း မျက်နှာများနီပြီး စကားမပြောဘဲ ထိုင်ချလိုက်၏။ ချယ်ယာမင်းကား စကားပြောလည်ပတ်သည့်အတိုင်း

“ကျွန်တော်ဟာ ကျွန်တော့ရဲ့အခွင့်အရေးကို နားလည်ပါတယ်။ လူဦးရေ ၄ သိန်းကျော်တဲ့ နယ်သူနယ်သားတွေရဲ့ နံပါတ် ၁ ခေါင်းဆောင် ချယ်ယာမင်ဖြစ်တာနဲ့ပဲ သိနိုင်ပါတယ်။ အဲဒီနယ်သူနယ်သားတွေရဲ့ ဦးစီးနာယကဆိုပြီး ကောင်းမယ်ထင်တဲ့ ငွေ ၁၀၀၀ ကလေးလောက် သုံးတာကိုမှ သုံးခွင့်မရှိဘူးဆိုရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုတာ ဘယ်မှာလဲလို့ မေးရပါလိမ့်မယ်၊ ဒါကြောင့် ဒီအဆိုကို မဲခွဲရပါလိမ့်မယ်”

“မခွဲနဲ့ပါနဲ့၊ ခင်ဗျားတို့က လူအားကောင်းတာ နိုင်မှာပေါ့။ ဒါပေမယ့် ကျွန်တော်တို့ ဒီအရှုပ်အရှင်းထဲ မပါပါရစေနဲ့”

ထို့နောက် မဲမခွဲဘဲ အတည်ပြုပြီးနောက် ဆုံးဖြတ်ပြီးသော အပိုဒ် ၁– ၂– ၃ ကို စက္ကတီတေရီအား ဖတ်ပြစေလေ၏။

“အမှတ်အသား မှားတာများ ပြင်စရာ ရှိပါသေးသလားလား”

“မရှိပါဘူး”

“ဒါဖြင့်ရင် ယနေ့ အစည်းအဝေး ရပ်သိမ်းပါတယ်၊ နက်ဖြန် တနင်္ဂနွေနေ့ဖြစ်ပါ၍ သဘက်ခါ တနင်္လာနေ့ ၁၂ နာရီမှာ ဆက်လက် စည်းဝေးရန် ဖြစ်ပါတယ်”

ဟု ချယ်ယာမင်က ပြောရာ၊ ဆန့်ကျင်ဘက်မှ…

“ဘယ့်နှယ်လဲ ခင်ဗျာ၊ ခုမှ ၂ နာရီ ထိုးပါသေးတယ်။ အာဂျင်ဒါမှာလဲ ၁၀ ပိုဒ်လောက်သာ ကျန်တော့၊ ညနေ ၄ နာရီလောက်မှာ ပြီးနိုင်ပါတယ်။ တစ်ခါတည်း စည်းဝေးပါတော့”

ဟုဆိုရာ အရေးပိုင်ကလည်း အချိန်စောသေးကြောင်းနှင့် ပြောပြလေ၏။

“အို ကျွန်တော့်မှာ ရုံးအလုပ်တွေ ရှိပါတယ်။ ဒုတိယ ချယ်ယာမင်လဲ အင်းမှုတစ်မှု စစ်ဆေးဖို့ ချိန်းထားပါတယ်”

“ကျန်တဲ့လူကြီးထဲက ချယ်ယာမင်တင်ပြီး စည်းဝေးပေါ့”

“မဖြစ်ပါဘူးလေ၊ ကျွန်တော်နဲ့မှ ဖြစ်မှာပဲ၊ ကျွန်တော် မအားလို့ သိမ်းထားပါ”

“ဒါဟာ ခင်ဗျား မင်းဘားတွေ ခရီးစရိတ်ပိုရအောင်၊ လုပ် ပေးတာပဲ၊ တနင်္ဂနွေခြားပြီး ချိန်ဆိုတော့ တောမင်းဘားတွေမြို့ ထဲမှာပဲ ၁၀ ပြားထမင်းဆိုင်က စားပြီးတော့ တောနယ် ပြန်သွားပြီး တစ်ခေါက် ပြန်လာရလေဟန်နဲ့ စရိတ်ထုတ်ကြမှာ မဟုတ်လား”

"ဦးတင် ထိုင်လိုက်ပါ။ သဘောတူမတူမဲခွဲမယ်"

"မခွဲပါနဲ့လေ ခင်ဗျားတို့ သဘောတော် အတိုင်းပါပဲ"

"ဒါဖြင့် အစည်းအဝေး ရုပ်သိမ်းလိုက်ပြီး"

ဟု ဆိုလိုက်လေရာ၊ မင်းဘားအသီးသီး အစည်းအဝေး ခန်းမှ တရုန်းရုန်း ပုဆိုးတမမနှင့် ထွက်ကြလေ၏။

မင်းဘားဟောင်းများကား ပါးနပ်ပြီးဖြစ်သည့်အတိုင်း၊ အစည်းအဝေးကျင်းပ၍ စကားပြောနေကြစဉ် အပြင်သို့ ထွက်ကာ မိမိတို့ ခရီးစရိတ်ကို စာရေးများနှင့် စာရင်းပြုလုပ်ပြီးစီးကြလေ၏။ မင်းဘားသစ်များကား တင်ကူးလုပ်မထားသဖြင့်၊ စာရေးများနှင့် ပြာပြာသလဲ ခရီးစိတ် အလျှင်အမြန် ရရှိအောင် ခိုင်းစေ၍ နေကြလေ၏။

အချို့လည်း တိုးတိုးလက်ချိုးလျက်၊ အိမ်က ထွက်တုန်းက လှည်းခတစ်မတ်၊ မီးရထားစရိတ် ခြောက်မူး၊ မြင်းရထားခ တမတ်ပေါင်း တစ်ကျပ်တစ်မူး၊ ခရီးစရိတ်က ၁၃ ကျပ်သုံးမူး၊ အင်း မြတ်ပါသေးရဲ့"

ဟုပြုံး၍ နေကြလေ၏။ ထိုနေ့ကား တစ်ရက် အစည်းအဝေး အသွားအပြန်တွက်ဖြစ်ရာ တနင်္လာနေ့တွက်ကို တစ်ခါ အစည်းအဝေး အတွက်ကို တစ်ခါစာရင်းလုပ်၍ ထုတ်ကြဦးမည် ဖြစ်လေ၏။ အချို့ဘီယာသမား မင်းဘားအချို့မှာ ခတ်သိစာရေးများအား

"ဟော့... ကနေ့ ပေါက်ဖော်လာမေးရင် ခရီးစရိတ် မထုတ်ရသေးဘူး ပြောကွာ"

ဟု အလိမ်ခိုင်းလေ၏။ ကောင်စီရုံးအနီး ဈေးဆိုင်ရှင်များကလည်း ကောင်စီလူကြီးများ ခရီးစရိတ် ထုတ်သံကြားသဖြင့် စာရင်းစာအုပ်များ ကိုယ်စီနှင့်လာ၍ ရစ်စီရစ်သီ ပြုလုပ်နေကြလေ၏။

ချယ်ယာမင်၏ စပါယ်ရှယ် အခန်းဌာကား ချယ်ယာမင်နှင့် တကွ ဦးစန္ဒာ၊ ကျောင်းတကာကြီး၊ အခြားမင်းသားတစ်ယောက်တို့ ခေါင်းချင်းရိုက်ကာ ဝေစုအတွက် စဉ်းစား၍ နေကြလေ၏။ ချယ်ယာမင်းက ခေါင်သူကြီး ဖြစ်သည့်အတိုင်း ဦးစန္ဒာအား မျက်စတချီချီနှင့် ပြုံးရယ် ကြည့်ရှုရင်း

"ဘယ်မလဲ ဦးစန္ဒာ ငွေ ၅၀၀ ပေးမှာလား"

"မများဘူးလားဗျာ ကျွန်တော်နာမယ်ခံရပြီး ကန်ထရိုက်မောင်အေးကိုလဲ ပေးဦးမယ်၊ ခင်ဗျားက ၅၀၀ ကျပ်၊ မောင်အေး ၂၀၀ ရေတွင်းဒကာ အဘိုးကြီး ကျေနပ်အောင် သူ့ဘုန်းကြီးလှူဖို့ကတိထားတဲ့အတိုင်း ငွေ ၂၀၀၊ ဘီယာကိုယ်တော်တွေ ဆက်ကြေးပေးဖို့နဲ့ ဆိုတော့"

"ကျွန်တော်က တာဝန်ခံပြီးတော့ ငွေ ၁၅၀၀ တောင် ထုတ် ပေးရမှာဗျာ"

"နို့ ခင်ဗျားလဲ နွား ၂ ကောင်မှ ၁၀၀ ထဲပေးရတာ၊ ငွေ ၉၀၀ တောင် မြတ်နေမင့် ချယ်ယာမင်ကြီးရာ"

"ဒါက မဆိုင်ပါဘူး။ ကျွန်တော်ကိစ္စက တခြားပါ။ ပြီးတော့ အရေးကြီးတဲ့ နေရာမှာ သုံးရဦးမယ်၊ ကိုင်း ပေးမလား၊ မပေးဘူးလားဆရာ၊ မပေးရင် ချက်စကကာျကို ဆုတ်ပစ်လိုက်မယ်"

ဟု တကယ် ဆုတ်မည့်ဟန်ပြင်ရာ...

"အမယ်...အမယ်...မလုပ်ပါနဲ့ ခင်ဗျာ၊ ပေးပါ့မယ် ခင်ဗျာ၊ ဘယ်တော့ကများ ငြင်းဖူးလို့လဲ"

ဟု တောင်းပန်လေ၏။ ချယ်ယာမင်လည်း ကျောင်းတကာကြီးအား ချက်တွင် မင်းဘားနေရာက လက်မှတ်ထိုးစေ၏။

"မောင်ရင်တို့ အဘိုးကြီးလဲ ပစ်မထားကြပါနဲ့၊ ဟဲ... ဟဲ..."

"စိတ်ချ စိတ်ချ၊ ခင်ဗျားသေရင် ရှေ့ဆိုင်းနောက်ဆိုင်း ကြိုက်သလား၊ စည်တော်ရွမ်းတာ ကြိုက်သလား"

"တယ် နိမိတ်မရှိတာ ပြောကြတာကိုး၊ လက်မှတ်ထိုးတဲ့အတွက် ဒါလောက်တော့လုပ်ဦးမှပေါ့ ချယ်ယာမင်ကြီးရဲ့"

"တစ်မူးလား၊ ကူးတို့ခ တော်ပလား၊ ငွေမူးစေ့ မရှိဘူး"

အဘိုးကြီးသည် ချယ်ယာမင်ကြီးကို ပြန်မပြောဝံ့။ တုံးအောက်က ဖားကဲ့သို့ ပြာပြားဝပ် ဖြစ်ဘိ၏။ ချယ်ယာမင်က ပြုံးလျက်...

"စိတ်မဆိုးပါနဲ့ ဘကြီးရာ ကျွန်တော့်ပါတီကို ကျွန်တော့ ပစ်မထားပါဘူး၊ အစ်ကိုကြီး ခေါင်းစား စားခြင်းပေါ့၊ ဟော့ ကိုစန္ဒာ အဘိုးကြီးကို ငွေ ၂၀ တော့ပေးဗျာ"

"သူ လက်တစ်ချောင်း ထောင်ပါတယ်"

"ဘာဖြစ်ဖြစ် ကျုပ်ပြောတာ ပေးလိုက်"

"ဟုတ်ကဲ့ ပေးပါမယ်"

"ကိုင်း… ဒါဖြင့် ငွေတိုက် ပိတ်သွားမယ်၊ ကနေ့ စနေနေ့ ၃ နာရီကျော်ရင် မရဘူး။ အစည်းအဝေး စောစောရုပ်သိမ်း ရကျိုး မနပ်ဘဲနေမယ်။ ကျုပ်ငွေက တစ်ထောင်။ ခင်ဗျားငွေက ထောင့်ငါးရာ၊ ပေါင်း နှစ်ထောင်ငါးရာ ဒါပဲမဟုတ်လား၊ ကိုတင်ရွှေရ စာအုပ်လုပ်ဗျို့၊ ငွေတိုက်ပိတ်သွားမယ် မြန်မြန်လုပ်စမ်းပါ"

"ခရီးစရိတ်တွေ လုပ်နေပါတယ် ပြီးလုပါပြီ"

"မြန်မြန်လုပ်ပါ ဒီ မူးလီပဲလီသမားတွေကလဲ တယ်ရှုပ်တာကိုး၊ မရမယ့် အတိုင်းပဲ"

ဟု မာန်မဲလိုက်ပြီးနောက် အစိုးရငွေတိုက်သို့ အပြေးအလွှားကလေးသွား၍ ထုတ်လေ၏။ ငွေများ ရရှိသောအခါ အသီးသီး ခွဲဝေပြီးလျှင် ဘီယာဆိုင်အချို့ အိမ်သို့ အချို့လူချင်း ခွဲထွက်သွားကြရာ၊ ကောင်စီတွင် စာရေးများ ပျာတာများသာ ကျန်ရစ်လေတော့၏။

ဦးဘစန်းကား ကောင်စီရုံးစိုက်ရာတွင် အိမ်ပိုင်မရှိချေ။ အိမ်ကြီးတစ်ဆောင်ကို တစ်လလျှင် ၄၀ ကျပ်နှင့် ငှား၍ အများအားဖြင့် တောမြို့သို့မပြန်၊ ထိုအိမ်ကြီးတွင် နေထိုင်လေ၏။ ၎င်းတွင် ကိုယ်ပိုင်အလုပ် မရှိချေ။ အင်ဂျင်နီယာဝန်ကြီးကို ကောင်စီတွင် ခန့်ထားရန် ထောက်ခံသည့်အတွက် လက်ဆောင်ပေးထားသော ဖွတ်ကားကြီးတစ်စင်းဖြင့် သွားချင်ရာသို့ သွား၍ နေလေ၏။ ၎င်း၏ အိမ်ကြီးကား အပျော်မယား ကွဲတ်အများနှင့် ပျော်မြူးရာ ဖြစ်သည့်အပြည် ဘီယာသောက်ရာ ဌာနကြီးလည်း ဖြစ်လေ၏။

ကောင်စီရုံးမှ ၃ နာရီခွဲခန့်တွင် ငှားအိမ်သို့ ပြန်သွားခြင်း ဖြစ်ရာ၊ ချယ်ယာမင်နှင့် တွေ့လိုသူတို့မှာ တစ်စုတရုံးတည်း နောက်က လိုက်သွားကြလေ၏။ ထိုသူများကား အခြားမဟုတ်။ ဈေးတစ်ဈေးကို ကန်ထရိုက် ဆွဲပြီးနောက် ထိုဈေးအမြတ်ရပါလျက် အကြောင်းတစ်ခုခုကို ရမယ်ရှာပြီး ငွေလျှော့ပေးရန် လျှောက်ထားလိုသူ ဈေးခေါင်းများ၊ ငွေအချောင်စားနေရသေသာ တိရစ္ဆာန်ထောင်မှူးများ၊ ချယ်ယာမင် လမ်းပိုလ်တို့နှင့် ကြိတ်၍ ကိုယ်ကျိုးရှာသော ကံထရိုက်များအင်းသူကြီးများ စသည်တို့ ဖြစ်၏။

ကောင်စီကား လာဘ်လည်းစား၏။ ခရီးစရိတ်လည်း လိမ်ထုတ်၏။ မတော်တရော်လည်း အလုပ်ဆုံးဖြစ်၏။ သို့ရာတွင် ဦးဘစန်းသည် ထိုဈေးခေါင်း စားဖား နောက်လိုက်များကြောင့် တကယ့်လူကောင်းကြီး ဖြစ်၍နေ၏။ ကောင်စီ ကော်မတီအသီးသီးတွင် ၎င်းတို့ ပါတီဝင်များသာ ဖြစ်ကြလေ၏။ ထိုဆပ်ကော်မတီတိုင်းမှာလည်း ဦးဘစန်းချယ်လှယ်သမျှ လုပ်ကိုင်နေကြရကား၊ ပညာဘက်ဆိုင်ရာ ကျောင်းဆရာ ဆရာမ များမှာ ဦးဘစန်းကို ကပ်ရပ်ပေါင်းသင်းမှ သက်သာခွင့် ရကြလေ၏။ ဦးဘစန်းကား ၎င်းအား ငွေပေးသူတို့အဖို့ လူကောင်းဖြစ်သည့်အတိုင်း၊ ဈေးခေါင်း ကန်ထရိုက် စသည်တို့ကို အသင့်အတင့် ကျေနပ်အောင် ပြောဆိုပြီးလျှင် ပြန်၍ လွှတ်လေ၏။

❖ ❖ ❖

# အခန်း (၈)

ကျွန်တော်၏ အရေးပိုင်သည်ကား ကျွန်တော့်အား အရေးအရာလုပ်၍ စကားမပြောသော်လည်း အထက်တန်းအရာရှိများနှင့်မူ မြန်မာလူမျိုးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး အကြောင်းကို မကြာခဏ ပြောပြလျက် ရှိပေ၏။ မြန်မာလူမျိုးများဟာ ရသလောက် အခွင့်အရေးများကို ရိုးရိုးဖြောင့်ဖြောင့် မလုပ်တတ်ကြောင်း၊ ဗြိတိသျှ အစိုးရက အုပ်ချုပ်ရေးတစ်မျိုးပေးမည့် အချိန်အထိ ဤမျှဆိုးရွားနေလျှင်၊ တိုင်းပြည်နစ်နာမည့်အကြောင်းများလည်း ပါဝင်ခဲ့၏။

တင်မြှောက်ထားသော မဲဆန္ဒရှင်တို့သည် မိမိတို့ ရွေးကောက်တင်မြှောက်လိုက်သော လူကြီးများ ဘာလုပ်နေသည်ဟု ထပ်မံ စုံစမ်းခြင်း မပြုကြတော့။ ထို့ကြောင့် ဦးဘစန်းတို့မှာ ဖော်ပြရာပါအတိုင်း ကျင့်ကြံ၍ နေကြတော့သည်။ ကြည်ညို စရာကောင်းသော လူကြီးပါပေတကား။

ညှော်သည်များ ပြန်သွားကြပြီးနောက်၊ ဦးဘစန်း၏ မင်္ဂလာအိမ်တော်ကြီးသည် များစွာ သာယာ၍ နေဘိ၏။ စားပွဲကြီးတစ်ခုပေါ်၌ အစိမ်းကြော်၊ ၁၂ မျိုးဟင်းများ၊ ပယင်းရောင် ပေါက်နေသော ဖန်ခွက်နှင့် ရေခဲများသည် စားပွဲဘေးရှိ လူများကို နှစ်သိမ့်စေလေ၏။ ဦးဘစန်းနှင့်တကွ ပညာရေးချယ်ယာမင် အရေးရောက်သော မင်းများသည် ဘီယာကို သောက်စကားကာ နွားတရားကို ဆက်ကြလေ၏။

"ကိုဘစန်း နွားဝယ်တဲ့ မင်းကြီး ကန့်ကွက်ရင်း..."

"သောက်မှာသာ သောက်စမ်းပါကိုရင်၊ တယ်သောက်စကားများတာကိုး"

"မဟုတ်ဘူးဗျ ငွေပြန်သွင်း လုပ်ရင်ကော"

"မသွင်းဘဲ ထားမှာပေါ့။ အတင်းသွင်းခိုင်းရင် ကောင်စီလူကြီးအဖြစ်က နုတ်ထွက်၊ မင်းကြီးက ကျုပ်တို့ကို ချုပ်ချယ်တယ်လို့ တိုင်းပြည်မှာ ကြေညာမယ်ဗျာ"

"ဦးတင်တို့ လူတစ်စုက ကြည့်နေလိုက်ပါ့မလား"

"ဒီလူစုကို ဂရုမစိုက်စမ်းပါနဲ့၊ ကျုပ် ဒီထက်မကတဲ့ ကျောင်းဆရာငွေ တစ်သောင်းကျော် သုံးပစ်တာတောင် ဘယ်လိုဖြစ်သလဲ၊ မင်းကြီး အရေးယူစစ်ဆေးတော့ တစ်ကောင်တစ်မြီး သက်သေခံဝံ့လို့လား၊ မင်းကြီး အရှုံးဖြစ်သွားတယ် မဟုတ်လား"

"အစစ်ပေါ့ဗျာ... ငွေတစ်သောင်းလောက်တောင် သုံးပစ်နိုင်သေးတာ၊ နွားဖိုးငွေတစ်ထောင် ဘာဂရုစိုက်စရာ ရှိသလဲ"

"ကိုင်း... ခုလို ပျော်ပါးနေတုန်း သောက်သုံးမကျတာတွေရပ်..."

ဟု ဘီယာများ ဆက်လက်သောက်စားပြီးလျှင် အချို့မင်းဘားများ ထွက်ခွာသွားသောအခါ၊ ဦးဘစန်းမှာ အရပ်ပျက်တစ်ဦးနှင့် ပျော်မြူး အချိန်ဖြုန်း၍ နေလေ၏။

ဦးဘစန်းကား တစ်ညလုံး မူးရူးပျော်ပါးပြီးနောက် မိုးစင်စင် လင်းခဲ့လေ၏။ မျက်နှာသစ်မည်ဟု အခန်းထဲမှအထွက်၊ ဧည့်ခန်းတွင် အသက် ၆၀ ခန့် အမယ်ကြီးတစ်ယောက်၊ အသက် ၃၀ ခန့် မိန်းမတစ်ယောက်၊ အသက် ၁၆ နှစ်ခန့် သနားကမားမိန်းကလေးတစ်ယောက်တို့ ရောက်ရှိ စောင့်စားနေသည်ကို တွေ့ရသဖြင့်

"ဟင် ဆရာမကြီးပါကလား"

ဟု အသက် ၃၀ ခန့် မိန်းမပျိုကို ပြုံးချိုစွာ နှုတ်ဆက်ပြီးနောက် မျက်နှာသွား၍ သစ်လေ၏။ တဖန် ဧည့်ခန်းထဲသို့ ပြန်လာပြီးလျှင် ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ–

"ဘယ့်နှယ် စောစောစီးစီး ဘာကိစ္စ"

"တခြားကိစ္စ မဟုတ်ပါဘူး ချယ်ယာမင်ကြီးရယ် ကျောင်းမှာ ဟောဒီ မယ် သီတစ်ယောက်ထဲ မနိုင်လို့ မြေးကလေး မတင်ညွန့်ကို လက်ထောက်ဆရာမ ခန့်ထားဖို့ ကြည့်စေချင်ပါတယ်"

"ဒါ ဆရာမကြီး တူမပဲလား"

"ဟုတ်ပါတယ် မနှစ်ကပဲ အီးဘီစီအေ အောင်ခဲ့ပါတယ်"

"အင်း... မနှစ်ကထက် အပုံကြီးထွားလာတာကိုးဗျ။ ကောင်းပြီလေ ကြည့်ရှုပါမယ်။ ကောင်ဆယ်မှာ ဆိုရင် သိတဲ့အတိုင်းပါပဲ"

“ဒါကြောင့်လဲ ချယ်ယာမင်ကြီးဆီ လာရတာပါ အလုပ်ရလို့ရှိရင် ကျေးဇူးမမေ့ပါဘူး”

“ကျေးဇူးတွေ ဘာတွေ လုပ်မနေနဲ့ စိတ်ချပါ အမေကြီးရဲ့ လုပ်ပေးပါမယ်”

(၎င်း၏ မျက်လုံးများမှာ ညိုချောလေး တင်ညွန့်ဆီသို့ အားပါးတရ ကြည့်ရှုကျက်စား အိန္ဒြေဆယ်ရင်း)

“ကျွန်တော့်ကို တောင်ငွေးတစ်ချောင်းလို အောက်မေ့တော်မူပါ”

အမယ်ကြီးမှာ ဆိုလိုရင်းကို နားမလည်သဖြင့်...

“ချယ်ယာမင်ကြီးကို တောင်ဝှေးလို အောက်မေ့ရမှာက အမေကြီးသွားတိုင်း တောင်ဝှေးလို့ မတ်တပ်ရပ်ပြီး လိုက်မှာလား”

“သြော်... အမေကြီးက တယ်ပြီးရိုးတာကိုး၊ လူကြီးများဟာ တောင်ဝှေးကိုအားကိုးရသလို၊ ကျွန်တော့်ကိုလဲ အားကိုးရတဲ့ မြေးတစ်ယောက်လို သဘောထားဖို့ ပြောတာပါ၊ ကူညီပါ့မယ်”

“သြော်... သြော်... ကောင်းပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒီလိုစေတနာထားတာ ဝမ်းသာပါတယ်”

ဟုရောနှော ပြောဆိုနေလေရာ၊ စရာ မသိမှာ အပျိုကြီးလည်းဖြစ်၊ အလကင်းလည်း ပါးသောကြောင့်...

“ချယ်ယာမင်ကြီး အကြောင်း ကျွန်မတို့ ကြားဖူးပါတယ်။ ကျွန်မတို့ မြေးအဘွားကို ဒီပြင် မိန်းမစားတွေလိုထင်ရင် လွဲပါလိမ့်မယ်၊ အဲသလို ထင်ပြီး စောင့်ရှောက်မယ်ဆိုရင် ကျွန်မတို့ ဒီအလုပ်ရမှ ထမင်းဝမှာ မဟုတ်လို့ ကိစ္စမရှိပါဘူး”

“ဟား… ဟား… ဆရာမကြီးက တယ်ပြီး ရန်တွေ့ကောင်းပါကလား၊ ကျုပ်က သဘောရိုး စေတနာနဲ့ ပြောတာပါဗျာ”

(ပြုံးလျက်)

“အဖြစ်ပြောတာပါ၊ ကျွန်မတို့ကို ပြန်ခွင့်ပြုပါ”

“ကျုပ် ကြည့်စီမံပါပေးပါမယ်”

“ရရင်လဲ ကျေးဇူးပါပဲရှင်၊ အထင်မလွဲရင် ပြီးတာပါပဲ”

ဟု ပြောဆိုပြီးလျှင် ဆင်း၍ သွားကြလေ၏။ ထိုနေ့နံနက် ကား ချယ်ယာမင်ကြီး စန်းပွင့်သောနေ့ ဖြစ်လေ၏။ အသက် ၁၈ နှစ်ခန့် မမြင့်ခေါ် မိန်းကလေးတစ်ယောက်နှင့် အသက် ၄၀ ခန့် မိန်းမကြီးတစ်ယောက် ပေါ်ပေါက်လာပြန်လေ၏။

“ဦးရယ် တစ်နေ့ကရေးဟာတဲ့ ကိစ္စကလေး ဘယ့်နှယ်လဲ”

“ကျောင်းသား ဘယ်လောက်စုမိပြီလဲ မမြင့်ရဲ့”

“၂၀ ကျော် လောက်ပဲ ရှိပါသေးတယ်”

“မမြင့်က တယ်ရိုးတာကိုး ပညာရေးအဖွဲ့က ဦးရယ်ဒိပြင် လူတစ်ယောက်ရယ် မင့်ကျောင်းကို သွားကြည့်ဖို့ ဆုံးဖြတ်ထားတယ်ကွဲ့၊ ဒီတော့ အခု စက်တင်ဘာလ ၄ ရက် မဟုတ်လား၊ ၁၅ ရက်နေ့မှာ ဦးတို့ လာခဲ့မယ်၊ ဒီတော့ စာတတ်တတ် မတတ်တတ် အရပ်ထဲက ကလေး ၄၀ လောက် စုထား၊ ဦးတို့လာကြည့်တော့ ကျောင်းသား ၄၀ ကျော်ရှိကြောင်း မှတ်ချက်ရေးပြီး အစည်းအဝေးမှာ ပြောမယ်”

“ပညာအုပ်မင်းက တယ်ပြီး မပေးချင်ဘူးရှင့်”

"အံမာ ဒီအကောင်တွေ ဂရုမစိုက်ပါနဲ့၊ သူတို့လဲ သူတို့ကြည့်ရှုချင်တဲ့လူကျတော့ ကြံဖန်ပြီး လုပ်ကြတာပဲ၊ ဦးတို့လဲ ကိုယ်လုပ်ချင်တာ လုပ်မှာပေါ့၊ အဖွဲ့မှာ သူတို့မတတ်နိုင်ပါဘူး"

"လုပ်ပါဦး ဦးရယ် ... ကျွန်မ ကျောင်းအုပ် ရာထူးနဲ့ လခ မရရင် အနေအထိုင် အလွန်ကျပ်ပါတော့မယ်"

"စိတ်ချ ဦးကြည့်ရင် အစ အဆုံးပဲ၊ ရရင် ဘယ်လို ကျေးဇူးဆပ်မလဲ"

"ကျွန်မ လခထဲက ၂ လတွက် ၃ လ တွက်လောက်"

"ဒီလိုများ မျှော်လင့်ရင် တူမရယ် ဘာလုပ်ပေးမလဲ၊ ဦး အခြေအနေကို သိတယ် မဟုတ်လား။ ဦးက တူမကြီးကို တစ်သက်လုံး အားကိုးရလောက်အောင် လုပ်ချင်တာလား..."

(ရှက်သွေးမွှန်သောရာက မျက်နှာကိုပြင်လျက်)

"ကျောင်းအုပ်လောက်ရရင်ပဲ ကျေးဇူးကြီးလှပါပြီရှင်"

"မင့် ကျောင်းအုပ်က လခရင်း ၃၀ ကျပ်၊ အုပ်ချုပ်ခ ၅ ကျပ်၊ ဒါပဲမဟုတ်လား၊ ဦးက ရွှေတွဲလဲ ငွေတွဲလဲနဲ့ ဖြစ်အောင် ကြည့်ချင်တာ"

ဟု လူပျိုစကား ပြောနိုင်သမျှ ပြောလေရာ အလုပ်ရချင်သော မိန်းကလေးမှာ အောင့်အီးသည်းခံ၍ နေရရှာလေ၏။

တစ်လခန့်ကြာသောအခါ ပညာရေးအဖွဲ့ အစည်းအဝေးကြီး ကျင်းပလေ၏။ ထိုပညာရေးအဖွဲ့မှ ဦးဘစန်းပါတီဝင် ၁၂ ယောက်ပင် ဖွဲ့စည်းထားခြင်းဖြစ်ရာ၊ ဦးစန္ဒာမှာ ထိုပညာရေးအဖွဲ့၏ ချယ်ယာမင် ဖြစ်လေ၏။ ပညာရေး မင်းဘား ၁၂ ယောက်အနက် ကျောင်းဆရာ နှစ်ဦးနှင့် ၄ တန်းခွဲမျှအောင်ခဲ့သော ဦးဘ

စန်းမှာ အရည်အချင်း အပြည့်ဆုံးဖြစ်၍၊ ကျန်လူကြီးများမှာ ဘဂဝါဟိုက်စကူး ထွက်များ ဖြစ်လေ၏။ အချို့မှာ မင်္ဂလာသုတ် စတင်းဒက်က ထွက်ခဲ့ရာ၊ အချို့မှာ နမက္ကာယ ကလပ်စ် နှင့် ပရိတ်ကြီး ကလပ်စ်က ထွက်ခဲ့သူများဖြစ်၏။ ခေတ်ပညာသင် ကြားရေးကို မဆိုထားဘိ၊ မြန်မာကျောင်းတွင် (က) စာရင်း၊ (ခ) စာရင်းသော်မျှ မကြည့်တတ်ကြချေ။ သို့ရာတွင် ဆရာခန့်ထားရေး၊ ကျောင်းအသစ် တည်ဆောက်ရေးတို့မှာ ၎င်းတို့၏ အာဏာတွင် တည်၍ နေခဲ့ချေ၏။

ပညာရေးအဖွဲ့ဝင်များကား ပညာမတတ်၍ စိတ်ထား မကောင်းသောကြောင့် အလုပ် မလုပ်တတ်ကြချေ။ ပညာအုပ်များကား ပညာ တတ်ကြ၏။ သို့ရာတွင် ၎င်းတို့မှာလည်း ရှိခိုးနိုင်သူ၊ ဘုရားထူး ကပ်ရပ်သူ၊ ဆီပုံး ဆန်အိတ် လက်ဆောင်ထိုးနိုင်သူ၊ ကျောင်းအုပ် ကျောင်းဆရာများသာ ပညာတော်သည်ဟု ထောက်ခံ၍၊ ခပ်မှန်မှန်နေ၍ အလုပ်ပညာတော်သူများကိုကား မျက်မှန်းကျိုးတက်သဖြင့် ပိန်မသာ လိမ်မသာ ဖြစ်၍နေကြ၏။ (ဝါ) ပညာအုပ်များသည် လူညစ်ပတ်ပေါသည့်ပင် ဟူလို...

ထိုနေ့ အစည်းအဝေးတွင် ကျောင်းသစ် တည်ထောင်သူ၊ ကျောင်းသုံး ပရိဘောဂတောင်းသူ၊ လက်ထောက်ဆရာ ခန့်ထားရေး စသည်ဖြင့် ကျောင်းနှင့်ဆိုင်သမျှ ဆုံးဖြတ်ရမည် ဖြစ်ရာ

ယခင်ဆရာမလောင်း တင်ညွှန့်အား ပိုးပန်းနေသော ပညာအုပ်သည် ဆရာမ မသိကျောင်းတွင် လက်ထောက်ဆရာ အဖြစ် ခန့်ထားရန် တင်သွင်းသောစာကို စဉ်းစားရန် အကြံပေး၏။

"မတင်ညွှန့်ဟာ အီးဘီစီအေ အောင်ပြီး သူ့အဒေါ်နှင့် အတူ ၆ လ လောက်အခမဲ့ကူညီပြီး လက်ထောက်ဆရာမ လုပ်နေ ပါတယ်။ ကျွန်တော်သွားရောက် စစ်ဆေးတဲ့အခါ ကျောင်းတက် သူဦးရေ ၅၃ ယောက်တွေ့ရရာ၊ အတန်းမှာလဲ စတုတ္ထတန်းအထိ ဆိုတော့ ဆရာမကြီး မသီတစ်ယောက်တည်းနဲ့ မနိုင်မနင်းနိုင်ပါ။ ဒါကြောင့် လူကြီးမင်းများ စဉ်းစားရန် အကြံပေးပါတယ်"

ထိုအခါ ဦးဘစန်းသည် တင်ညွှန့်ကို ပိုး၍ရပုံမပေါ်။ မသီ ကိုလည်း မျက်မှန်းကျိုးပြီး ဖြစ်သောကြောင့် စကားပြောမည်ထ လိုက်ရာ မင်းဘားများ နားစွင့်နေကြလေ၏။

"ပညာအုပ်မင်း ကျောင်းသား ၅၃ ယောက်တွေ့တယ်ဆို တာ၊ အရပ်ထဲက လေလွင့်နေတဲ့ ကလေးတွေခေါ်ပြီး စာရင်းလုပ် ပြတာ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်စက်တင်ဘာ ၁၃ ရက်နေ့က သွားစစ်တော့ ၁၇ ယောက်ထဲ တွေ့ပါတယ်"

"အရပ်ထဲ အလှူရှိတာနဲ့ ခင်ဗျားအမှတ်တမဲ့ သွားဖမ်း တယ်လို့ မသီက ပြောပါတယ်"

"ဘာဘဲ ဖြစ်ဖြစ် ကျုပ်တွေ့တာပြောတယ်။ ခင်ဗျားတို့ ပညာအုပ်တွေဟာ ငှက်ပျောသီးရတဲ့ ဆရာကိုမှ ဆရာကောင်း ထင်တာပဲ၊ ကျွန်တော် သဘောမတူဘူး။ မသီရဲ့ ကျောင်းဖြုတ်ဖို့ မဖြုတ်ဖို့တောင် စဉ်းစားရဦးမယ်"

"ချယ်ယာမင်ကြီးခင်ဗျား ဒါကို ထောက်ခံဖို့ ကျွန်တော် အဆိုတင်သွင်းပါတယ်"

"ကျွန်တော် ထောက်ခံပါတယ်"

ဟု ဆရာမလောင်း တင်ညွှန့်၏ လျှောက်လွှာကို ပယ်ချလိုက်လေ၏။ မင်းဘားများမှာ ဦးဘစန်း၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ရှုထောက်ခံရသဖြင့် ပညာအုပ်ဦးဘဟန်မှာ မျောက်မျက်နှာကဲ့သို့ ရှုံ့မဲ့သွားလေ၏။

ဦးဘစန်းကပင် မတ်တပ်ရပ်၍...

"ရွာက ဆရာမကြီးဒေါ်မြင့်၏ကျောင်းသို့ အဖွဲ့၏အမိန့်အရ သွားရောက်စစ်ဆေးရာ၊ ကျောင်းသား ၄၃ ယောက်နှင့် အလုပ်လုပ်နေသည့်ကို တွေ့ရကြောင်း..."

ပညာအုပ်...

"ကျွန်တော် သွားကြည့်တော့ ၁၅ ယောက်ထဲ တွေ့ပါတယ်"

"ခင်ဗျား ညစ်ပတ်ပြီး အမှတ်တမဲ့ သွားဖမ်းတာကိုးဗျ။ အဲဒီနေ့က သူတို့ရွာမှာ ဘုရားပွဲရှိတယ်။ ခါတိုင်းဆိုရင် ကျောင်းသား ၄၀ ကျော်အမြဲတက်ရောက်တယ်။ ကျောင်းသစ်အတွက် ရံပုံငွေလည်း ရှိပြီမို့ ဒေါ်မြင့်ရဲ့ကျောင်းကို မူလအထက်တန်းကျောင်းအဖြစ် အသိအမှတ်ပြုပြီး လခ ၃၀ ကျပ်၊ အုပ်ချုပ်ခ ၅ ကျပ်၊ ပေးရန် အဆိုတင်သွင်းပါတယ်"

ထို့နောက် ကန့်ကွက်သူမရှိ၍ အတည်ပြုကြလေ၏။ မမြင့်ကား အစည်းအဝေးခန်းပေါက်မှ နားထောင်နေရာ၊ ပြုံးပြုံးကလေး ဖြစ်၍ သွားလေ၏။ အခြားကိစ္စများ ဆက်လက်ဆွေးနွေးပြီးနောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်ရာ၊ မင်းဘားအသီးသီး ထွက်ခွာခဲ့ပြီး မိမိတို့ လျှောက်ထားသည့်အတိုင်း ရရှိလျှင်ကျေးဇူးဆပ်ပါမည်ဟု ကတိပေးထားသော ဆရာများမှာ ဦးဘ

စန်းအား ရှိခိုးရတော့မလို၊ မင်းဘားများအား ဆလံရင်ရတော့မလိုဖြစ်၍ သွားကြလေ၏။

ထိုဒိစကြိတ်ကောင်စီ၏ လူများသည် တစ်နေ့တစ်ခြားဆိုးရွားလာလေ၏။ ဦးဘစန်းကား ၃လ ခန့်အကြာ ဆရာမ မမြင့်နှင့် ညားကြပြီဟု ကြားရ၍ ဆရာမ မသီ၏ကျောင်းမှာ စာရင်း မှ ပယ်ဖျက်ခြင်းကို ခံရလေ၏။

ကျွန်တော်တို့ အရေးပိုင်ရုံးနှင့် စာများခဏခဏ ရေးသားကူးလူးဆက်ဆံနေရာ မကြာမီပင် ဒုတိယချယ်ယာမင်မှာ ငွေစားမှုနှင့် ထောင် ၆လ ကျ၍ သွားလေ၏။ စက္ကရီတေရီမှာကား လာဘ်ယူမှုနှင့် ရာထူးအချခံရကာ၊ ပညာရေးချယ်ယာမင် တစ်ယောက်မှာ ခရီးစရိတ်လိမ်ထုတ်မှုနှင့် တစ်လအချုပ်ခံရပြီး ထုတ်သမျှခရီးစရိတ်ကို ပြန်သွင်းရလေ၏။

ဦးနစန်းကား နွားအတွက် ငွေသုံးမှု၊ ခရီးစရိတ် ၂၆ဝဝ ပိုသုံးမှုနှင့် ကောင်စီက စဉ်းစားမည်ဟု အမိန့်ချလေရာ၊ အထူးအစည်းအဝေးခေါ်ပြီးလျှင် ချယ်ယာမင်ရာထူးက ဖြုတ်ချကြလေ၏။ ဦးဘစန်းပါတီဝင် မင်းဘား ၅ ယောက်ခန့်သည် အထက်အစိုးရ အမိန့်ကို ကြောက်သောကြောင့် ဆန့်ကျင်ဘက် ဦးထင်တို့ပါတီနှင့် ပေါင်းလိုက်လေ၏။

ဦးဘစန်းကား ဘာမျှအရေးမကြီး၊ ရည်းစားများနှင့် ဇနီးမယားများထံ လှည့်လည်သွားလာ ပျော်ပါးလျက်ရှိလေ၏။ ၎င်းတွင် ရန်သူများရှိလေရာ ထိုရန်သူများမှာ အခါကောင်းကို စောင့်စားနေဟန် ရှိလေ၏။

တစ်နေ့ကား ကျွန်တော်တို့ရုံးသို့ ကြေးနန်းရောက်လာ၍ ဖောက်ကြည့်ရာ ဦးဘစန်းသည် ဧနီးသည် မမြင့်ရွာကအပြန်၊ လမ်းတွင် ဓားခုတ်ခံရတော့ကြောင်း။ မမြင့်၏ ရည်စားဟောင်း အားလည်း ဖမ်းဆီးထားရာ၊ စက်ရှင်ရုံးကျမှ လွတ်မြောက်လေ၏။

အချို့ကလည်း ဒုစရိုက်ကောင်စီ ပါပဝါဒီ၏ အကြီးအမှူး မကောင်းဆိုးဝါး သတ္တဝါကြီး ဦးဘစန်းသည် အဝီစိ၏ အခေါ်ကို မစောင့်ဘဲ ကိုယ်တိုင်ဆင်း၍ ပြေးပြီဟု ပြောကြလေ၏။ အသက်ငယ်ငယ်နှင့် ကျန်ရစ်သော ဆရာမများမှာ အချို့မုဆိုးမ၊ အချို့ နောက်ထပ် လင်ယူလျက် ရှိကြ၏။ ကျွန်တော် ၏ စာရေးတစ်သက်၌ ဤမျှဆိုးရွားသော ဒုစရိုက်ကောင်စီမျိုး မတွေ့ဖူးသဖြင့် မှတ်တမ်းတင်၍ ထားရတော့၏။ အရေးပိုင်ကလည်း ဒီလိုဖြစ်တာကောင်းတယ်ဟု ပြုံး၍ ပြောပါသေးကြောင်း။

❖ ❖ ❖

# အခန်း (၉)

ကျွန်တော်၏အရေးပိုင်သည် လူဆန်းလူရမ်းတစ်ယောက် ဒိစတြိတ်ကောင်စီနှင့် ဆူလိုဆူ၊ လက်အောက်စာရေးများအား ပူလိုပူနှင့် နေခဲ့ရာ၊ မကြာမီ ကျွန်တော်တို့မြို့သို့ အိုင်စီအက် နယ်ပိုင်တစ်ယောက် ရောက်လာပြန်ပါကြောင်း။

အရေးပိုင် မစ္စတာရောဘတ် အမ် အေ၊ အိုင်စီအက်နှင့် အဆိုပါ နယ်ပိုင်ဝန်ထောက် မစ္စတာ ဂျွန်ဆင် ဘီ အေ၊ အိုင်စီ အက်တို့ တစ်မြို့တည်းတွင် ပူးပေါင်းမိခြင်းမှာ ကျွန်တော် အလုပ် များဖို့ပင် ဖြစ်ပါတော့သည်။ အကြောင်းမူကား မစ္စတာဂျွန်ဆင် လည်း ကျွန်တော့်အရေးပိုင်ကဲ့သို့ မြန်မာစာနှင့် မြန်မာစကားကို ဆည်းပူးနေသောကြောင့် ဖြစ်ပါသည်။

အရေးပိုင်မှာ အမြင့် ၅ ပေ ၁၀ လက်မ ခန့်ဖြစ်ရာ၊ မစ္စတာ ဂျွန်ဆင်မှာ အရပ် ၆ ပေက လက်မဝက် နီးပါးခန့်ပင် စွန်းသေး သည်။ ကျွန်တော်တို့ မြန်မာလူမျိုးများနေအိမ်တွင် တံကါး ၆ ပေ ခန့်မြင့်လျှင် လူတိုင်းလိုပင် လွတ်လပ်စွာ သွားနိုင်ကြပါသည်။

မစ္စတာ ဂျွန်ဆင်ကား ထိုအိမ်မျိုးတွင် ခေါင်းမင့်က တံခါးပေါက် အထက်ကန့်လန့်သစ်သားက သူ့ထိပ်ကို မကြာခဏ ပုတ်လွှတ်ခြင်းကို ခံရရှာပါသည်။

မစ္စတာ ဂျွန်ဆင်ကား သတိရလျှင် တံခါးပေါက်သို့ ဝင်တိုင်း ဖျိုင်းခြေထောက်နှင့် ကျောလျားရှည်ကြီးကို လေးကိုင်းသဏ္ဍာန် ရှေ့သို့ကုန်းလျက် အပေါက်ကို အရိုအသေပေးသလို ဝင်ရ ရှာပါသည်။ ၎င်း၏ မျက်လုံးများမှာ ဘိလပ်ရေပုလင်းထဲက ဖန်သီးကို အလည်ထည့်ထည့် သွင်းထားသည်ဟု ထင်ရလောက်အောင် ပြာလဲ့လဲ့ဖြစ်၍ နေလေရာ၊ အသားမှာ လင်းတနီအသားကဲ့သို့ပင်တည်း။ ဆံပင်ကား ကြေးနီရောင် လိမ်ကောက်ရှုပ်ထွေး၍ ပြောင်းဖူးမွှေးကဲ့သို့ ဖြစ်ပါသည်။

မစ္စတာဂျွန်ဆင်၏ အသက်မှာ ၂၅ နှစ်ခန့်ဖြစ်ရာ၊ ကျွန်တော်ထက် တစ်နှစ်ကြီးပါသည်။ သူ၏ရုပ်ရည်ကို ကြည့်လျှင် မြန်မာစကား တတ်ပါ့မလားဟု အောက်မေ့ဖွယ်ရာ ပြစ်၏။ သို့ရာတွင် မစ္စတာရောဘတ်ကဲ့သို့ပင် တောက်တိုမယ်ရ ဗူလိနစ်စတိုလီမိုလီတို့၏ အဓိပ္ပာယ်ပါ မေးမြန်းလိုက်စားထား၍ မြန်မာစကား ပီသစွာ ပြောနိုင်သည်ကို ဂုဏ်ယူပါသည်။ နှစ်ဦးစလုံးမျက်နှာဖြူများပင် ဖြစ်သော်လည်း မြန်မာပြည်တွင် မြန်မာစကားနှင့်မြန်မာစာကို ကျွမ်းကျင်မှ မြန်မာအစိုးရအဖွဲ့ အုပ်ချုပ်ရေးတွင် အမှုထမ်းသင့်သည်ဟု ယူဆထားသူများလည်း ဖြစ်ကြပါသည်။ မြန်မာစကား ပီအောင်ပြောနိုင်သော ကပြားများ၊ သူတို့ကိုသူတို့ ဘိုအစစ်ထင်အောင် မပီကလာ ပီကလာပြောသည်ကိုလည်း ရယ်မောကြသူများ ဖြစ်ပါသည်။ ၎င်းတို့နှစ်ဦး ပူးပေါင်းမိပြီးနောက်

ညတိုင်းလိုလိုပင် မစ္စတာရောဘတ် အိမ်တွင်ဖြစ်စေ၊ မစ္စတာဂျွန်ဆင်အိမ်တွင်ဖြစ်စေ တစ်နာရီခန့် မြန်မာစကားနှင့် မြန်မာစာအတွက် ပြောဆိုဆွေးနွေးကြပါသည်။

ငင်းတို့မှာ ရုံးတွင်သာ ရာထူးအလိုက် နေကြသော်လည်း၊ အရပ်ထဲရောက်လျှင် ရင်းရင်းနှီးနှီး မိတ်ဆွေကဲ့သို့ နေထိုင်ကြပါသည်။ အရေးပိုင် ဝန်ထောက်စသော ရာထူးအဆင့်အတန်းများ အရပ်ထဲရောက်လျှင် ကွယ်ပျောက်သွားကြပါသည်။ ကျွန်တော်တို့ မြန်မာများမှာ မြို့အုပ်၊ အရေးပိုင်တို့ကို အရပ်ထဲတွင်လည်း မိတ်ဆွေကဲ့သို့ ဦးမည်သူ မည်ဝါဟု မခေါ်ဘဲ၊ ရုံးကဂုဏ်နှင့် မြို့အုပ်မင်း၊ ဝန်ထောက်မင်းဟု သုံးစွဲနေကြသည်မှာ ပကာသနလိုခြင်း အောက်ကျခြင်း၏ လက္ခဏာပင် ဖြစ်ပါတော့သည်။

တစ်ညသ၌ကား မစ္စတာရောဘတ်အိမ်တွင် သုံးယောက်သားစားပွဲတစ်ခုတွင် ထိုင်မိပါသည်။ မရှင်းလင်းသော စကားများကို မေးကြပါသည်။

"သော်တာ မင်းတို့ မြန်မာစကားဟာ အတိအကျပြောမရဘူးလား"

"ဘာကို ဆိုလိုတာလဲ"

ထိုအခါ

"စကားစမြည် ပြောတယ်၊ မဟုတ်တရုတ် ပြောတယ်၊ မဟုတ်မဟပ် ပြောတယ်၊ ကလေးကလား..."

စသည်တို့ကို ပြောပြီးလျှင်

"ဒါတွေဟာ အဓိပ္ပာယ်မရှိပါဘူး၊ ဝါစာသီလိဋ္ဌ ဖြစ်အောင်အဲ...ဝါစာသီလိဋ္ဌဆိုတာ စကားပြေဖြစ်အောင် ဖြည့်စွက်ပြောကြတာပဲ"

မစ္စတာ ဂျွန်ဆင်က သူစဉ်းစားထားသော စကားလုံးထဲမှ

"ကလီကမာ ဆိုတာကော ဘာအဓိပ္ပါယ်လဲ"

"လိမ်တယ် ညာတယ်လို့ ဆိုလိုတာပေါ့"

"ဘာလို့ ကလီကမာ ပြောသလဲ"

ဟု ထပ်ဆင့်မေးရာ ကျွန်တော်အကျပ်ရိုက်၍ သွားပါသည်။ ကျွန်တော်လည်း စဉ်းစားရသမျှ နားလည်သူများနှင့် စုံစမ်းထားဖူးရာ ကလီကရောတီလိ ကလီတမာ ဟု ဘုန်းကြီးလူထွက်များ ဝိဂြိုဟ်ပြုပေးသော်လည်း၊ ထိုစကားကို အဓိပ္ပါယ်နှင့်သုံးစွဲပုံ ရှာမရအောင် ဖြစ်ရပါသည်။ ထို့ကြောင့်

"လိမ်တယ်... ညာတယ်... ဆိုတာကို တစ်မျိုးသုံးချင်ရင် ကလီကမာလုပ်တယ်လို့ ပြောကြတာပေါ့"

ဟု ပြောရာ သူတို့ ကျေနပ်ပုံမရပါ။ မြန်မာပြင်ဖြစ်သော်လည်း မည်သည့် မြန်မာမှ မြန်မာစကားကို ကုန်အောင်မတတ်ကြဘူးဟု ဝန်ခံလိုက်ရပါသည်။

"လျင်လျင်မြန်မြန်၊ ရှင်ရှင်ပျပျ၊ ပြောပြောဆိုဆို ဆိုတဲ့စကားတွေကော စကား ၂ လုံးဆင့်တဲ့အခါ ဘာလို့ ဒီလိုပြောကြသလဲ၊ လျင်မြန်, လျင်မြန်လို့ ဘာကြောင့် မပြောသလဲ"

"ဒါကတော့ အသံတူချင်း နီနီး ကပ်ကပ် ထားပြောလျှင် အပြောရလဲ လွယ်တယ် နားထောင်လို့လဲကောင်းတယ်၊ ဒါ့ကြောင့်ပြော ဒီလို ပြောကြတာပါ"

ဟု ရှင်းပြရာ၊ ကျေနပ်ပါသည်။

သို့နှင့် အခြားမရှင်းလင်းသော စကားများကို ပြောဆိုဆွေးနွေးပြီးနောက် နှုတ်ဆက်၍ အိမ်သို့ ပြန်ခဲ့ရပါသည်။

နောက်တစ်နေ့ ရုံးတက်ချိန်၌ မစစတာဂျွန်ဆင် စဉ်းစားမရသော လျှောက်လွှာတစ်ခု ရောက်ရှိလာပါသည်။ သူ့စာရေး တစ်ယောက်အား ကျွန်တော့်ဆီသို့ လွှတ်၍ အခေါ်ခိုင်းလိုက်ပါသည်။

ရောက်သွားသောအခါ ပြုံးလျက်...

“သော်တာ ဒီမှာ ငါ နားမလည်တာ တွေ့နေပြန်ပြီကွ၊ ဒီ ရွာသားတွေက ဘာဖြစ်လို့ စပါးအသုံးများတာနဲ့ အခွန်လျှော့ရမှာလဲ”

ဟု လျှောက်လွှာတစ်စောင်ကို ထုတ်ပြရာ...

ယခုနှစ်၌ ကျွန်တော်များ နယ်တစ်လျှောက်တွင် စပါးများသည် လွန်ခဲ့သည်နှစ်ကထက် အသုံးများကြပါသည်။ သို့ပါ၍ လယ်ခွန်တော် မူလလျှော့ထားသော လေးပုံတစ်ပုံမှ တစ်ဝက်အထိ လျှော့ချပေးပါမည့်အကြောင်း စသည်တို့ ဖြစ်၏။

“သူတို့ သုံးချင်တိုင်း သုံးထားတာ ဘာဖြစ်လို့ လျှော့ရမှာလဲ သော်တာ”

ကျွန်တော့်မှာ အစပထမ၌ ‘ငိုင်’၍နေမိပါသည်။ ထို့နောက် “သုံး”ဟူသော စကားသည် သတ်ပုံမှားရသည်၊ ‘သုဉ်း’ ဖြစ်ရမည်ဟု တွေးပြီး...

“ဒီလိုခင်ဗျာ အဲဒါ သူတို့သတ်ပုံမှားလို့ ဖြစ်လိမ့်မယ်၊ စပါးသုဉ်းတယ်လို့ဆိုတာ၊ ‘သုဉ်’သုညဘာမျှမရှိ ပျက်စီးတယ် လို့ ဆိုတာဘဲ၊ အို... ငါးမြှောက်တောင်တွေ ပေါတယ်လို့ ပါသားပဲဗျာ...”

ဟု ရှင်းလင်းပြောဆိုလိုက်ရသည်။

တစ်နေ့၌ကား ပုဒ်မ ၅၀၀ အသရေပျက်မှုတစ်မှုနှင့် ၄၅၁ ၄၅၂ ပိုင် နက်ကျူးလွန်မှုတစ်မှု အရေးပိုင်ရုံးသို့ ရောက်ရှိလာရာ၊ မည်သည့်အမှု မည်သည့်ရုံးသို့ ပို့သင့်သည်ဟု ကျွန်တော်စီစဉ် ပေး၍၊ အရေးပိုင်လက်မှတ်ထိုး အမိန့်ချရသည့်အတိုင်း ဂျွန်ဆင်၏ ရုံးသို့ လွှဲလိုက်ပါသည်။

အမှုတွင် တရားလို, တရားခံတို့မှာ ထူးထူးဆန်းဆန်း ဖြစ် ၍၊ လျှောက်လွှာစကားအသုံးအနှုန်းတို့မှာလည်း မစ္စတာဂျွန်ဆင်၏ အကြိုက်ဖြစ်သောကြောင့် အမှုစစ်ဆေးစဉ် နားထောင်ရန် ဆုံးဖြတ်မိပါသည်။ တရားလိုမှာ ဘုန်းကြီးလူထွက်တစ်ယောက်ဖြစ်၍ တရားခံမှာ အာကြမ်းကြမ်း ခပ်စွာစွာ မိန်းမတစ်ယောက် ဖြစ်ပါသည်။ ဘုန်းကြီးလူထွက်က ပုဒ်မ ၅၀၀ နှင့်စွဲ၍၊ မိန်းမက ပိုင်နက်ကျူးလွန်မှုနှင့် စွဲဆိုထားခြင်းဖြစ်ပါသည်။ အမှုဆိုင်သောနေ့တွင် ရုံးပျာယာတစ်ဦးသည်...

"မောင်တိုင်းကျော်...မောင်တိုင်းကျော်..."

ဟု နယ်ပိုင်ရုံးခန်းမှ အော်ဟစ်ခေါ်ငင်နေရာ၊ ကျွန်တော်လည်း မစ္စတာဂျွန်ဆင်၏ ရုံးခန်းသို့ ရောက်ရှိနေပါသည်။ ၎င်းတို့မှာ ပစ္စည်းအင်အား ဆွေမျိုးမိတ်သင်္ဂဟများသူများ ဖြစ်ကြသဖြင့်၊ လူအများပင် လာရောက်နားထောင်နေကြပါသည်။

ပျာတာ ဟစ်အော် ခေါ်ငင်ပြီးနောက် လူပုံထဲမှ အသက် ၃၀ ကျော်ခန့် ပုဝါအုပ်ပေါင်း၊ ပိုးအင်္ကျီရင်ဖုံး၊ ဇန်ကောက်လုံချည် တစ်ပတ်ရစ်နှင့် လူတစ်ယောက်ဝင်ရောက်လာကာ စစ်တန်းပေါ်သို့ တက်လိုက်ရာ၊ စာရေးသည် ကျမ်းကျိန်စေသည်။

ဘုန်းကြီးလူထွက်များ မည်မျှလူဟန်ဆောင်သော်လည်း ၎င်းတို့ဇာတိ ပေါ်မြဲဖြစ်သည့်အတိုင်း ကိုတိုင်းကျော်၏အမူအရာမှာ ပရိသတ်တို့အား အပြုံးဆေးဖော်သကဲ့သို့ ဖြစ်နေပါသည်။ ရုံးမင်းရှေ့တွင် လက်အုပ်ချီလျက် ခြေစုံရပ်၍နေရာ၊ သူ့ပါးစပ်မှ

"အင်း... ကုသလ၊ ကုသလ... နင်ဟာသူများရှိခိုးခမရပါလျက် မနေနိုင်၊ ခုတော့ နင်ကပြန်ပြီးရှိခိုးနေရပါပကော"

ဟု သူ့ကိုယ်သူ တိုးတိုးပြောသော်လည်း အောက်က အချို့ကြားကြသဖြင့် ပြုံး၍နေကြပါသည်။

သင်းပိုင်အနားဝန်းညီအောင် ဝတ်သကဲ့သို့ သူ၏လုံချည်မှာအောက်ပိုင်းညီ၍နေလေရာ၊ လေပင့်တိုက်သဖြင့် မှိုင်းသွင်းခါစ မီးပုံးပျံဖောင်းကြွသကဲ့သို့ ဖြစ်သဖြင့်၊ လက်ယှက်ထားသောလက်နှစ်ဖက်မှ တစ်ဖက်ကို ရှုတပ်နှုတ်ဆက်သလို ထားခဲ့၍၊ အခြားတစ်ဖက်ဖြင့် လုံကျည်စကိုဆွဲကာ ဒူးနှစ်လုံးကြား၌ ညှပ်နေပါသည်။

တရားသူကြီး

"နာမည်ဘယ်သူလဲ"

တရားလို

"လူအမည် မောင်တိုင်းကျော်၊ ရဟန်းဘွဲ့ ဦးကုသလ" ဟုပြောလိုက်ရာ၊ ပရိသတ်များ ဝါးကနဲပွဲကျသွား၏။

ကြီး "အဘနာမည် ဘယ်လိုခေါ်သလဲ"

လို "ဦးဘိုးဆိတ်၊ မဟုတ်ဘူး... အဲဒါက အဘိုး၊ ဘယ်သူတဲ့လေ အင်း. . . အဖေက အရင်သေပြီး အဘိုးနဲ့နေရလို့ပါ၊ အဲ...မှတ်မိပြီ ဦးဘိုးလွန်း. . ."

ကြီး "အသက် ဘယ်လောက်ရှိပလဲ..."

လို "၁၂၅၉ ခု တပို့တွဲလဆန်း ၅ ရက်နေ့၊ ညစက်နာရီ ၁၄ မိနစ် ၅ စက္ကန့်၊ ကုန်လက် မေမုန်၊ စနေ ကြတင်း၊ ဗုဒ္ဓဟူး နဝင်း"

(ထိုအခါ တရားလို၏ ရှေ့နေက)

"အသက်ကို တိုတိုပြောပါဗျ..."

ဟု ငေါက်လိုက်မှ...

"နို့ဗျာ ခင်ဗျားက ဇာတာကို ပြန်ကြည့်ထား... သေ သေချာချာ ပြောလို့ဆိုတာကိုး..."

ဟု ညည်းထွားရင်း...

"၁၄ နှစ်ပါ ဘုရား..."

ကြီး "ဘာပြောလိုသလဲ"

လို "မှန်လှပါ... လွန်ခဲ့တဲ့ ဝါခေါင်လဆန်း ၅ ရက်နေ့က တရားခံမ မဖွားမြစ်ဟာ သူ့အိမ်ကနေပြီးဆဲဆိုနေပါတယ်"

ကြီး "ဘယ်လိုဆဲသလဲ..."

လို "အလဇ္ဇီတွေ ဆဲဆိုပါသည်" (ထိုအခါ အလဇ္ဇီသော စကားကို တရားသူကြီး နားမလည်မှန်းသိသဖြင့် ရှေ့နေက)

"ဆဲပုံကို ပြောရတယ်ဗျ..."

ဟု ထောက်လိုက်လေ၏။

လို "မဖွားမြစ်ဟာ သူ့အိမ်ရှေ့က (ခက်လိုက်တာနော် ဆဲပုံကို ပြောရမှာ ရှက်စရာကြီးဟု တိုးတိုးညည်းရင်း) "ဟဲ့ ကျောင်းကြီး ဖျက်တဲ့ လူမိုက်ကြီးရဲ့၊ ရှေးဆရာတော်တွေက

ဘုန်းကြီးလူထွက်ထက်မိုက်တာ မရှိဘူးတဲ့ မအေရိုးရဲ့၊ နင်လဲမိုက်တာဘဲ၊ နင့်ဖာသာမနေဘဲ ဘာလို့ ဝင်ရှုပ်ရတာလဲ၊ နင်တို့အမျိုးဟာ အလွန်ရှုပ်တယ်ဟု သူ့ထမိန်ကို ပေါင်လယ်ရောက်အောင် မ,ကာ– မ,ကာ ကုန်းပြီး အော်ဆဲနေပါသည်။ (ဟောဒီလို ဟောဒီလိုဟု စစ်တန်းရှေ့ထွက်ကာ မဖွားမြစ် ဆဲပုံအတိုင်း ဗန်ကောက်လုံချည်ကို ပေါင်လယ်လောက်ရောက်အောင် မ,ကာ ဆဲ၍ပြလေရာ၊ တရားသူကြီးနှင့်တကွ အုံးကနဲရယ်မောကြလေ၏။)

“နောက်ပြီးတော့လဲ နင်တို့အမျိုးဟာ ကျောက်ချဉ်သုံးတဲ့အမျိုးဟဲ့တဲ့၊ ဟဲ့ ကွိတ်မျိုးရဲ့တဲ့၊ ဒီစကားဟာ အလွန်နစ်နာပါတယ်၊ လောကကြီးမှာ ကျောက်ချည်သုံးတဲ့အမျိုးဆိုတာ လူတန်းမဝင်တော့ပါဘူး၊ ဒီလို ဆဲဆိုရုံမက ကျွန်တော်မျိုး နှမဟာ ပိုက်ဆံရှာစားတဲ့ အကြောင်းတွေပါ သူများကို လယ်ပြီးပြောပါသေးတယ်...”

ကြီး “ပိုက်ဆံရှာစားတယ်ဆိုတာ ဈေးရောင်းတာလား”

လို “မဟုတ်ပါဘူး... ပိုက်ဆံရှာတယ်ဆိုတာ မကောင်းတာလုပ်တာကို ပြောတာပါ...”

ကြီး “ခိုးတာလား တိုက်တာလား...”

လို (စိတ်ညစ်ပါပြီဟု တိုးတိုးညည်းရင်း) “ဖာသည်ဖာသည်...”

ကြီး “သိပြီ... ဆက်ပြီးပြောပါ...”

လို “ကျွန်တော့်အမျိုးဟာ ကျောက်ချဉ်သုံးတယ်ဆိုတာ... အစက နားမလည်ပါ၊ သူများမေးကြည့်မှ ကျောက်ချဉ်ဟာ ယောနိမဝ်ကို ကျဉ်းအောင်လုပ်ရတယ်...”

ဟု ပြောလိုက်ရာ၊ မြန်မာများကား လူတိုင်းကို နားလည်ကြသဖြင့် အားလုံးရယ်မောနေကြ၍၊ အချို့မိန်းမများမှာ မျက်နှာအောက်ချ၍ သွားကြလေ၏။ မကြားအပ် တရားသူကြီးဆိုသည့်အတိုင်း မစ္စတာဂျွန်ဆင်ကား စေ့စုံအောင်မေး၍ နေလေ၏။

ကိုတိုင်းကျော်သည် တဖန်ဆက်လက်၍

"တရားခံမ သည် ဤကဲ့သို့ ဆဲဆိုပြီး သူတစ်ထူးကို လှည့်လည် ပြောဆိုခြင်းမှာ ကျွန်တော်မျိုး၏ဂုဏ်ကို ထိခိုက်ပါသည်"

ဟု အဆုံးသတ်လေလျှင်၊ တရားခံမ၏ ရှေ့နေသည် တရားလိုအား ပြန်လှန်မေးခွန်းထုတ်၍ နေလေ၏။

မေး "ခင်ဗျား ဘုန်းကြီးလူထွက်တာ ဘယ်လောက်ကြာပလဲ"

ဖြေ "နှစ်ဝါလောက် ရှိပါပြီ၊ ဘာဖြစ်သလဲ၊ ကျုပ် သူများ မယားခိုး၊ ကျောင်းအစမ, ဆွမ်းအမ သမီး ပိုးပြီးထွက်လာတာ မဟုတ်ဘူး၊ သင်္ကန်းယားလို့ ထွက်လာတာ ဘယ်လောက်ကြာကြာကိုရင့်အပူ တပဲသားမှ ပါဘူး"

မေး "ခင်ဗျား ဒါရုံးတော်ဗျ ... အိမ်မဟုတ်ဘူး၊ ကောင်းကောင်းပြောပါ၊ ခင်ဗျား သင်္ကန်းဝတ်တုန်းက ခင်ဗျား ဆရာရဲ့ကျောင်းက တိုင်ကပ်နာရီကြီးခိုးပေါင်ပြီး ဘိုင်စကုတ်သွားကြည့်လို့ အပြစ်ရတယ်မဟုတ်လား မညာနဲ့နော်..."

ဖြေ "ဘယ်က ဟုတ်ရမှာလဲ၊ ခင်ဗျာ့ဘဲ့နှယ်သိသလဲ"

မေး "ခင်ဗျား မဟုတ်ဘူး ငြင်းမလား... မမှန်ထွက်ဆိုမှုနဲ့ ဒုက္ခတွေ့မယ်"

ဖြေ “အို ကိုယ့်ဆရာပစ္စည်း ကိုယ်မသိအောင်ယူတာ ဘာဖြစ်သလဲ၊ မလိုတဲ့ ဦးဝိစိတ္တက တိုင်လို့ အမေးခံရတယ်၊ နောက် တစ်ရာတန် အာမခံ ၂ ယောက်နဲ့ ၆ လ နေဘို့ အပြောရတယ်၊ ထောင်ကျတာ မဟုတ်ဘူးဗျ၊ ပြီးတော့ ရဟန်းရယ်လို့ဖြစ်ရင် ရုပ်ရှင်တို့၊ ဘောပွဲ အငြိမ့်ပွဲတို့ ကြည့်ကြမှာပဲ၊ ဘုရားလူစည်စည် ဘယ်အပျို့ပင်ကိုမှ ကျုပ်မဆိတ်ခဲ့ဘူး၊ ဟိုဟာတွေက ရိုးနေပါပြီ ...”

မေး “ခင်ဗျား လူထွက်တော့ သံဃိက စားပွဲ, ကုလားထိုင်တွေ ခင်ဗျားအိမ် ယူလာလို့ စကားများကြသေးတယ် မဟုတ်လား”

ဖြေ “အို ... ဒါလဲ ရှင် ဝိစိတ္တနဲ့ ကျောင်းတကာ ကိုဘိုးထွေးတို့ ရှုပ်ကြတာပါ၊ ကိုယ့်ဆရာပစ္စည်းမို့ ကျုပ်ယူလာရာပေါ့”

မေး “ခင်ဗျား တရားခံမ ယောက်ျား ဘိုးသောင်ကို ဘာ ပြောသလဲ...”

ဖြေ “ဘိုးသောင်, ဘိုးမောင်နဲ့ ဖွားမြစ်–မောင်စံမြတို့ ဂုံညင်းဝိုင်းက စကားများကြတယ်၊ ညနေကျတော့ သူ့အကို ဘိုးမောင်ကို ဟော့ ခင်ဗျားရဲ့ လက္ခဏာနဲ့ သူ့ ဒေဝဒတ်စကားများကြတယ်၊ အမှန်တော့ သူ့ဒေဝဒတ်က လွန်ဒါပဲကွဲ့လို့ ပြောတယ်”

မေး “သည်တော့ ဘိုးမောင်က မဖွားမြစ်ကို ဆဲတယ်ဆိုတာကြားတယ် မဟုတ်လား”

ဖြေ “အိမ်နီးချင်းပဲ ကြားတာပေါ့...”

မေး “ဒီတော့ မဖွားမြစ်က ဒေါပွပွနဲ့ ခင်ဗျားကိုဆဲရော၊ ခင်ဗျားလဲ စိတ်ဆိုးပြီး ဓားရှည်ကြီးနဲ့ လာတယ် မဟုတ်လား”

ဖြေ "ဟော့ ပါရဓိကံ ကျရစေရဲ့၊ ကျုပ်ဓားမကိုင်ဘူး"

ဟု ဒေါသကြောင့် မှားယွင်းထွက်ဆိုရာ၊ ပရိသတ်မှာ ဝေါ ကနဲ ဖြစ်၍သွားလေ၏။

ရှေ့နေကလည်း လယာရှည်၍ လိုရင်းကို မရောက်အောင်ဖြစ်ပျက်နေရာ တရားခံကလည်း စာသံပေသံတွေနှင့် ကြိမ်းဝါးထွက်ဆိုနေသဖြင့် ပရိသတ်မှာ အတော်ရယ်မောရ၍ နေကြပါသည်။ ရှေ့နေ၏လိုရင်းမှာ တရားခံမဆဲသည်မှာ မှန်ကြောင်း၊ ပုဒ်မ ၅၀၀ နှင့်ညီအောင် ပြောဆိုသည်ဆိုရာမှာ မဟုတ်ကြောင်း၊ တရားလိုက ဓားရှည်နှင့် လိုက်သဖြင့် ပိုင်ထိုက်ကျူးလွန်မှုဖြစ်မှာစိုး၍ ကာကွယ်သည့်သဘောနှင့် တင်ကူးတရားစွဲကြောင်း၊ တရားလိုသည် ယုံကြည်လောက်သော လူစား မဟုတ်ကြောင်းကို သရုပ်ဖော်အောင် မေးသော်လည်း၊ တစ်ခါတရံ လိုရင်းသို့မရောက်ဘဲ ရယ်မောစရာဖြစ်၍ နေခဲ့လေ၏။ ထိုနေ့ကား ကိုတိုင်းကျော်အား စစ်ဆေးပြီးလျှင် ကိုတိုင်းကျော်တင်ပြသောသက်သေ ၂ ဦးကိုလည်း ဆက်လက် စစ်ဆေး၍ ရုံးဆင်းလိုက်ပါသည်။

အမှုသွား အဖြစ်အပျက် အမှန်ကား၊ မဖွားမြစ်သည် သူ၏မောင်နှင့်ပတ်သက်၍ ကိုတိုင်းကျော်အား ဆဲရုံတွင်မက၊ ကိုတိုင်းကျော်၏ နှမလေးအကြောင်း မကောင်းပြောဆိုသည်မှာ တကယ်အမှန်ဖြစ်ပါသည်။ ကိုတိုင်းကျော်၏ နှမမှာ ရည်းစား ၃ ယောက်ပျက်ဖူးသော်လည်း အရပ်ပျက်ကား မဟုတ်ရှာပါ၊ တဖန်ကိုတိုင်းကျော်ကလည်း ခတ်ရက်ရက်နှင့် ခါးထောင်းတမျှားမျှားကျိုက်ကာ "ရဲ-ထွက်ခဲ့ကြဟ" စသည်ဖြင့် ကြိမ်းဝါးစဉ် အများဖျဉ်၍ ပြီးစီးသွားပါသည်။ သို့ရာတွင် ထုံးစံအတိုင်း ရုံးရောက်လျှင် အနိုင်ရလို

သဖြင့် သက်သေရှာသူကရှာ၊ တဆိတ်တအိတ် ချဲ့သူကချဲ့ဖြင့် ပြုမူကြခြင်း ဖြစ်ပါသည်။ မစ္စတာဂျွန်ဆင်အား ငွေပေးလျှင် ရမလားဟု ကျွန်တော့ထံသို့ပင် စုံစမ်းလာကြသေးရာ ထောင်ကျချင်ရင် သွားပေးကြဆိုမှ လက်လျှော့ကြပါသည်။

ထိုနေ့က ထွက်ချက်စကားများ အနက်၊ မစ္စတာ ဂျွန်ဆင်နားမလည်သောစကားများ ပါဝင်နေသည်ကို ကျွန်တော်သတိထားလိုက်မိပါသည်။ ည ၇ နာရီခန့်တွင် သူ့အိမ်က ဘတ္တလာတစ်ယောက်ကို လွှတ်၍ အခေါ်ခိုင်းလိုက်သဖြင့်၊ လိုက်ပါသွားရရာ...

"သော်တာ နေ့လယ်ကစကားတွေ မင်းမှတ်မိတယ်မဟုတ်လား လက္ခဏာနဲ့ ဒေဝဒတ်ဆိုတာ ဘာလဲကွဲ"

"ကုလား ရာမဇာတ်မဟာ ရာမနဲ့ လက္ခဏာရယ်လို့ရှိတယ်မဟုတ်လား၊ ရာမက အကို လက္ခဏာက ညီ၊ ဒါ့ကြောင့် လက္ခဏာလို့ပြောရင် ညီကို ဆိုလိုတာပဲမှတ်ထား၊ ဒေဝဒတ်ဆိုတာက ဘုရားလောင်းသိဒ္ဓတ္ထမင်းသားရဲ့ ယောက်ဖပဲ၊ ဒါ့ကြောင့် ဒေဝဒတ်ဆိုရင် ဗမာက ယောက်ဖပြောတာလို့ နားလယ်တာပဲ"

"ဒါဖြင့် ဘာသာရေးထဲက စကားပေါ့..."

"ဟုတ်တယ် ... (That's as old as Adam) ဆိုတဲ့ စကားဟာ (Bible) ခရစ်ကျမ်းစာအုပ် ဖတ်ဘူးမှ ဒီအကြောင်းကို ရှေးပဝေဏီ ကထဲက သိပြီးဆိုတာ နားလည်သလိုပဲ၊ ဒီတော့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ စာတွေကိုဖတ်ရင် လက္ခဏာဆိုတာညီ၊ ဒေဝဒတ်ဆိုတာ ယောက်ဖ၊ ဝေဿန္တရာဆိုရင် အပေးအကမ်းရက်စက်တဲ့သူ၊ တောမိဆိုရင် စကားမပြော

တဲ့သူ၊ မဟောသဓာဆိုရင် ပညာရှိ၊ ကုသဆိုရင် အရုပ်ဆိုးတာ အဲသလို နားလည်မယ်…"

"ဘယ်စာအုပ်တွေ ဖတ်ရမလဲ…"

"ဓိနတ္ထပကာသနီ၊ ဇာတ်ကြီးဆယ်ဘွဲ့၊ ၅၅၀ နိပါတ်၊ ရာမ ဇာတ်…"

"ကျေးဇူးတင်ပါတယ်… ရှာပြီးပေးစမ်းပါ၊ တစ်ခုနား မလည်သေးဘူး၊ ယောနိမင်္ဂဆိုတာ ဘာလဲ…"

"မိန်းမ အင်္ဂါဇာတ်…"

"ဘာလဲ မိန်းမ ဘာလဲ…"

ထိုအခါ ကျွန်တော်သည် ကလေးများနားလည်သော စကားဖြင့် သူ၏နားသို့ ကပ်ပြီးပြောကာ၊ "ကန်နီနဲ့ စီပိုင်းမ" ဆိုလိုက်ရာ၊ အသံထွက်အောင်ရယ်မောပါကြောင်း၊ ထိုအခါ ကိုတိုင်းကျော် ပြောသောကျောက်ချဉ်ကိုပါ နားလည်သွားရာ၊ သူ့ဟာသူတွေးမိပြီး ပြုံးပြုံးကြီးနေပါတော့သည်။

မစ္စတာဂျွန်ဆင်ကာ လူပျိုပင်ဖြစ်ရာ၊ အသုံးအစွဲ လက်ပွာ သူတစ်ယောက်ဖြစ်ပါသည်။ အရက်နှင့် ဘီယာကိုလည်း မြန်မာ သောက်သောက်လေ့ရှိသဖြင့် သူ့တွင် ငွေပိုသည် မရှိပါ။ ၎င်း၏ ဘောင်းဘီများမှာ ဒိုဘီကြောင့် ဖြူသော်လည်း ခိုင်မာခြင်းမရှိ၊ အချို့ ရိလျက်ပင်ရှိတည်း။ သူသည် ကျွန်တော်ကဲ့သို့ ပညာရှိကြီး တစ်ယောက်န..၂.င့် ဆည်းပူးရသဖြင့် အတော်ကျေနပ်ဟန်တူပါ၏။

"သော်တာ လူတစ်ယောက်ကို ငါ မေးကြည့်တော့ မြန်မာ စကားပီပီသွက်သွက်ပြောနိုင်အောင် ကလပ်ကိုကြည့်ပါတဲ့ ဟုတ် လား"

"ဟုတ်တာပေါ့ ကလပ်ဆိုတာ လူအမျိုးစုံတော့ စကားအမျိုးစုံကြားရ၊ တေလေ စကား၊ ဂျပိုးစကား၊ ဗန်းစကားရော"

"နို... နို... ဒီအသင်ကလပ်ပြောတာ မဟုတ်ဖူးတဲ့ စာကပ်တဲ့..."

သို့ရာတွင် ကျွန်တော် နားမလည်သေး၊ အတန်ကြာမှ တွေးမိသဖြင့်၊

"သြော်၊ ကျွန်တော်သိပြီ ဘုန်းကြီးတွေ သင်ရတယ်၊ ဆန်း တို့ဆိုတာရှိတယ်၊ ကလပ်ကို (ဘိုင်ဟာဒ်) အလွတ်ရတဲ့ ရဟန်း များ လျှာသွက်တယ်လို့ ကြားဖူးတာပဲ"

"မင်း မသိဘူးလား..."

"စာအုပ်တောင် မမြင်ဘူးဖူး"

"ဒီပြင်စကားသွက်တဲ့နည်း မရှိဘူးလား"

ထိုအခါ၌ ကျွန်တော်လည်း ပညာရှိတစ်ယောက်ဖြစ်သည့် အတိုင်း၊ ခင်ဗျား မြန်မြန်ဆိုနိုင်အောင် ကျင့်ရင် စကားသွက်မည် ဟု စကားပလ္လင်ခံမပြီးလျှင်၊ ဟောဒါကို ဆိုကြည့်စမ်း တောင်ပေါ်ကရှမ်း လျှော်ထမ်းလို့လာ၊ ရှည်တဲ့လျှော်ကရှည်၊ တိုတဲ့လျှော်ကတို ဟု မိမိ၏ ပညာရှိဂုဏ်ကို အပျက်မခံနိုင်သောကြောင့် နည်းလမ်းကောင်း ညွှန်ပြရာ၊ မစ္စတာ ဂျွန်ဆင်မှာ တကယ်ပညာလိုချင်သော ကျောင်းသားကဲ့သို့...

"တောင်ပေါ်က ရှမ်းလျှော်ထမ်းလို့လာ၊ ရှည်တဲ့လျှော်ကရှင်၊ တိုတဲ့လျှော်ကတို၊ တောင်ပေါ်ကရှမ်း လျှော်ထမ်းလို့လာ ရှိုတဲ့လျှော်ကရှို၊ တေတဲ့လျှော်ကရှည်"

စသည်ဖြင့် မြန်လေ မှားလေ ဖြစ်၍ နေပါသည်။

"ကိုင်း... ခင်ဗျား ဒါနဲ့ ဟန်မကျသေးပါဘူး၊ ရွှံ့ပေါ် ရှဥ့်ပြေး၊ ရှဥ့်မွေး ရွှံ့မလူး၊ အဲဒါကို ဖြေးဖြေးဆို နောက်သွက်သွက်ဆို"

"ရှဥ့်ပေါ် ရွှံ့ပြေး ရွှံ့မွေး ရှဥ့်မလူး"

ဆိုကတည်းက မှားနေရာ...

"ဟား... ဟား... ဒါလဲ မရသေးဘူး၊ ဘလူးကဒုံး ဒူးနှစ်လုံး ဆိုစမ်း"

"ဘလူးကဒုံး ဒူးနှစ်လုံး... ဘဒူးကဒုံး ဒူးကဒုံး... ဘဒူးကဒုံး ဒူးကဒုံး"

မှားနေသဖြင့် ...

"ကိုင်း... ဒါကတော့ အစတွင်မှားတာ နောက်တော့ မှ်လိမ်,မယ်"

ဟု ပြောလိုက်ပါသည်။

အကယ်၍ အခြားသူစိမ်းတစ်ဦးမြင်က အဘယ်မျှ ရယ်မောကြမည်ကို မပြောနိုင်ပါ။ သို့ရာတွင် ဂျွန်ဆင်မှာ ဆရာ၏ဩဇာကို တစ်သွေမတိမ်း လိုက်နာသော တပည့်ကောင်းကဲ့သို့ ဂါထာရွတ်သလို ဆို၍ နေပါတော့သည်။

❖ ❖ ❖

# အခန်း (၁၀)

ကျွန်တော်တို့သည် စကားတပြောပြောနှင့် ၈ နာရီခန့် တိုင်ခဲ့က အရေးပိုင် ကားတစ်စင်းနှင့် ရောက်လာပြီး သဲပုံစေတီပွဲသို့သွားရန် ခေါ်ငင်ပါသည်။ ကားကို သုံးယောက်သား ထိုင်ပြီး လိုက်သွားကြရာ လမ်းတွင် သဲပုံစေတီအကြောင်းမေးပါသည်။ သဲကို စေတီသဏ္ဍာန် ပြုလုပ်ပြီး ပူဇော်ကြကြောင်းထက် ပို၍ မရှင်းနိုင်ပါ။ ထိုစေတီပွဲတွင် ရုပ်သေးပွဲ ပါရှိရာ၊ ဤဘုရားပွဲမျိုးကို ဤသို့ ရုပ်သေးထည့်ရိုး ထုံးစံရှိသလားဟု မေးပါသည်။ ထုံးစံကားမရှိ၊ ငွေကြေး သဒ္ဓါတရားအလျောက် ပွဲလမ်းထည့်လေ့ရှိကြောင်းနှင့် ပြောရပါသည်။

ကျွန်တော်တို့ မော်တော်ကား ပွဲဈေးတန်းသို့ရောက်လျှင် လူထိုကြီးမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားကား၊ သူကြီးနှင့် ရပ်ရွာထုကြီးမယားက လက်အုပ်ချီကာ တရိုတသေကြိုဆိုကြပြီးလျှင် မင်းခုတင်ခေါ် ကန့်လန့်ကာမိုး ကော်ဇောတွေခင်းထားသော ခုတင်ပေါ်သို့ လိုက်ပို့ပါသည်။ ကျွန်တော်တို့သုံးဦးကား အခန့်သား

နေရာရာ၊ မျက်နှာဖြူနှစ်ယောက်မှာ ရုပ်သေးကို ပထမအကြိမ် ကြည့်သဖြင့် ဆိုင်းဝိုင်း၊ ရုပ်သေးစင်၊ နဖူးစီး၊ ကြာယပ်၊ စသည် တို့ကို မေးပါသည်။ ငှက်ပျော၊ အုန်းပွဲ ရှေ့သို့ ထုတ်ထားသည် ကိုလည်း မေးမြန်းပါသည်။

မစ္စတာဂျွန်ဆင်ကား သူမေးလိုသော အချက်များကို မေးနေ သေးရာ

"သော်တာ ငါ တစ်ခုမေ့နေတယ်။ ကွိတ် ဆိုတာ ဘာလဲ"

ထိုအခါ မစ္စတာရောဘတ်ကပါ...

"ငါလဲ သိချင်တယ်"

ဟု ထောက်ခံပါသည်။ အမှန်အားဖြင့် ကွိတ် ဆိုတာ မိန်း မပျက် ခေါ်ကြောင်း သိသော်လည်း၊ ဘာကြောင့် ကွိတ် ခေါ် ကြောင်း ဝေါဟာရကို မသိပါ။ ထို့ကြောင့်...

"ဟာ... ကျွန်တော် မသိဘူး၊ ကွိတ် ဆိုတာ ဖာသယ် ကို ခေါ်တာပဲ"

နှစ်ယောက်စလုံး ရယ်လျက်...

"အဓိပ္ပာယ်နှင့်တကွ ပြောပါဦး"

ဖကွိတ်၊ ဖာသယ်၊ ပြည့်တန်ဆာ၊ မိန်းမပေါ့၊ မိန်းမရှုပ် မကောင်းတဲ့မိန်းမ၊ ပိုက်ဆံရှာတဲ့ မိန်းမ၊ နတ်သမီး"

"ဘာလို့ နတ်သမီးလို့ ခေါ်သလဲ"

"ဟာ... ဒါတွေဟာ မြန်မာများ ပြောင်ချော်ချော်နဲ့ ခေါ်တာပဲ၊ သူတို့နဲ့ ပျော်ရတာ နတ်ဘုံ နတ်နန်းရောက်သလို ပျော် ရာလို့ခေါ်တာရင်လဲ ဖြစ်မယ်၊ သူတို့ ပြင်ဆင်ထားတာ နတ်သမီး လိုလှတဲ့ သဘောနဲ့ ပြောတာရင်လဲ ဖြစ်မယ်။ ဒါပေမယ့် နတ်

သမီးအစစ်ဆိုတာ မြင့်မြတ်လို့ မြန်မာတွေ ဆင်ခြင်ဖို့ကောင်းတာ ပဲ”

ထိုအတွင်း ရုပ်သေးမှ ဆင်နှင့်ကျား ထွက်ပေါ်လာရာ၊ စားပြတ်ပြီးလျှင် အာရုံစူးစိုက် ကြည့်ရှုနေကြပါသည်။ နောက် မြင်း၊ ဇော်ဂျီ၊ ဘီလူး၊ မျောက်၊ ငှက်ကလေးများ တစ်ခုပြီးတစ်ခု ထွက်ပေါ်ပြီးဘ တိရစ္ဆာန်များပြီးမှ ဝန်ကြီးများ ရှင်ဘုရင်များ ထွက်ပေါ်လာပါသည်။

“သော်တာ... ဒီဟာ ဘာလို့ထွက်တာလဲ၊ ရုပ်သေး ဘယ်တော့ ပေါ်သလဲ”

ဟု မေးမြန်းရာ၊ ကျွန်တော်လဲ မပြောလည်း မပြောတတ် သဖြင့် နှံ့စပ်သော လူကြီးတစ်ယောက်ကို မေးမှဖြစ်မယ်ဟု လူ ကြီးအား အခေါ်ခိုင်းရပါသည်။ မကြာမီ အသက် ၆၀ ခန့်လူကြီး တစ်ယောက်တောက်လာပြီး ကြမ်းပြင်ပေါ်တွင် လက်ယှက်ရှိခိုး နေရာ အရေးပိုင်က ဒီလိုမလုပ်နဲ့ ဟုတားပြီးလျှင် ရုပ်သေး အကြောင်း မေးပါသည်။

“မှန်ပါ၊ အစကချီပြောမှ ပြစ်ပါမယ်ဘုရား၊ ရုပ်သေးဟာ ဘိုးတော်လက်ထက်က စတင်ခဲ့တယ်လို့ ကြားဖူးပါတယ် (ထို အခါ ဘိုးတော်လက်ထက် ဆိုသော စကားကို နားလည်အောင် ရှင်းပြပါသည်။ သဘင်ဝန် ဦးသော်နဲ့ ပြဇာတ်ရေးဆရာ ဦးကြည်ဥတို့က ရာဇဝင်နှင့် ၅၅၀ နိပါတ်တို့ကို စာမတတ်သူများပါ နားမလည်နိုင်အောင် အရုပ်ကလေးတွေနဲ့ ပြရရင် ကောင်းမယ် လို့ တိုင်ပင်ကြပြီး အခုလို ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပါတယ်”

“အရုပ်တွေက ဘာလို့ ထွက်ရသလဲ”

"ဒါက ကမ္ဘာမြေတည်ပုံ၊ သတ္တာဘုံ၊ သီတာ ၇ ဆင့်..."

(ဗုဒ္ဓဘာသာ ကမ္ဘာတည်ပုံကို ကျွန်တော် နားလည်သဖြင့် သတ္တာရုံတွေ ပါဠိတွေမထည့်ဘဲ ရှင်းပြရပါသည်။)

"ကမ္ဘာမြေမှာ တိရစ္ဆာန်တွေရှိပုံ ဖော်ပြခြင်းဖြစ်ပါတယ်"

ဟု ရှင်ဘုရင်များ ဝန်ကြီးများ ထွက်ပုံပါ ရှင်းလင်းပြော ပြပါသည်။ အရုပ်ကြိုးဆွဲပုံ၊ မင်းသား မင်းသမီးမှာ ယောကျ်ား များသာဖြစ်၍ ဘယ်ဘက်လက်က ရှေ့လက်တန်း ကိုင်ကာ ဆောင့်ကြောင့် ထိုင်လျက်၊ ညာလက်က မေးထောက်ဆိုပုံပါ သရုပ်ပေါ်အောင် ဟန်လုပ်ပြရာ ရယ်မောကြပါသည်။ အဘိုးကြီး ကား အရေးပိုင်၊ နယ်ပိုင်နှင့် ပြောရဲဆိုရဲဖြစ်လာကာ၊ ဆရာကြွယ် တို့ ကို ဖူးညိုတို့ကောင်းပုံ၊ ဆရာမှူကြီး၊ ဦးသာဓ၊ ဦးသာဖျော၊ ပိဋကတ် ဆရာမောင်တို့ အကြောင်းကိုပါ ပြောရာ...

"ဒီမယ် ဆရာကြီး ဟောဒီက အရေးပိုင်နဲ့ နယ်ပိုင်က ပွဲ အခုမှ ကြည့်ဖူးလို့ ရှေးရုပ်သေးဆရာအကြောင်း ခင်ဗျားပြောပေ မယ့် နားလည်မှာ မဟုတ်ဖူး၊ မှတ်သားစရာ တစ်ခုခုသာ ပြောပါ"

ဟု ကျွန်တော်က ပိတ်လိုက်ရာ ရုပ်သေးကပြသောအခါ မဟားယွင်းတတ်ပုံ၊ အအပ်ပျက်၍ ကိုးရိုးကားရားဖြစ်ပုံများပါ ပြော ပြပါသည်။

"တစ်ခါတော့ မင်းသမီး မင်းသား တောထဲ တောင်ထဲ အရောက် မျက်စိလည် လမ်းမှားတဲ့ မင်းသမီးမင်းသားကို စား တော့မယ့် ဘီလူးထွက်ရမှာကို၊ ဆိုင်းကလည်း ဓာတ်ကွက်သိပြီး မို့ ကရောင်းနှက်၊ ဘီလူးဆိုင်းတီး၊ မင်းသားကြမ်းကလဲ အရုပ် တစ်ရုပ်လို အိပ်ချင်မူးတူးနဲ့ ဆွဲထွက်လာတဲ့ပြီ ..."သယ် ...

ဟယ် ... ဟုတ် ... သယ်” ဟုဆိုစဉ် ပရိသတ်မှာ တဝါးဝါးနဲ့ ရယ်မောနေကြတာပဲတဲ့၊ ဘာကြောင့်လဲဆိုတော့ သူဟာ ဘီလူးဆွဲထွက်ရမယ့်အစား မိန်းမရုပ်ကြီးတစ်ရုပ် ဆွဲထွက်လာတာကို၊ အနားကလူတစ်ယောက်က “ဟေ့လူမှားနေပြီ”ဆိုတော့ ကိုယ့်အရုပ်ကို ကြည့်တဲ့ပြီး အရုပ်မှားနေသည်ကို အရှုံးမပေးလိုသဖြင့် **“သယ် . . . ဟယ် . . . ဟယ် . . . သောက်ချီး အီး ... ဟီး . . . ဟီး”** အသံကုန် ညှစ်အော် လိုက်တော့ တစ်ပွဲလုံး ပတ်တုတ်လို့ မရဘူးတဲ့” စသည်ဖြင့် ပြောရင်း လူကြီးမှာ မျက်ရည်များထွက်အောင် ရယ်မောနေပါသည်။ ကျွန်တော်လည်း ရယ်မောမိပါသည်။ မျက်နှာဖြူ နှစ်ယောက်ကား အိန္ဒြေနှင့် နားထောင်နေရာ၊ လူကြီးမှာ ရိုင်းမည်စိုး၍ **စ** နေရာတွင် **သ**ကို ထည့်ပြီး ပြောသွားခြင်း ဖြစ်သောကြောင့် ကျွန်တော်က အဓိပ္ပာယ် ရှင်းပြီး ကန့်နီနဲ့စီပိုင်း လုပ်လိုက်မှ ရယ်မောကြပါသည်။ ကျွန်တော်တို့လည်း မင်းသမီး၊ မင်းသား နှစ်ပါးသွားမည်ဟု လူပြက်တွေက ပြက်လုံးထိုး၊ တဝါးဝါး ရယ်မော နေကြစဉ်ပင် ကားဆီသို့ ကာခဲ့ကြပြီးလျှင် အိမ်သို့ ပြန်ကြပါသည်။

ကိုတိုင်းကျော် တရားလိုအဖြစ်နှင့် စွဲဆိုသောအမှုမှာ ၄-၅ ရက်မျှ စစ်ဆေးပြီးလျှင် မဖွားမြစ်အား ဒဏ်ငွေ ၅၀ တပ်၍ ငွေ ၂၅ ကျပ်ကို လျော်ကြေးအဖြစ် တရားလိုအား ပေးစေပါသည်။ ထိုအမိန့်ချသောနေ့၌ ကိုတိုင်းကျော်မှာ ကခုန်တော့မည်ကဲ့သို့ ပြစ်ရားမဖွားမြစ်မှာ အစိမ်းလိုက် ဝါးစားချင်သည့် မျက်နှာဖြင့် ကြည့်ရှုနေသည်ကို သတိထားမိပါသည်။

နောက် ၃ ရက်ခန့်အကြာတွင် မဖွားမြစ်က တရားလို ကိုတိုင်းကျော်က တရားခံအဖြစ်နှင့် ပိုင်ထိုလ်ကျူးလွန်မှုကို၍ စတင် စစ်ဆေးပါသည်။ ကိုတိုင်းကျော်မှာ ငါ့အား မတရားဆင်ပြီး တရားစွဲတယ်ဟု မဖွားမြစ်အား ဒေါသထွက်နေရာ မဖွားမြစ်က လည်း ဒင်းကြောင့် ဒဏ်ငွေတပ်ခံမရသည်ဟု မျက်မုန်းကျိုး၍နေ ပါသည်။

၎င်းတို့မှာ ရုံးပေါက်တစ်နေရာတွင် ဝဲ,ယာ ညှပ်လျက် ကိုယ့်လူစုနှင့်ကိုယ်နေကြရာ၊ ကိုတိုင်းကျော်သည် မဖွားမြစ်တို့ လူသိုက်အနားက ဖြတ်သွားစဉ် မဖွားမြစ်က ထွီ ဟုတံထွေးထွေး လိုက်ပါသည်။

"ဟဲ့ လူ မမြင်ဘူးလား"

"မမြင်နိုင်ဘူး နင် ကြည့်ရှောင်ပါလား"

"နင်က ဘာလဲ စော်ကားတာလား။ ငါ့သတ္တိကို မသိဘူးလား"

"အောင်မယ်. . .နင်လို အကောင် ကြောက်မတဲ့လား"

ဟု ထမီကို တိုတိုပြင်ဝတ်၍ မတ်တပ်ရပ်လိုက်ရာ . . .

"အောင်မယ် ငါ့လခွီး လူလုပ်လို့ မျိုးပြုတ်စေ့မယ်"

ဟု လုံချည်ကို ခါးတောင်းမြှောင်နေအောင်ကျိုက်လျက် သတ်ပုတ်မည်လုပ်ကြရာ၊ ဘေးလူများ ဆွဲ၍ ဖြန်ဖြေရလေ၏။ ကိုတိုင်းကျော်ကား ဆွဲသူပေါလေ လက်သီးလက်မောင်းတန်းကာ ဒေါသနှင့် ရန်တွေ့လေ ဖြစ်၍နေလေ၏။ အတော်ကြာမှ ဘရိတ် အုပ်ရသဖြင့် ကိုတိုင်းကျော်မှာ ခေါင်းပေါင်း ဘီအေပေါင်း၊ ရင်ဖုံး အင်္ကျီကျကျနန ဝတ်ထားလျက် ရေထမ်းကုလားကဲ့သို့ ခါး

တောင်းကျိုက် မဖြုတ်သေးဘဲ တဖြစ်တောက်တောက်နှင့်. . .

“အလကား ရန်စတယ်”

ဟု ပြောဆိုနေရာ. . .

“ဟော့လူ ခါးတောင်းကျိုက်များ ဖြုတ်ပါဦး”

ဆိုမှ လျင်မြန်စွာ ဖြုတ်၍ ချလိုက်ပါကြောင်း. . .

“မဖွားမြစ် . . . မဖွားမြစ်

ဟု ရုံးမင်းက ခေါ်ပြီးနောက်၊ နာမည်, အသက်, အဘ အမည်တို့ကို မေးမြန်းပြောဆိုပြီးနောက်

“ဘုရားကျွန်မသည် လဆန်း (--)ရက်နေ့က ကိုတိုင်းကျော်အား ဒေါသအလျောက် ဆဲမိပါသည်။ လွန်လွန်ကျူးကျူး မပြောရပါ။ ကိုတိုင်းကျော်သည် သူ့ကို ဆဲရမလားဟု ဓားရှည်ကြီးနှင့် ပြေးလာပါသည်။ (ကျုပ်အိမ်မှာ ပြောင်းရိုး ဓားမတစ်လက်ကလွဲလို့ ဘာမှမရှိဘူး၊ မယုံရင် လာကြည့်လှဲ့ဟု မကြားတကြား ပြောလေ၏) ဘုရားကျွန်မ ကြောက်တာနဲ့ အိမ်ပေါ်တက်ပြေးရပါသည်။ (အံမာ ကြောက်တဲ့ မိန်းမကလား ထမီခါးတောင်းကျိုက်ပြီး ကုန်းဆဲနေတာဟု ထောက်ပြန်သဖြင့်၊ ရုံးမင်းက ကိုတိုင်းကျော်အား ဝင်မစွက်ရန် ဟန့်တားကိုက်ရပါသည်) အိမ်ပေါ်တက်ပြေးတော့ အိမ်လှေကားအထိ လိုက်လာပါသည်။ ဦးဘိုးညွန့်နဲ့ ဦးလုရတို့က ဟော့ မောင်တိုင်းကျော် လွန်မယ်ဟု ပြောပြီး ခေါ်သွားကြပါသည်”

စသည်ဖြင့် တွက်ဆိုရာ၊ ကိုတိုင်းကျော်၏ ရှေ့နေသည် မေးခွန်းထုတ်၍နေပါသည်။ ထိုသို့မေးနေစဉ်အတွင်း၌လည်း ကိုတိုင်းကျော်မှာ. . .

"အင်း. . . ဟုတ်ကပြီ၊ ဒါမှ တို့ရှေ့နေကွ၊ ဒါ ဒင်းတို့ ညာတာ အလိမ်ပေါ်တော့မယ်"

စသည်ဖြင့် လက်ဟန်ခြေဟန်နှင့် တိုးတိုးပြောနေရာ၊ သူ့ ကြည့်ပြီး တသောသော ဖြစ်နေကြပါသည်။

တရားလိုမအား စစ်ဆေးပြီးနောက် သက်သေများကို စစ်ဆေးပါသည်။ နောက် ၂ ရက် ခွာချိန်လိုက်ပြီးလျှင် အခင်းဖြစ်ရာ ပွားသောနေရာသို့ တရားသူကြီး ကိုယ်တိုင် လာကြည့်မည်ဟု လည်း မှာလိုက်ပါသည်။

ညနေ ရုံးဆင်းချိန်သို့ ရောက်သောအခါ၊ မစ္စတာဂွန်ဆင် သည် ကျွန်တော့်အား သူနှင့် လိုက်ခဲ့ရန် ခေါ်ငင်ပြီးလျှင် နှစ်ဦး သား ခြေကျင်လျှောက်၍ လာကြပါသည်။ လမ်းတွင် မစ္စတာ ဂွန်ဆင်နှင့် ရင်းနှီးသော ပင်စင်စား ဝန်ထောက်ကြီးတစ်ယောက် နှင့် တွေ့ဆုံရာ ဂွန်ဆင်မှာ သူ ဆည်းပူးထားသော မြန်မာစကား ကို အချက်ကျကျ အသုံးပြုတော့မည်ဟု သဘောထားကာ

"ဘယ့်နှယ် ဦး ဘယ်ကလာသလဲ ခင်ဗျာ့"

"ဩော်. . . ဝန်ထောက်မင်းပါလား၊ ရုံးဆင်းလာပြီကိုး သမီးများ အိမ်က ပြန်လာတာပါပဲ"

"ဘယ့်နှယ် သုဒ္ဓေါဒနမင်းကြီး သိဒ္ဓတ္ထကုမာရ ရွှေကျောင်း ပိတ်မှာ ရန်ကုန်ပြန်လာမယ် မဟုတ်လား"

ဟု မေးလိုက်ရာ အဘိုးကြီးမှာ အံ့အားသင့်ကာ ကြောင် တက်တက်ဖြစ်၍ သွားပါသည်။ မစ္စတာဂွန်ဆင်သည် သူ၏ စကားမှားသွားသလားဟူသော အမူအရာနှင့် ကျွန်တော့်ကို ကြည့် ပါသည်။ ကျွန်တော်က ဘိုးကြီးအား. .

"သားတော်မောင် နွေကျောင်းပိတ်ပြန်လာမယ် မဟုတ်လား"

ဟု ဆက်မေးရာ၊ လာမယ်လို့ စာရကြောင်း ပြောဆိုပြီးလျှင် လမ်းလွှဲ၍ လျှောက်လာပါသည်။ ထိုအခါ ကျွန်ဆင်က

"အိုင်းဆေး သော်တာ မင်းပေတဲ့ နိနတ္တ ပကာသနီကျမ်းထဲက ငါသုံးလိုက်တာပဲ မှားသွားသလား"

"ဟာ... မှားသွားတာပေါ့၊ အဓိပ္ပာယ်က အဖေနဲ့သားလိုပဲ၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများဟာ အထွတ်အမြတ်ထားတဲ့ ပုဂ္ဂိုလ်နဲ့နှိုင်းယှဉ်ပြီး ပြောလေ့ မရှိကြဘူးဗျ"

"အိုး ... ငါအားနာတယ်ကွာ၊ ဒီလို မသိဘဲကိုး"

ထိုသို့ပြောဆိုကြရင်း မစ္စတာဂျွန်ဆင်နှင့် ကျွန်တော်မှာ လမ်းခွဲကြပြီးလျှင် ကိုယ့်အိမ်ကိုယ် သွားကြပါသည်။

နောက်တစ်နေ့ နံနက်ခင်း ရုံးမတက်ခင် ကိုတိုင်းကျော် အိမ်နှင့် မဖွားမြစ်အိမ် အကွာအဝေး အဖြစ်အပျက်တို့ကို နှိုင်းချိန်ရန် ဂျွန်ဆင်သည် ကျွန်တော့်အား လာရောက်ခေါ်ငင်သဖြင့် လိုက်ပါ သွားရပါသည်။ ငှက်ကြီးဝံပို ခြေလှမ်းကဲ့သို့ ၎င်း၏ ခြေလှမ်းများကို မနည်းမီအောင် လိုက်ရပါသည်။

ကိုတိုင်းကျော်၏ အိမ်သို့ မရောက်ခင်၊ သူနှင့်ကျွန်တော် တစ်ဖာလုံခန့်ကွာတွင် နောက်ကျနေရစ်ရာ၊ ကျွန်တော်မှာ မိတ်ဆွေတစ်ဦးနှင့် တွေ့၍ စကားပြောနေမိပါသည်။ မစ္စတာ ဂျွန်ဆင်မှာကား အစွယ်ငွါငွါး မြီးဆံဖားနှင့် ခွေးများဝိုင်းရံလျက်၊ ခင်ဗျား မလာခဲ့နဲ့၊ ခင်ဗျားကို မကြည့်ချင်ဘူး၊ ကိုက်သတ်မည်ဟု ဆိုသည့် အလား ဟိန်းဟောင်ကာ အတင်းဆွဲနေသဖြင့် ခြေနှင့်ကန်လိုက်

ခုန်လိုက် ဟဲ့ခွေးဟု အော်လိုက် ဖြစ်၍နေပါသည်။ သူ၏အမူ အရာမှာ ခွေးများအား မျောက်ချောက်သကဲ့သို့ ဖြစ်နေရာ၊ ခွေး တစ်ကောင်က ရှေ့သို့ အတင်းကိုက်မည် အလုပ်၊ ဆောင့်ကြောင့် ထိုင်ကာ ခဲများကို ကောက်ယူလျက် ထုနေ၍နေစဉ်၊ ကျွန်တော် လည်း အပြေးကလေး လာခဲ့ရပါသည်။ ခွေးများကိုလည်း အိမ်ရှင် များက ဆွဲငင်၍ သွားကြပါသည်။

ဂျွန်ဆင်ကား ဒေါသအလျောက် ကျောက်ခဲတစ်လုံးကို ထိုင်၍ ကောက်လိုက်ရာ၊ ဒိုဘီကြောင့် ဖြူဖွေးနေသော်လည်း ရို လျက်နေသော ဘောင်းဘီမှာ ပခြုပ်တွင်းက မြွေကို ထုတ်သကဲ့သို့ ရှူးကနဲ သူ၏ဖွားဖက်တော်ကို အပြင်သို့ ထုတ်လိုက်ပါသည်။ ကျွန်တော့်မှာ ခိကနဲအသံထွက်ပြီးနောက် ချက်ချင်းအိန္ဒြေဆယ် ကာနေလိုက်ရာ၊ ဂျွန်ဆင်မှာ သူ့အဖြစ် သူသိလျက် ရတ်ချည်း မတ်တပ်ရပ်လိုက်ပါသည်။

သူ၏လက်မှာ တစ်ထွာခန့် ဂွဆုံပြဲနေသည်ကို ဆွဲ၍ စေ့စပ် ရင်း မျက်နှာပျက်၍ နေပါတော့သည်။ ကျွန်တော့်မှာကား မရီ ပဋာစာရီ လုပ်တုန်းက ခလေးစွန်ချီတယ်၊ မရီလဲ ထမိကျွတ်ရော ကျွန်တော်လည်း ဘောင်းဘီပြဲသော စသော ကြင်ခဲဓာတ်ပြားကို သတိရသဖြင့် နှုတ်ယှဉ်တွေးတော ရယ်မောချင်လှသော်လည်း၊ ယားကျိကျိစိတ်ကို အတင်းဖိနှိပ်ထားရပါသည်။ မစ္စတာဂျွန်ဆင် မှာကား မတ်တပ်ရပ်လျက် စကားတော်တော်နှင့် မပြောနိုင်၊ သူ့ ဘောင်းဘီစုတ်ကိုသာ ရန်သူပမာ ကြည့်ရှုနေရှာပါသည်။

ကျွန်တော့်မှာ သူ့အတွက် မျက်နှာပူလျက် အိပ်ထဲကလက် ကိုင်ပဝါနဲ့ ရှေ့က ကာပြီးပေးရမလား။ သူရှေ့ကရပ်ပြီး ကွယ်ပေး

ရမှာကလည်း နောက်မလုံ။ ရင်ဆိုင်ရပ်ရမှာကလည်း မတင့်တယ်။ ဂျာမနီနှင့် ပြင်သစ်ရန်စောင်နေသလို ဖြစ်မည်ကြောင့်၊ မကြံတတ် မစည်တတ် ဖြစ်နေရာ၊ မစ္စတာဂျွန်ဆင်မှာ မျက်နှာများပျက်ကာ...

"သော်တာ လုပ်စမ်းပါဦး သိပ်ရှက်စရာကောင်းတယ်၊ ဟော... လူတွေ ဒီကို လာကြတော့မယ်"

ဟု ပျာယီးပျာရာ ပြစ်ပျက်နေစဉ်၊ ကံအားလျော်စွာ မြင်းရထားတစ်စီး ရောက်လာသဖြင့် အနားသို့ခေါ်လျက်

"ခြေလှမ်းကျဲကျဲ မလှမ်းနဲ့နော်။ ခုန်စွ ခုန်စွလဲ မသွားနဲ့။ ဖြေးဖြေးသွား"

ဟု ရထားဆီသို့ ညွှန်ရာ ၅ တောင်ခန့် ခရီးကို ချုံ့သံတချွင်ချွင်နှင့် ခြေချင်းလိမ်ပွတ်၍ ခေါ်သော ကုလားမကဲ့သို့ သွားရာပါသည်။

"သတိထားတက် သတိထားတက်"

ဟု ပြောစဉ်

"ဝန်ထောက်မင်း ကြွပါဦး၊ ဟိုမှာ စားပွဲပြင်ထားပါတယ်"

ဟု ကိုတိုင်းကျော်က ပြောသည်ကို

"ကနေ့မကြည့်ဘူး ကိစ္စရှိတယ်"

ဟုဆိုကာ ရထားကို အမောင်းခိုင်းရပါသည်။ သူ့အိမ်သို့ရောက်လျှင် ရထားသမားကို ကျောပေးထိုင်လျက် ဘောင်းဘီမလဲသေးဘဲ စားပွဲတွင်ထိုင်ကာ ဘောင်းဘီအရှည် တစ်ဒါဇင်၊ အတို တစ်ဒါဇင် အကောင်းစားများကို မှာနေကျတိုက်သို့ စာရေးသားပြီးနောက် ရက်ပြုံးပြုံးကာ...

"ငါတော့ ချောက်ကျတာပဲ"

ဟုပြောရှာပါသည်။

"ဘယ်သူမှ မမြင်သေးပါဘူး၊ ကျွန်တော်တစ်ယောက်ထဲ"

"မင်းလဲ လူပဲ မဟုတ်လား"

သို့ရာတွင် ဘိုဝန်ထောက်ကို ခွေးလိုက်ပုံ၊ ဘောင်းဘီပြဲ၍ ကိုးရိုးကားရာ ဖြစ်ပုံတို့ပါ အရပ်ထဲတွင် ပြောကြလျက်၊ တသောသောဖြစ်၍ နေပါတော့သည်။

အိမ်ကိုလည်း ညနေခင်းတွင် တစ်ခေါက်သွားကြည့်ပြီး နောက်၊ တရားခံတို့စစ်ဆေးရန် နေ့ရက်သို့ တိုင်ခဲ့ပါသည်။ ထိုနေ့ ကား ကိုတိုင်းကျော်အား လူအများ သနားလည်းသနား၊ ရယ် လည်း ရယ်မောရပါသည်။

လူတို့သဘောကား တရားခံဖြစ်သည်နှင့် တပြိုင်နက်အား ငယ်တတ်သည့်အတိုင်း၊ အာမခံကြောင့် လွတ်လပ်စွာ နေရသော ကိုတိုင်းကျော်မှာ တရားခံ ဝက်ခြံအတွင်းသို့ ဝင်၍နေရလေလျှင်၊ မျက်စိမျက်နှာငယ်ငယ် တွေဝေ၍နေရာက ခမ္ဘော ဟာဝေ ရက္ခတိ ခမ္မစာရီ တရားစောင့်ကောင်းပါရဲ့ဟု တိုးတိုးတိတ်တိတ် ရွတ်ဆို ၍ နေပါသည်။ မဖွားမြစ်၏ တွက်ဆိုချက်နှင့်တကွ သက်သေ တွက်ချက်များမှာ အန်ကိုက်ဖြစ်လျက်၊ ကိုတိုင်းကျော် နစ်နာဖို့ ချည်း ဖြစ်လေရာ။ ဘုန်းဘောလအောဝင်ရတုန်းက အောင်ခဲ့သော ကိုတိုင်းကျော် ရှေ့နေသည် အမှုနိုင်အောင်လိုက်နိုင်ပါ့မလားဟု ပူပင်ဟန်ရှိလေ၏။ နားလည်သူတို့အား စုံစမ်းကြည့်သောအခါ အကယ်၍ တစ်ဖက်စွတ်စွဲချက်ကို ပျက်အောင် မဖျက်နိုင်က အနည်းဆုံး ထောင်ဒဏ် ၃ လ လောက် ကျနိုင်သည်ဟုလည်း သိ

ပြီး ဖြစ်လေ၏။ ၎င်း၏ဝက်ခြံအနီးတွင် ပုလိပ်အမှုထမ်း ၂ယောက် စောင့်၍နေခြင်းသည် ကိုတိုင်းကျော်၏ အသည်းနှလုံးကို ဖြောင်း ပြန်ဖြစ်အောင် လုပ်သကဲ့သို့ ထင်မှတ်ရလေ၏။ မစ္စတာဂျွန်ဆင် သည် မြန်မာစကားဖြင့် တစ်လုံးချင်း လေးလေးတွဲတွဲစီးကာ

မေး "ခင်ဗျား မဖွားမြစ်အိမ်ကို ဓားရှည်ကိုင်ပြီး အတင်း လိုက်တက်တယ်လို့ ပြောတယ်၊ ဘာပြောလိုသလဲ"

ဖြေ "ကျွန်... ကျွန်... ကျွန်... ကျွန်တော်မျိုး ဓားလဲမကိုင်ရ အတင်းလဲမတက်ရပါ ပါ"

ဟု မျက်ရည်ယိုစီးလျက် တုန်လှုပ်ချောက်ချားကာ ပြော လေရာ၊ တရားသူကြီးက...

"မကြောက်ပါနဲ့ ထောင် ၃လ ထက် ပိုပြီး မကျနိုင်ဘူး"

ဟု ပြောလိုက်ရာ ကိုတိုင်းကျော် ထူပူသွားလျက် ထောင် ၃ လ စကားကလွဲ၍ ဆက်ပြီးပြောသော စကားများကို မကြားရ၊ ဝက်ခြံထဲ ဆောင့်ကြောင့်ထိုင်ချကာ ငို၍နေလေရာ၊ ပုလိပ်သား ၂ ယောက်သည် ကိုတိုင်းကျော်၏ ပခုံးကို ကိုင်ပြီး

"ဟေ့လူ ထ... ထ"

"နေကြပါဦးခင်ဗျာ၊ ချက်ခြင်းတော့ မခေါ်ကြပါနဲ့ဦး၊ မှာ ချင်တာကလေးတွေများ မှာလိုက်ပါရစေဦး၊ ဟီး... ဟီး"

"ခင်ဗျား အမှုမပြီးသေးဘူး၊ ဘာဖြစ်နေတာလဲ"

ဆိုမှ ဝက်ခြံကို ကိုင်ကာ မတ်တပ်ရပ်ပြန်ပါသည်။ တရား သူကြီးကလည်း ဆက်လက်စစ်ဆေးပြီးနောက်...

"စီရင်ချက်ကို ဖတ်ပြမယ် နားထောင်"

ဟု ဆိုလိုက်ရာ၊ ကိုတိုင်းကျော်မှာ ဘုရား ဓမ္မော ဟာဝေ ရက္ခတိ ဓမ္မစာရီတရားအတိုင်း ဖြစ်တန်ကောင်းပါရဲ့။ ငါဟာနေ့စဉ် ဘုရားရှိခိုးအိပ်တဲ့ကောင် စသည်ဖြင့် တိုးတိုးပြောနေရာ၊ နား ထောင်ဆိုမှ ခေါင်းကို ဆတ်ခနဲမော့၍ အသနားခံသော မျက်နှာ နှင့် ကြည့်ရှုနေပါသည်။ မဖွားမြစ်ကား ဒင်းတော့ ထောင်ကျမှာ ပဲဟု ဝမ်းသာသော အမူအရာနှင့် ကြည့်ရှုနေရာ၊ တရားသူကြီး လည်း အမိန့်ကို ဖတ်ပြပြီး အဆုံး၌ တရားသေလွှတ်စေဟု အဆုံးသတ်လိုက်တာ၊ ကိုတိုင်းကျော်မှာ သွေးရူးသွေးတန်းနှင့် ဝက်ခြံ အပေါက်က မထွက်ဘဲ အပေါ်က ခုန်ကျော်တက်လိုက်ကာ၊ တူ နိုင်မယ်မထင်ကြနဲ့ ကိုးဆယ်ဆကွာလိမ့်မယ်၊ ကိုးဆယ်ဆကွာ လိမ့်မယ် ဟု ကခုန်နေလေရာ၊ မဖွားမြစ်တို့လူသိုက်မှာ ရှုမဲ့၍သွား ပါသည်။ ကိုတိုင်းကျော်ကိုကား အခြားမိတ်ဆွေများက ဆွဲခေါ် သွားသဖြင့် ပြုံးပြုံးနှင့် လိုက်ပါ၍ သွားလေသည်။

❖ ❖ ❖

# အခန်း (၁၁)

မစ္စတာရောဘတ်၊ မစ္စတာဂျွန်ဆင်နှင့် ကျွန်တော်ပါ ၃ ဦးသားတို့သည် ရာထူး ဂုဏ်ထူးအားဖြင့် မတူကြသော်လည်း မိတ်ဆွေများကဲ့သို့ ပေါင်းသင်းဆက်ဆံခဲ့ကြပါသည်။ ပျော်လည်း အလွန်ပျော်ပသည်။ ထိုကဲ့သို့ နေကြသည့်အတွင်း မစ္စတာဂျွန်ဆင် ပထမပြောင်းရွှေ့ရပါသည်။ နောက် မစ္စတာရောဘတ် ပြောင်းရွှေ့ရပြန်ပါကြောင်း။ မစ္စတာရောဘတ်နေရာတွင် မြန်မာ အိုင်စီအက် အရေးပိုင်တစ်ဦး ရောက်ရှိလာပါသည်။ ကျွန်တော့်အား အလိုလိုက်၍ အရေးပိုင်အား သူငယ်ချင်းပေါင်း ပေါင်းခဲ့ဖူးသဖြင့် မြန်မာအရေးပိုင်နှင့် ကျွန်တော်မှာ မတည့်ချင်တော့ပါ။ အမှန်အားဖြင့် သူသည် ကျယ်ချင်ပါသည်။ ဘာကျယ်သည်ဟု မပြောလိုပါ။ ကျွန်တော် သူ့အတင်းရေးခြင်းမှာ မနာလို၍ မဟုတ်ပါ။ ကျွန်တော်နှင့် မတည့်သောကြောင့် ဖြစ်ပါသည်။ ကျွန်တော်ကဲ့သို့ ဆောင့်ကြွားကြွား ရဲတင်းသော တေိကလေးမျိုးကို ဘယ်သူလည်း ချစ်ခင်ပါအံ့နည်း။ သူ ရောက်လာ၍ သုံးခန့် အကြာ

စက်ရှင်ရုံးသို့ ပို့လွှတ်ခြင်း ခံရပါသည်။ စက်ရှင်ရုံးတွင်လည်း ရှေ့ကနေ ဖတ်ရသော ရှေ့ဖတ်စာရေးကြီးပင် လုပ်ရပါတော့သည်။

ထိုအခါ စက်ရှင်တရားသူကြီးမှာ မစ္စတာတီအင်ဆင်ဂွတ်ပတား အမည်ရှိ ဘင်္ဂါလီလူမျိုး ဘောင်းဘီဝတ်ဖြစ်ပါသည်။ ငနဲကြီးမှာ မြန်မာလို ကောင်းစွာ မတတ်ပါ။ အင်္ဂလိပ်လိုလည်း အတော်ရွှမ်းသော လူကြီးဖြစ်ပါသည်။ သို့ရာတွင် အောက်လက်ငယ်သားများအပေါ်မှာကား အတော်ညှာတာပါသည်။

တစ်နေ့၌ကား အရေးပိုင်ရုံးမှာ အမှုတွဲတစ်တွဲ ရောက်ရှိလာရာ၊ ကျွန်တော်မှာ အမှုတွဲကိုဖတ်ရင်း အသံထွက်ရယ်မိပါသည်။ ထိုသို့ရယ်မောရခြင်းကား အခြားမဟုတ်။ အမှုတွင်ပါဝင်သူတို့ အမည်ကို ဖတ်မိသောကြောင့်ဖြစ်ပါသည်။ ၃ နံပါတ်သက်သော ကိုဘိုးလုပ်၊ ၄ နံပါတ်သက်သေ မောင်ပေါက်တူး၊ ၅ နံပါတ် မဖာ စသည်ဖြင့် တွေ့ရပါသည်။

ကျွန်တော်တို့ လူမျိုးမှာ ကဗျာဝါသနာပါသူများ ဖြစ်ကြသဖြင့် မောင်သန်း၊ မောင်စမ်း၊ မောင်ဆန်းဟု ကာရံလိုက်မှည့်တတ်ရာ၊ ဘိုးတုတ်၊ ဘိုးချတ် စသည်ဖြင့် မှည့်ရာက ဖိုးလုပ်ဖြစ်လာဟန်တူပါသည်။ မိန်းမများ ကြောက်မလား၊ ချစ်မလား မပြောတတ်။ မဖာ ဟူသည်လည်း သက်သက်မဲ့ နစ်နာရှာပါသည်။ တကယ့် မိဘများပင်တည်း။

ကျွန်တော်တို့ မြန်မာလူမျိုး မိဘများသည် သားသမီးနာမည်ပေးရာ၌ အထူးသတိထားဖို့ ကောင်းပါသည်။ ဝက်လို့မှည့်ပြီး ကြီးသည့်တိုင်အောင် ဝက်ဖြစ်နေသူများ၊ ခွေးမ ခွေးမလို့ ခေါ်ပြီး ကြီးသည့်တိုင်အောင် အမြီးပေါက်နေသူများ၊ ကိုဖိုးကြာ

ဆိုလျှင် အင်ဂျက်ရှင်းနှင့် ပတ်တီးမြင်သယောင်ယောင်၊ မငါက်တေး၊ ကိုပလုံး၊ ကိုပေါက်တူစသည်တို့လည်း အများပင် ကြားဖူးကြပါသည်။

ထိုအမှုသည်တို့ကား မကြာမီစက်ရှင်ရုံးသို့ ရောက်ရှိလာပါသည်။ စက်ရှင်ရုံးတွင် လူအတော် စည်ကား နေပါသည်။ တရားလိုဘက်မှ မျက်နှာကြီးဖြစ်၍ လူအပို ၃ ဒါဇင်ကျော်လိုက်လာကြရာ၊ တရားခံဘက်မှလည်း ချစ်သူ သနားသူ ပေါသဖြင့် ၂ ဒါဇင်လောက် လိုက်လာကြပါသည်။

၎င်းတို့ကား ကျောင်းတက်နောက်ကျမည် စိုးသောကျောင်းသားများကဲ့သို့ နံနက် ၈ နာရီ ၉ နာရီလောက်က တင်ကူးရောက်ရှိလာကြရာ၊ စက်ရှင်မင်းကြီးမှာ ၁၁ နာရီခန့်မှ ရောက်လေ့ရှိပါသည်။ ပုလိပ်အချုပ်ခန်းမှာလည်း တရားခံအား ၁၀ နာရီအချိန်တွင် ထုတ်၍လာပါသည်။ သံခြေချင်း၊ လက်ထပ်၊ အင်္ကျီနီတို့ဖြင့် များစွာ သိုက်မြိုက်နေပါသည်။ သူ့အမည်ကား ကိုဘိုးရဲတည်း။ နာမည်နှင့်လိုက်အောင် လူသတ်မှုနှင့် အုမ်းခံရသူပင်ဖြစ်တော့၏။ တကယ့် သတ္တိခဲ့ပင် အချုပ်ခန်းဝက်ခြံအတွင်း၌ မသာအလောင်းဘေးတွင် ထိုင်၍ငိုနေသော မိန်းမကြီးကဲ့သို့ ဟီးချငိုကြွေးနေပါတော့သည်။ ကျွန်တော်လည်း နားငြီးလှသဖြင့် အလုပ်စားပွဲက အပြေးကလေးသွားကာ. . .

"ဟေ့လူ ဒီမှာ ဘာလို့ငိုနေရတာလဲ၊ လူသတ်ဝံ့ပြီး ဒီလောက် သွေးကြောင်ရသလား၊ တကာထဲမှပဲ. . ."

"ကျွန်တော်မျိုး မသတ်ရပါဘူးဘုရား။ ကျွန်တော်မျိုးဟာငယ်စဉ်တောင်ကြေး အကလေးအရွယ်ထဲက သူ့အသက်ဆိုလို့

သန်းဥတောင် မတုပ်ဖူးပါဘူး၊ မဲတူရေ... ငါသေရင် သူတော်ကောင်းကို ယူရစ်နော်၊ ဟီး ...ဟီး”

“အလို ခက်ပဲ ခက်တော့တယ်၊ ခင်ဗျား ဘယ်နှယ့် လူလဲ ငိုလိုက်တာ...”

“အမလေး... ကိုယ်တော်ဘုရား ကျွန်တော်မျိုး...”

“ကျုပ် စာရေးဗျ။ ဘုရားတွေ စေတီတွေ လုပ်မနေနဲ့၊ ခင်ဗျား အော် အော်ပြီးငိုတော့ ရုံးဆူလွန်းလို့”

“စာရေးကြီးရယ် ကူညီတော်မူပါခင်ဗျာ ...ကယ်မတော်မူပါဦး၊ ချမ်းသာနဲ့ နောက်တိုး တစ်ရှည်း ပူဇော်ပါမယ်”

ထိုအခိုက် ရုံးပျာတာသည် ကျွန်တော့်အနားသို့ ကပ်၍ တရားခံအား မုန့်ကျွေးခွင့်ပြုရန် ပြောလာပါသည်။ ကျွန်တော်ကလည်း မင်းကြီးမလာခင် မြန်မြန်ကျွေးဟု ပြောလိုက်စဉ် တရားခံအား မုန့်ကျွေးခွင့်ရရန် တစ်ကျပ်ဘာဘ်ထိုးယူထားသော ပုလိပ်အမှုထမ်းများမှာ ကိုင်း ငါ့လူစား ဟု ခွင့်ပေးကြပါသည်။ ကိုဘိုးရဲမိတ်ဆွေများလည်း ပုလိပ်မျက်နှာချိုသည်နှင့် တပြိုင်နက် ကိုင်း ဘိုးရဲ စားဟငါ့လူ ဘာအားငယ်စရာ ရှိသလဲ၊ မငိုပါနဲ့တော ဟု အားပေးကြရာ၊ မုန့်ဟင်းခါး ၂ ပန်းကန်၊ ဘယာကြော် ၁ ပန်းကန်၊ ခေါက်ဆွဲ ၃ ထုပ် ခဏခြင်းကုန်သွားသည်။ ထိုကဲ့သို့ စားသောက်ပြီးသောအခါ လူပိုများ တရားခံအနီးတွင် မနေရန် နှင်လိုက်သောအခါ၊ တရားခံဇနီးသည် မင်းကြီးမလာခင် သူ့ယောကျာ်းနှင့် စကားပြောပါရစေဟု တောင်းပန်ပြန်ပါသည်။ တရားခံကား ပါးစပ်ထဲကပ်နေသော မုန့်များကို လျှာနှင့်လိမ်၍

စားသောက်လျက် မျက်ရည်တွေ စီးကျနေရာ၊ ကိုင်း တွေ့အမိ ဟု ခွင့်ပြုလိုက်ရပါသည်။

မမဲတူသည် ၅ နှစ်ခန့် ယောကျာ်းကလေးတစ်ယောက် ၂ ခါလယ်ခန့် မိန်းကလေးတစ်ယောက်နှင့် တရားခံဝက်ခြံအနီး သို့ရောက်လာရာ၊ အစောင့်ပုလိပ်အား တရားခံက အစ်ကိုကြီး ထတော့မယ်ဟု ခွင့်တောင်းကာ မတ်တပ်ရပ်ရင်း ဇနီးသည်ကို ကြည့်၍

"အမလေး... မဲတူရေ မြင်ဝံ့သေးရဲ့လား"

ဟုပြောရင်း ငိုကြွေးလိုက်ရာ...

"အို... ကိုဘိုးရဲရဲ့"

ဟု ဇနီးသည်က ပြန်လှန်အော်ဟစ် ငိုကြွေးတော့သဖြင့် တစ်ရုံးလုံး မသာအိပ်ပမာ ပြစ်ပျက်နေပါသည်။

"ကိုင်း... လုပ်ကြကွ... အားရအောင် ငိုကြ၊ မထူး တော့ဘူး"

ဟု ညည်းတွားမိကာ ကြည့်နေရပါသည်။

"ငါများ ကြိုးမိန့်ကျရင်လေ ငါလို သူတော်ကောင်းမှ ယူ ရစ်ဟဲ့ အီးဟီး မြောက်ပိုင်းက ဘိုးဆိတ်လိုအကောင်မျိုးကို အကပ် အခံနဲ့၊ ငါ့သား တာတီး မိကြွက်ကိုလဲ ညီလင်ယူရင် အတူမထား နဲ့ သူအဖွားဆီပို့ အီးဟီး"

"အို နိမိတ်မရှိတာ မပြောပါနဲ့ဆိုမှပဲ အီးဟီး၊ ကျုပ်လေ ကျုပ် တော်သေပေမယ့် ဘယ်ယောကျာ်းမှ မယူဘူး၊ အခုလိုပြော တော့ တော်သေတာထက် အသဲနာသေးတယ် အီးဟီး"

"အင်း လုပ်လိုက်ကြကွ။ ဘုန်းကြီးပျံ ပိုချင်းသည် တွေရောက်နေပြီ"

ဟု အော်ဟစ် ပြောဆိုမိပါသည်။ တရားခံသည် ၎င်း၏ သားချစ်ကလေးအား တာတီးရေ အဘအနား တိုးခဲ့စမ်းကွဲ့ ဟု ပြောစဉ်၊ ရှေ့သို့တိုးလာသော ကလေးအား ပွေ့ချီမည်အလုပ်၊ လက်ထိပ်ကြောင့် မပွေ့ချီနိုင်ဘဲ နေရာအကြောင်းဆိုးလေခြင်း လူကလေးရယ် ဟု ငိုကြွေးပြန်ပါသည်။ နှပ်တွဲလောင်း၊ လုံကွင်းမပါ၊ ဂျီးပေသော စွပ်ကျယ်နှင့် ၅ နှစ်သားကလေးမှာ မိဘနှင့် ရောယောင်ငိုကြွေးနေရာက

"အဘ ဘာဖြစ်လို့ ဒီအထဲနေတာလဲ၊ တူတူပုန်းနေတာလား၊ အင်္ကျီက စိမ်းစိမ်းကြီးလာတယ်နော်၊ လက်က လက်ကောက်ကြီးကလည်း ချွေလဲမဟုတ်ဘူး"

ဟု တွတ်တီးတွတ်တာ ပြောဆိုနေရာ

"အမလေး ဘာမှ မသိရှာပါကလား သားကလေး၊ အေး... ဟေး... ဟေး အင်္ကျီနီကွဲ့၊ ဒါက လက်ထပ်ကွဲ့၊ မင့်အဘ လူသတ်မှုနဲ့ ဒုက္ခရောက်တာကွဲ့"

ဟု ပြန်လှန်ပြောဆိုကာ ဟီးချငိုကြွေးပြန်ရာ၊ မင်းကြီးလာပြီဟူသော အသံကြားမှ တစ်ရုံးလုံး မီးကိုရေနှင့် သတ်သလိုငြိမ်၍သွားကြပါသည်။

ကျွန်တော်လည်း ရုံးချုပ်စာရေးကြီးထံက အမှုတွဲများကို မင်းကြီးဆီသို့ တင်ပြရာ၊ မင်းကြီးလည်း အမှုတွဲများကို ဖတ်ရှုပြီးလျှင်၊ ထိုလူသတ်မှုကို စစ်ဆေးရန် ရှေ့သို့ ထွက်၍ လာပါသည်။ ရုံးပျာတာအား ကျွန်တော်က သက်သေများ ခေါ်ရန်မည်ပေးလိုက်

ရား ကိုဘိုးလုပ်၊ မဖာ စသော အမည်များကို ခေါ်နေပါသည်။ တရားခံမျက်နှာမှာ မဲ့လျက် မျက်ရည်စအမြဲစိုနေရာ မင်းကြီးသည် အမှတ်တမဲ့ ကြည့်မြင်သွားပါသည်။ မင်းကြီးမှာ သတ္တိရှိသူများကို လွှတ်စရာရှိက လွှတ်ပစ်လေ့ရှိ၍၊ သတ္တိနည်းပါးသူများကို အလွန်မုန်းတတ်ဖြင့်၊ အင်း ဒီငနဲရေတော့ ကြိုးပေးခံရမှာပဲဟု အောက်မေ့မိပါသည်။

ကျွန်တော်သည် ကိုဘိုးလုပ်ဆိုသူအား စစ်တန်းသို့ ခေါ်ယူပြီး ရှန်နီပတ်ထားသော ကျမ်းထုပ်ကို သူ့လက်တွင် ကိုင်စေလျက် **ကျွန်တော်မျိုးသည် ဤအမှုတွင် အမှန်အကန်ထွက်ဆိုပါမည်။ မမှန်မကန် ထွက်ဆိုပါက ဤကျမ်းကျန်စာအတိုင်း ကျမ်းစူးပါစေသား** ဟု နောက်က လိုက်ဆိုစေရာ၊ အပြီးသတ်စကားတွင် ကျမ်းရှူးပါစေသား ဟုညစ်၍ဆိုသော်လည်း အသာနေလိုက်ရပါသည်။ မင်းကြီးက အင်္ဂလိပ်လို မေးခြင်းကို ဘာသာပြန်လျက်၊ အဘ အသက် ဘာသာ စသည်တို့ကို မေးမြန်းပြီးနောက် ဆက်၍ ထွက်ဆိုစေပါသည်။

“ဘုရား ကျွန်တော်သည် ၁၂၈၉ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့ ညနေ နေထန်းတဖျား အချိန်လောက်က လယ်တောက ပြန်လာပါသည်။ သေသူ ဘိုးမြနေသော တဲနားသို့ရောက်သောအခါ ဆူသံညံသံများ ကြားရပါသည်။ ဘာများဖြစ်နေသလဲဟု အပြေးကြည့်တဲ့အခါ ဘိုးမြနဲ့ ဘိုးရဲတို့ သတ်ပုတ်နေကြပါတယ်။ နောက် ဘိုးရဲက ဘိုးမြကို ဓားမြောင်နှင့်ထိုးလိုက်ရာ ဘိုးမြလဲကျသွားပါတယ်။ ကျွန်တော်မျိုး ပွေ့ယူပြီး တစ်နာရီလောက်အကြာမှာ ဘိုးမြ အသက်ပျောက်သွားပါတယ် ဒါပဲပါ”

ထို့နောက် အခြားသက်သေများကို ဆက်လက်စစ်ဆေးရာ ဘိုးလုပ်တွက်သကဲ့သို့ပင် တစ်ညီတစ်ညာတည်း တွက်ဆိုသွားကြပါသည်။ ထိုနေ့ သက်သေ ၅ ယောက်စစ်ဆေးရာ ကျွန်တော့်မှာ မင်းကြီးအား ဘာသာပြန်ပြောရခြင်းဖြင့် အတော်မောရှ် သွားပါသည်။ သက်သေတစ်ဦးကမူ ဘိုးရဲသည် သီချင်းဆိုနေစဉ် ဘိုးမြက မေးပြီး စတင်ရန်ဖြစ်ရကြောင်းနှင့် တွက်ဆိုသွားတာ၊ ထိုသီချင်းအတွက် ကျွန်တော် မင်းကြီးအား ရုတ်ချည်းဘာသာမပြန်နိုင်ဘဲ ဒီဟာ သီချင်းပဲ၊ ဘာသာပြန်ဖို့ ခက်တယ် ဟု ရေးမှတ်ထားပြီးလျှင်၊ အခြားတွက်ဆိုချက်ကိုသာ ဘာသာပြန်နိုင်ပါသည်။ ထိုသီချင်းကား၊ ကျွန်တော့်ကို ဒုက္ခပေးပါသည်။

ကျွန်တော်သည် ဘာသာပြန်ကို အလွန်တော်သူ တစ်ယောက်ဟု အများက ချီးမွမ်းခြင်းကို ခံခဲ့ရသူဖြစ်ပါသည်။ ကျွန်တော့်ကိုယ် ကျွန်တော် ချီးမြှောက်သည်မဟုတ်။ ကျွန်တော်၏ညံ့ဖျင်းမှုကို ဖော်ပြလို၍ ဖြစ်ပါသည်။ အချင်းမဖြစ်ပွားမီကလေးတွင် တရားခံက **နဂါးရယ်ချုံ့ ဖေဂျွန်သူစိုတဲ့ ပင်နို့ရည်ထူး။ သောက်လိုကရင်ချို့ မျိုလိုက်ရင် ပင်ပေါ်ပေါက်တယ်၊ ဂျွမ်းထောက်လို့မူး** ထို ၂ ဆစ်ချိုးမှာ အင်္ဂလိပ်ဘာသာသို့ ပြန်ဖို့မဆိုထားဘိ၊ မြန်မာဘာသာနှင့်ပင် မသိအောင် ဖြစ်၍နေပါသည်။

ကျွန်တော်မှာ ထိုနေ့ရုံးဆင်း၍ အိမ်သို့ ရောက်ပြန်ပါလဲ ထိုကဗျာအတွက် စဉ်းစား၍ နေမိပါသည်။ **နဂါးရယ်ချုံ့ သီဒရက်ဂန်းစ်ဘွတ်ရှိ ဟာ ဒီလို တိုက်ရိုက်ပြန်ရမှာလဲ မဟုတ်သေးဘူးထင်ပါရဲ့** ဟုလူကြီးတွေ လိုက်မေးပြန်ပါလည်း ကျေနပ်အောင် မပြောနိုင်ကြပါ။

တစ်ဖန် သူငယ်ချင်းစာရေးများကိုလည်း အမှုအကြောင်း ရယ်မောပြောဆိုရင်း သီချင်းအတွက် မေးမြန်းကြည့်ရာ...

"ထန်းရည်သောက်လို့ ဂွမ်းဆိုက်အောင်မူးတယ်လို့ ရေးထားတာပေါ့ကွ"

"နို့ကွယ်...နဂါးရယ်ချုံ... ဖေဂဋ္ဌုန်သူစို့တဲ့ ဆိုတာကော"

"ဒါကတော့ ဘိန်းစားများ ဘိန်းမူးရင် နတ်သမီးတွေမြင်လာတာလို၊ထန်းရေသမားကလဲ နဂါးတွေ ဂဋ္ဌုန်တွေ မြင်လာတာပေါ့"

"ဘယ်ဟုတ်မလဲကွဲ့ မူးတော့စိတ်ထကြရော၊ တစ်ယောက်ကနဂါးဆိုရင် ငါက ဂဋ္ဌုန်ကွဆိုပြီး စကားများကြတာဖြစ်မှာပေါ့" စသည်ဖြင့် ထင်ရာပြောဆိုနေကြရာ...

"ကိုင်း မင်းတို့နဲ့ မဖြစ်သေးပါဘူး"

ဟု ပြောခိုက်၊ အမျိုးသားကျောင်းဆရာ တစ်ယောက်ပေါ်လာသဖြင့် ခေါ်မေးရာ ...

"ဩော် ... ခင်ဗျားတို့မလဲ ဒါကလေးတောင် မသိဘဲကိုး"

ဟု စကားပလ္လင်ခံပြီးမှ...

"ဒီလိုကိုသော်တာရဲ့ ခင်ဗျား ထန်းတောထဲမှာ ထန်းရေဘယ်လိုရတယ်ဆိုတာ မြင်ဘူးသလား"

"မြင်ဖူးတာပေါ့ ထန်းနို့ကို အဖျားကလှီးပြီး အောက်ကအိုးနဲ့ ခံယူတာပဲ"

"အဲ. . . ဟုတ်ကပြီ၊ ဒါကြောင့် နဂါးရယ်ချို ဆိုတဲ့ အဓိပ္ပာယ်မှာ နဂါးဆိုတာ ထန်း. . . စနေနံမဟုတ်လား။ စနေကလဲနဂါးနို့ ထန်းလို့မစပ်ဘဲ နဂါးလို့ ပရိယာယ်နဲ့ခေါ်တယ်။ ချိုဆိုတာတော့ ရိုးရိုးချိုပါပဲ။ အဲ. . .နဂါးနဲ့ တူတဲ့ထန်းနို့ဟာ ပြွတ်သိပ်ပြီး ချိုနဲ့တူနေနလို့ နဂါးရဲ့ချို (ဝါ) တစ်နည်း ထန်းနို့ချိုပေါ့ဗျာ။ ပြီးတော့ ဂဠုန်ဆိုတာ ဘယ်နေ့နံနဲ့ ဆိုင်သလဲ"

"ဟာ . . . ဒါတော့သိတယ်၊ ဗုဒ္ဓဟူးပေါ့"

"ခင်ဗျား ဒါတော့ ပြောင်ပြောတာပဲ၊ **တနင်္ဂနွေဂဠုန်ရှေ့မြောက်ကြို နေတုံခြောက်နှစ်မျှ** ဆိုတဲ့ ဂရိဘာသာနဲ့အညီ ဂဠုန်ဆိုတာ တနင်္ဂနွေနံပေါ့ဗျာ၊ နံသင့်အက္ခရာက အသရ၊ ထန်းနို့ က ထန်းရေယိုတာကို အိုးနဲ့ခံယူရတယ် မဟုတ်လား၊ အိုးလို့ မရေးဘဲ၊ ဂဠုန်လို့ ရေးတာ ပရိယာယ်ဗျ၊ ပြီးတော့ အောက်ကအိုးနဲ့ ခံထားတာကလဲ နို့စို့တာနဲ့ တူလို့ သဒ္ဒိသူပစာနည်းအရ ဖေဂဠုန်သူစို့ အဲသလို စပ်တာ၊ ရှေးပညာရှိများဟာ အလွန်ဉာဏ်မြင်တော်မူတာကလာလ၊ ခုကာလ ကဗျာတွေလို . . ."

"ဆက်ပြီး ရှင်းစမ်းပါဦး ဆရာရဲ့"

"သောက်လိုက်ရင်ချို မျိုလိုက်ရင် ပင်ပေါ်ပေါက်တယ်၊ ဂွမ်းထောက်လို့မူး ဆိုတာက သောက်ရင်ချိုတယ်၊ မျိုလိုက်တော့ ဂွမ်းပြန်နေအောင် မူးတာပဲလို့ ဆိုတာပဲ၊ ရှင်းပါတယ် အရသာသေသေချာချာသိချင်ရင် သောက်ဖူးတဲ့သူ မေးကြည့်ပေတော့၊ ဒီကဗျာကို အပြည့်အစုံ အဓိပ္ပာယ်ပြန်ရင် **ထန်းပင်ပေါ်က ထန်းနို့မှ အိုးနှင့်ခံယူရရှိသော ထန်းရည်သည် ထူးခြား၍ သောက်လိုက်သောအခါ ဂွမ်းပျံအောင်မူးပါသည်** ဒီအဓိပ္ပာယ်ပါပဲ"

"ဟင်...ဒါဖြင့် ဒီကဗျာနဲ့ အမှုနဲ့ပါဆိုင်သလဲ။ မင်းကြီး ပါ စဉ်းစားနေတာက ဒီသီချင်းကစပြီး ရန်ဖြစ်တာမို့ ဘယ်လို စောင်းချိတ်တဲ့ စကားတွေပါသလဲလို့ တွေးပြီးနေကြတာ"

ဟုပြောဆိုပြီး လူချင်းခွဲကြပါသည်။ ထိုဆရာ ရှင်းပြသည် တွင် ဂရိဘာသာ၊ သဒ္ဒါသူပစာဆိုသော စကားများ နားမလည် သော်လည်း ထပ်မံမေးက တယ်ဖျင်းတာကိုးဟု အပြစ်တင်မှာစိုး သဖြင့် မမေးဝံ့တော့ပါ။

ကျွန်တော်လည်း ထိုညက မင်းကြီးနားလည်ရန် ဘာသာ ပြန်ဆိုမည်ပြုပြီးမှ ၃ အိမ်ခြားက ကိုဘခင်ဖြင့် ထန်းရည်အတော် မူးတဲ့လူပဲ၊ သွားမေးဦးမှ ဟု သူ့အိမ်သို့ သွားရောက်မေးမြန်းရာ

"ပင်ကျရည်များဟာ သောက်ခါစတော့ ချိုမြမြနဲ့ တယ် ကောင်းတာကိုး မူးလိမ့်မယ် မထင်ဘူး။ ဒါနဲ့ သိပ်သောက်မိရော၊ သိပ်မူးပြီး ဂွမ်းထောင်နေတာပေါ့ မောင်သော်တာရယ်၊ နေကျော် တဲ့ထန်းရေက သာပြီးမူးသေး၊ ပဲကြီးလှော်စားပြီးသောက်ရင် အီး တဘွတ်ဗွတ်နဲ့ အလွန်လူ ကျန်းမာတာလား"

ဟသည် ငင်းတွေ့ဖူးနားလည်သမျှ ပြန်ပြောနေရာ၊ ရယ် မော နားထောင်ရင်း နှုတ်ဆက်ကာ အိမ်သို့ ပြန်ခဲ့ပါကြောင်း။

စက်ရှင်မှု၏ အဖြစ်အပျက်အမှန်ကို ကျွန်တော်စုံစမ်း ကြည့်သောအခါ၊ ဘိုးမြသည် လယ်တောတွင် အရက်သောက်နေ ကြောင်း၊ ဘိုးမြတဲသို့ ဘိုးရဲရောက်လာပြီး နဂါးရဲ့ချုံစတဲ့ သီချင်း ကို သီဆိုရာ၊ ဘိုးမြက **ဟော့ကောင် မင်း ငါ့ကို မူးတယ်လို့စောင်း ဆိုတာလား၊ ငါ့ဘာသာငါသောက်တာ ဘာဖြစ်သလဲ** ဟု တစ် ယောက်တစ်ခွန်းစကားများပြီး ဘိုးမြက ဘိုးရဲဆီအလာ နှစ်

ယောက် သတ်ပုတ်ပြီး ဘိုးရဲက ဓားနှင့်ထိုးခြင်းဖြစ်ကြောင်းနှင့် ဘိုးမြဘက်က ပြောပါသည်။ သက်သေ ကိုဖိုးလုပ်အားရှေ့နေ မေးပုံကို ထောက်လျှင် ၎င်းတို့ပြောတိုင်း ဟုတ်ချင်မှ ဟုတ်ပေမည်။

မေး "အချင်းဖြစ်ပွားတုန်းက ဘယ်မှာ မင်းနေသလဲ"

ဖြေ "အချင်းဖြစ်တုန်းက မရှိပါ၊ ရန်ဖြစ်တော့ရှိတယ်"

မေး "မင်း ဘာကိစ္စနဲ့ သူတို့နားရောက်နေသလဲ"

ဖြေ "ကျွန်တော်လယ်လုပ်နေလို့ ရှိတာပေါ့ဗျ"

မေး "မင်းလယ်တောက ကိုဘိုးမြတဲနဲ့ နီးသလား"

ဖြေ "ဟုတ်တယ် ငါးရာတွင်းလောက်ပဲဝေးတယ်"

မေး "ဒါဖြင့် တစ်မိုင်လောက်ပေါ့"

ဖြေ " ဒါပေမယ့် ကျွန်တော်အနားမှာ ရှိတယ်"

မေး "ဘာလုပ်တာတုန်း"

ဖြေ "နဖားကြိုး ခဏ လာငှားတာပါ"

မေး "အဲသည်နေ့က ဟိုမြို့ကို သွားနေတယ် မဟုတ်လား"

ဖြေ "ဟာ. . . ဘိုးဆင်ဆိုတဲ့အကောင် အလကားသတင်းလွှင့်တာပါ၊ ကျွန်တော် ဘယ်မြို့မှ မသွားရပါဘူး"

မေး "ဘိုးမြ ဓားထိုးခံရတုန်းက ဘာလုံချည်ဝတ်ထားလဲ"

ဖြေ "ချည်လုံချည်အနီ စွပ်ကြယ်အင်္ကျီနဲ့"

မေး "ဘိုးရဲကော ဘာဝတ်ထားသလဲ"

အဖြေ “အင်္ဂလိပ်ဇာနီ၊ အဲလေ အို ဟို ကျူပ် သူဝတ်ထားတာ မမှတ်မိဘူး”

မေး “ဘိုးမြတော့ အလောင်းကို နောက်မှမြင်လို့မင်း အဝတ်ကို ပြောနိုင်တာပဲ၊ ဘိုးရဲတော့ မင်းမပြောနိုင်ဘူးပေါ့”

ဟု အခြားတစ်ယောက်ကို ပြန်လှန် မေးခွန်းထုတ်ပြန်ပါ သည်။ တရားလိုပြ သက်သေများမှာ အနည်းငယ်ကွဲလွဲသည်မှ အပ၊ အရေးကြီးသော အချက်အလက်များတွင် တူညီကြပါ သည်။ ဘိုးရဲဓားမြောင်ပါခြင်း၊ နှစ်ဦးလုံးထွေး သတ်ကြခြင်းတို့ မှာ လူတိုင်းထွက်ဆိုကြပါသည်။ ထိုနေ့ကား အချိန်ရ၍ တရား ခံကို ဆက်လက် စစ်ဆေးပါသည်။

တရားသူကြီး “မင်းတရားလိုနဲ့ သက်သေတွက်ချက်တွေ ကြားရပြီ မဟုတ်လား”

ဖြေ “ကြား ... ကြားရပါသည်ဘုရား၊ အဟဲ ဟဲ ဟီး...”

ဟုငိုကြွေးနေသဖြင့်

“ဟော့လူ တိတ်”

ဟု အော်လိုက်ရပါသည်။

မေး “မင်းဘာများ လျှောက်ထားလိုသလဲ”

ဖြေ “မှန် ... မှန်ပါ အမှုအဖြစ်အပျက်ကို နတ်သံနှော ၍ ပြောပါရစေ ဘုရား... (ဟော့လူ ဖြေးဖြေးပြောဗျ၊ မင်းကြီးကို အင်္ဂလိပ်လို ပြောရဦးမယ်၊ တယ်သွက်နေတာကိုး) ဘုရားကျွန် တော်မျိုး လယ်တဲနှင့် ဘိုးမြလယ်တဲ နီးပါတယ်။ ကျွန်တော်မျိုး မှာ ဓားမြောင်တစ်စင်းနဲ့ နီးသတ်နေပါတယ်၊ ပြီးတော့ နဂါးရဲ့

ချုံဆိုတဲ့ သီချင်းကို ဆိုပါတယ်။ ဘိုးမြက ဟော့ ... ဘယ်မအေရိုးလဲငါ့ကို ဂျွမ်းထောင်အောင် မူးသလေး ဘာသလေးလို့ ပြောတာဟု လှမ်းဆဲပါတယ်။ ကျွန်တော်မျိုးက တဲထဲက ထွက်ကြည့်ပြီး ဟော့ ဘိုးမြ၊ ဘယ်သူဆဲတာလဲလို့ မေးမိရာ ငါမူးတယ်လို့ ပြောသူကိုဆဲတယ် မင်းမိုက်သလားဟု ပြေးထွက်လာပါတယ်၊ ကျွန်တော်မျိုးက ဟော့ဘိုးမြရဲ့ ငါဖာသာ သီချင်းဆိုတာပါ မင်းကိုပြောတာမဟုတ်ပါဘူးလို့ဆိုပေမယ့်၊ မင်းပြောတယ် မင်းကဓားမြောင်နဲ့ ထိုးဝံ့သလား ထိုးလှဲ့စမ်းကွ နဲ့ရှေ့ကို တိုးလာပါတယ်။ ကျွန်တော်မျိုးက ဟော့ ဘိုးမြရာ ကိုယ့်ဖာသာ မူးပြီး အေးအေးနေစမ်းပါလို့ ပြောပေမယ့် ထိုးလှဲ့ ထိုးလှဲ့ဆိုပြီး ဓားကိုလှုလာပါသည်။ ကျွန်တော်မျိုးကလည်း ဓားကို သူရသွားရင် ခက်ချေရဲ့ နောက်ဆုတ် နောက်ဆုတ် လာတဲ့အခါ၊ အတင်းသူကအဖက် ခလုတ်တိုက်လဲအသွား၊ ဓားမြောင်နဲ့သူကို မတော်တဆ ထိခိုက်မိသွားပါတယ် တမင်မထိုးရပါဘူး၊ ကျွန်တော်မျိုးမှာ အပြစ်မရှိပါ။ အရှင်ဘုရား ကယ်တော်မူပါဘုရား ဟီး ဟီး" (ဟော့လူ တယ်ဒီငိုချင်းသည်ဟာ သိပ်ခက်တာပဲဟု အော်ရပြန်သည်)

မေး "သတ်ပုတ်ပြီး မင်းဓားနဲ့ထိုးတယ်လို့ စွပ်စွဲတယ်"

ဖြေ "မထိုးရပါဘူး သူအတင်လိုက်လို့ လဲသွားတာပါဘုရား၊ သက်သေတွေလဲအချို့အနားမှာမရှိဘဲ ထည့်ထားကြတာပါ"

မေး "မင်း သက်သေတင်ပြဦးမလား"

ဖေဖြ "ပြု ပြချင်ပါတယ်၊ ဘုရား ကျွန်တော်မျိုး သက်သေမှ တကယ့် သမာဓိနဲ့ လူတွေပါ"

တရားသူကြီး "ဒါကတော့ ငါ ဆုံးဖြတ်ရမယ့် အလုပ်ပါ"

ဟု ပြောဆိုပြီးလျှင် တရားခံပြ သက်သေများ စစ်ဆေးမည့် နေ့ရက်ကို ချိန်၍ ရုံးဆင်းလိုက်ပါသည်။

❖ ❖ ❖

# အခန်း (၁၂)

တရားခံပြသက်သေများစစ်ဆေးရန် ချိန်ရက်သို့တိုင်သောအခါ အားလုံးရောက်ရှိလာကြပြန်သည်။ မမဲတူမှာ နာမည်က အရုပ်ဆိုးသော်လည်း လူရုပ်မှာ သနားကမားပင် ဖြစ်ပါသည်။ ၅ နှစ်ရွယ်၊ ၂ နှစ်ရွယ် ကလေး ၂ ယောက်အနက် တစ်ယောက်ကိုချီ၊ တစ်ယောက်ကို လက်ဆွဲလျက် ငိုယိုလိုက်ပါလာရာ၊ တရားခံကလည်း သံခြေကျဉ်းသံ တညံညံနှင့် မျက်ရည်ယိုစီးကာ ငိုကြီးဟစ်နေသဖြင့် မြင်တွေ့သူများမှာ သနားကြပါသည်။

သက်သေများ၏ တွက်ချက် အတိုချုပ်ကား တရားခံကို ဘိုးရဲသည် ငယ်ငယ်ကတည်းကပင် အလွန်ကြောက်တတ်၍ သွေးကြောင်ကြောင်း၊ လူတစ်ဦးကိုမဆိုထားဘိ၊ ပိုးမွှားတိရစ္ဆာန်မျှ မသတ်ဖူးကြောင်း၊ အချင်းဖြစ်ပွားသည့်နေ့ကလည်း ၎င်းတို့နှစ်ဦးကလွဲ၍ အခြားအပိုတစ်ဦးမျှ မရှိကြောင်း။ ဘိုးမြ မိဘများက အမှုခိုင်လုံအောင် သက်သေထည့်ထားခြင်း ဖြစ်ကြောင်းများ

နှင့် ထိုသက်သေများထိုနေ့က မည်သည့်နေရာတွင် ရှိကြောင်း များပါ တွက်ဆိုကြသည်။ တရားသူကြီးကလည်း တရားခံအား

"မောင်မင်းလို လပြည့်ကျော် ၁၁ ရက်နေ့မှာ စီရင်ချက် ချမယ် . . ."

ဟု ၅ ရက်လောက် ခွာချိန်းဆိုရာ

"ကျွန်တော်မျိုး သံတော်ဦးတင်ပါရစေဦး ဘုရား၊"

(သော်တာ သူဘာပြောသလဲ၊ စကားပြောချင်ရင် ပြောပေစေ ဘာပြောမလဲလို့ မေးလိုက်)

"ဘာပြောစရာရှိလဲ မြန်မြန်ပြော)

"မှန်လှပါ ကျွန်တော်မျိုး ၅ ရက်ကြာလျှင် သေမည်၊ ရှင်မည် အမှန်မသိပါဘုရား၊ ၅ ရက်တာမျှ မသေခင်အတွင်းကလေးမှာ သားမယားနဲ့ အတူတူနေဖို့ အာမခံပေးတော်မူပါဘုရား။ ကျွန်တော်မျိုး မယားနဲ့ကွဲနေတာ ၂ လလောက် ရှိပါပြီ၊ ဟီး ဟီးပြီးတော့ လူမမယ်သားကလေးကို ရှင်ပြုပြီး ထားခဲ့ပါရစေ၊ အရှင်မင်းကြီးမှ မကယ်လျှင် သေခါနီးတောင် အသက်ထွက်ဖြောင့်မှာ မဟုတ်ပါ့ဘုရား၊ ဟီးဟီး"

(ဟော့လူ တိတ်စမ်းပါဦးဟု တရရားခံ လျှောက်ထားချက်ကို မင်းကြီးအား ပြန်ပြောနေပါသည်) မင်းကြီးမှာ တကယ်သနားပုံပေါက်လျက်၊ တရားခံအား စေ့စေ့ကြည့်ပြီးလျှင်

"ဥပဒေက မောင်းမင်အလိုအတိုင်း မလိုက်နိုင်လို့ ကျွန်ုပ်ဝမ်းနည်းတယ်"

"မှန်ပါ အရှင်ဘုရားကြီး ယုံတော်မမူပါက ခြေကျဉ်းခတ်ပြီးမှ လွှတ်ပေးပါဘုရား"

ကျွန်တော်ဘာသာပြန်ပြသောအခါ မင်းကြီးမှာ မရယ်၊ မပြုံးဘဲ တရားခွင်က ဆင်းသွားရာ ပုလိပ်များလည်း တရားခံ အား တွဲခေါ်ကြစဉ်...

"အို... အမေရဲ့ အမေ့သားကြီး ဖြစ်ပုံမြင်လှဲ့ပါဦး အမေ ရဲ့၊ ဘယ်သူမှ မကယ်ကြတော့ဘူးလား"

ဟု အော်ဟစ်ငိုကြွေးရာ မမဲတူမှာလည်း...

"ကိုဘိုးရဲရေ ကျုပ်တို့ ဘယ်လိုနေရစ်ရမှာလဲ၊ ဒီကလေး တွေနဲ့ ဘာလုပ်ကိုင် စားရမှာလဲတော့"

ဟု ပြန်လှန်ငိုကြွေးနေပါသည်။ အချို့မိတ်ဆွေများက လည်း

"ဟယ် စီရင်ချက်က ဘယ်လိုချမယ်မှ မသိသေးဘဲနဲ့ အားမငယ်ကြနဲ့"

ဟု သတိပေးကြပါသည်။

တရားခံအား ပုလိပ်အချုပ်သို့ ခေါ်သွားရာ၊ ကျွန်တော် လည်း ရုံးဆင်းလျက် သူတို့အနားက တစ်ဖာလုံလောက်ရောနှော ပါသွားမိပါသည်။ တရားခံက ပုလိပ်လက်ထဲက မဲတူကို ကြည့်ပြီး

"အေး မဲတူရဲ့ ငါ ပြောတာတွေ မမေ့နဲ့နော် ငါတော့ မ လွယ်ဖူး တကယ်လို့ လွတ်ပစ်မဲ့အမှုဆိုရင် ငါအားမခံပြောတာရမှာ ပေါ့။ ငါလဲဒါကို သိချင်လို့ ခြေကျဉ်းနဲ့လွတ်ပါလို့ လျော်ထား တယ်၊ မရဘူးဟဲ့ ဟီးဟီး"

ထိုအခါမိတ်ဆွေအချို့က

"အိုကွာ လူသတ်မှုမို့လို့ အာမခံမပေးတာပါ၊ လွတ်ချင်ရင် လွတ်နိုင်တာပဲ"

ဟု ပြန်ပြောစဉ် တရားခံသည် ကျွန်ရေတော်အား မြင့်သွားသဖြင့် လှည့်ကြည့်ကာ

"လွှတ်မှာမဟုတ်ပါဘူးကွာ မလွှတ်ပါဘူး၊ ဟီး... ဟီး..."

"မင်းတယ်သွေးကြောင်တာကိုး"

ဟု တစ်ယောက်က စိတ်ပေါက်ပေါက်နှင့် မာန်မဲပြန်ရာ၊

"ပြောကြ မာန်ကြကွာ... မင်းတို့က ကြုံဘူးတာမှ မဟုတ်ဘဲကိုး၊ အသက်သေမှာကို ဘယ်သူမကြောက်ဘဲ နေနိုင်ပါ့မလဲ၊ ကြိုးကြီးနဲ့ လည်ပင်းအစ်ပြီး အမယ်လေး ... ငါဘဲ့နှယ်လုပ် အသက်ရှူရမှာလဲ၊ စာရေးကြီးကြိုးက ဘယ်လောက်တုတ်သလဲ"

ကျွန်တော်လဲ ရှုံ့ရှုံ့ရှိသည်နှင့်...

"ကြိုးက လက်မလောက်တုတ်တဲ့ ပိုးကြိုး ...ဆင်ရန်းတောင် မပြတ်ဘူး၊ ထောင်ထဲမှာ ကဲလားကလေးပေါ်တက် မတ်တပ်ရပ်နေရတယ်၊ လည်ပင်းမှာ အဲသည်ပိုးကြိုးကို ပြုတ်မထွက်အောင် ချည်ထားရော၊ အမိန့်ပေးလိုက်ရင် တောင်သားတစ်ယောက်က ကဲလားဒေါက်ကို ဖြုတ်ချလိုက်တော့ တွင်းကြီးထဲကျသွားပြီး ကြိုးဆွဲချသလို ဆန့်ငင် ဆန့်ငင်နဲ့ သေရတယ်"

"အမယ်လေး ကြောက်ရချည်ရဲ့ ဗျ ... ကျွန်တော် မသေဝံ့ဘူးဗျ၊ ဒီမယ် စာရေးကြီးခင်ဗျာ၊ သေတာချည်းအတူတူ ကိုယ့်ဘာသာ ရေထဲခုန်ချပြီး မသေရဘူးလား ခင်ဗျာ..."

ဟု ပြောဆိုမေးမြန်းရာ...

"မရဘူး"

ဟု တစ်ခွန်းတည်း ပြောပြီး သူတို့အနားက ထွက်ခွာ၍ လာခဲ့ရပါတော့သည်။

စီရင်ချက်ချမည့်နေ့သို့ တိုင်သောအခါ၊ ကျွန်တော်သည် ရုံးသို့ စောစောစီးစီး ရောက်ရှိနေပါသည်။ ခပ်လှမ်းလှမ်း လူအုပ်ကြီး ဝိုင်းဝန်းကြည့်ရှုလျက် အင်္ကျီနှင့်တရားခံ ပုလိပ်သားတို့ကို မြင်ရပါသည်။ တရားခံမှာ ရေးကကဲ့သို့ လူပြော့မဟုတ်၊ ပုလိပ်လက်မှ ရုန်းကန်ထွက်ကာ ဟိုယိုင်, ဒီထိုးနှင့် အရက်မူးသူကဲ့သို့ ဖြစ်နေရာ၊ ပုလိပ်များမှာ လွတ်ထွက်မသွားအောင် အတင်းဆွဲ၍ ထားရပါသည်။ ရုံးနားသို့ ဒရွတ်ဒရွတ်နှင့် ရောက်ရှိလာသောအခါ၊ တရားခံသည်

"အို ဖော်ကွာဝေးသူမို့ ဆွေးပူမိတယ်၊ မြင်တော်လာစမ်းပနန်း နေညွှန့်နွယ်"

ဟု သီချင်းဆိုကာ ယိုးဒယားက က၍နေပါသည်။ ပုလိပ်များက ရုံးအချုပ်ခန်းထဲသို့သွင်းမည် ပြုစဉ်

"သယ်. . .ဟယ်. . .ဟယ်. . .ငါ့ဘယ်သူမှတ်ကြသလဲ၊ ငါ့ကတ္တီပါ ဝတ်လဲတော်နဲ့ ရွှေစလွယ် လက်မှာတပ်ထားတာ၊ မမြင်ကြဘူးလား (ကျွန်တော်တို့လည်း ဒင်းဘာကို ဆက်ပြောမလဲဟု မတားမြစ်ဘဲ နားထောင်၍သာ နေကြပါသည်။) ငါသည် ဦးအောင်ဇေယျရဲ့ သားတော်တပင်ရွှေထီးဆိုတာ မသိကြဘူးလား။ ဝိဇ္ဇထိုရ်လို ငါမသေသေးဘူးဟဲ့၊ ငါတိုင်းပြည်မှာ မိစ္ဆာကုလားတွေ ဝင်ရောက်နေပါကလား၊ သင်းတို့ကို နိုင်ငံအပ နှင်တော်မူမည်"

မင်းကြီး သက်တော်ရှည် အမှတ်နှင့် ပြောပြန်ပါသည်။

မမဲတူကား ပရိသတ်ထဲမှ. . .

"အမယ်လေး၊ ကျွန်မယောကျ်ားရူးပြီ ဘဲ့နှယ် လုပ်ကြရပါ့မလဲ၊ ကိုဘိုးရဲရဲ့ တော်မသေခင် ကောင်းကောင်းမှ မမှာရစ်ခဲ့နိုင်ဘူးနော်၊ ကျုပ်အသက်တိုရချေရဲ့. . ."

ဟု မိန်းမနှင့် ငိုလိုက်သောအခါ လူ့ဇာတ်လူ့သဘာဝ အဖြစ်အပျက်များသည် အခြားသူတို့အား ချောက်ချားစေသည့်အတိုင်း၊ ရယ်မောလိုက်ရ စိတ်ညစ်လိုက်ရနှင့် ဖြစ်ပျက်နေပါတော့သည်။

တရားခံမှာ သူ့မိန်းမ ငိုသံကိုကြားသောအခါ၊ လက်ထိပ်နှင့် လက်နှစ်ဖက်မြှောက်ကာ လက်ယက်ခေါ်ဟန်လုပ်လျက်

"အို. . .မိဖုရားကြီးရဲ့၊ မောင်မြစံ မဲဇာပို့တဲ့နောက် အလွမ်းဖြေတဲ့ သူကြီးရဲ့ . . . မင်းမောင်ကြီး ဘဲ့နှယ်နေရမှာလဲ၊ မယ်ပဘာရဲ့ . . ."

ဟု ဖောက်၍နေရာ၊ ကျွန်တော်တို့မှာ ကြိတ်၍ ရယ်မောနေကြရာ၊ အချို့က

"ဟေ့ ဘိုးရဲ ရဲ့ ဘာဖြစ်တာလဲ သတိထားမှပေါ့ကွ"

ဟု သတိပေးကြပါသည်။

ဤနေ့ကား အထူးစစ်ဆေးနေစရာ မရှိတော့ပါ၊ တရားခံအား စီရင်ချက် ဖတ်ပြောရန်သာ ရှိတော့ရာ၊ ပုလိပ်များသည် ၎င်းအား အတင်းဆွဲငင်လျက် ဝက်ခြံထဲသို့ ရောက်အောင် ပို့ကြစဉ် ရန်းကန်နေသဖြင့်၊ သေနတ်, လှံစွပ်နှင့် ချိန်မှဝင်ပါလေတော့သည်။

တဖန် ဝက်ခြံကလေးထဲမှ. . .

"ထမရေ အတူရက်ရစေတော့...ငွေမက်ခါ ငါမလိုချင်ဘု၊ နှစ်ကိုယ်ပင် တဲအိုပျက်မှာကွယ်... တွဲ ဟဲ ဟဲ အဲလျက် ပျော်မယ်၊ (ဟော့လူ မင်းကြီးရောက်လာပြီဟု ပြောသော်လည်း မရပါ။) အမယ်မင်း မင်းကာကရဲ့ မင်းရက်စက်လေခြင်း မင်းငွေထုတ် ဘာလုပ်စရာလဲဟင်... အမယ်မင်း ငွေမက်ခါ မလိုချင်ဘု ဟု ဟု..."

ဆိုစဉ်၊ မင်းကြီးက သော်တာဟု ခေါ်လိုက်သဖြင့် သူ့အခန်း ပြေး၍ဝင်သွားလေရာ...

"တရားခံ ဘာဖြစ်တာလဲ"

"ငိုလိုက်, ရယ်လိုက်နဲ့ ရူးနေတယ် ထင်တယ်..."

"ဒါဖြင့် ငါ ဆရာဝန်ကို အခေါ်ခိုင်းမယ်..."

ဟု စာကြောင်းတစ်ကြောင်း, နှစ်ကြောင်းရေးပြီးလျှင် ရုံးပျာတာတစ်ယောက်အား ဆရာဝန်ကြီးဆီသို့ လွှတ်လိုက်ပါသည်။ ၁၅ မိနစ်ခန့်တွင် ဆရာဝန်ကြီး ရောက်ရှိလာ၍၊

"ဒီကောင် အဟုတ်ရူးနေသလား၊ ကြည့်ပေးစမ်းပါ၊ တကယ် ရူးနေရင် ဆေးရုံပို့ရမယ်..."

ဆိုသဖြင့် ဆရာဝန်ကြီးသည် တရားခံ၏ မျက်နှာကို အကဲခတ်ပါသည်။ နောက်သွေးတိုးခြင်း၊ နှလုံးခုန်ခြင်း စသည်တို့ကို အသွား၊ ဆရာဝန်ကြီးအား...

"ဟိုက်ရော စူဝက်ငါ့ဆီ မလာနဲ့၊ မင်း အမှုထမ်းတာ မလို ချင်ဘူး၊ မင်း စားပွဲထိုးတက်ကဲ့လား..."

ဟုပြောဆိုနေပါသည်။ ဆရာဝန်ကြီးသည် အနုနှင့် မရ မှန်းသိသဖြင့် ပုလိပ် ၂ ယောက်အား ချုပ်ကိုင်ထားရန် ပြောဆိုသဖြင့် ချုပ်ကိုင်ကြရာ–

"ကယ်တော်မူကြပါဗျို့ ကယ်တော်မူကြပါ၊ လူသတ်နေပါတယ်..."

ဟု အသံကုန်ဟစ်၍ အော်ပါသည်။ ဆရာဝန်ကြီးလည်း ၎င်းအား အတင်းစမ်းသပ်စစ်ဆေးပြီးနောက် စက်ရှင်မင်းကြီးဘက်သို့လှည့်ကာ ပြုံးရယ်ပြီးလျှင်...

"ဒီကောင် ဘာမှမဖြစ်ဘူး၊ လူကောင်းဘဲ..."

ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောပါသည်။ အချို့က

"ဘာတဲ့လဲ သူ အဟုတ် ရူးသလား"

ဟု မေးကြရာ၊ ကျွန်တော်က

"မရူးဘူး လူကောင်းလို့ပြောတယ်..."

ဟု ပြောစဉ်

"ငါရိုးမ ဆရာဝန် ငါရူးပါတယ်၊ ငါရူးပါတယ်လေ ဟေဟေ အမယ်မင်း မယ်ကာကရဲ့ မဲတူရေ..."

ဟု ကဲနေသဖြင့်၊ စက်ရှင်မင်းကြီးက စိတ်ပျက်ကာ မျက်နှာထားနှင့် ၎င်းအား ကြည့်ရှုပြီးလျှင်...

"မင်းတကယ် အရူးဖြစ်အုံး၊ ငါ့မှာ ဆရာဝန်စကားကို အတည်ပြု ရမှာမို့ အရူးထောင်မပို့ဘူး၊ ကြိုးမိန့်ချစရာရှိရင် ချရမယ်"

ဟုပြောရာ၊ ကျွန်တော်က

“ငါ့ လူကြားပလား... မင်းကြီးက ကြိုးမိန့်ပေးမှာပဲတဲ့”

ဟု အမြင်ကပ်ကပ်နှင့် ပြောဆိုလိုက်မိပါသည်။

ထိုအခါ အရူးကြီးမှာ လူကောင်းကဲ့သို့ ဖြစ်ပြီးလျှင် မျက်ရေတတွေတွေ စီးကျ ငြိမ်သက်နေပါသည်။ မျက်နှာကလေးမှာ အလွန်ညှိုးငယ်၍ အသနားခံသော အမူအရာကို ဖော်ပြလျက်ရှိပါသည်။ သူ့စိတ်ထဲတွင် မင်းကြီးက ကြိုးမိန့်ပေးမှာပဲဟူသော စကားကို စွဲနေရကား၊ နှပ်တရှုပ်ရှုပ်နှင့် တငိုငို ဖြစ်နေပါသည်။ လူကြီးရိုက်၍ ကြိတ်ငိုနေသော ခလေးကဲ့သို့ အသံထွက်နေရာ၊ ကျွန်တော်ပင် သနားစိတ်ပေါ်ပေါက်လာပါသည်။

ရုံးစာရေးများကား “နားငြီးလိုက်တာကွာ”

ဟု ပြောဆိုနေကြပါသည်။

ကျွန်တော်သည် စီရင်ချက်ကို မဖတ်ရသေးသဖြင့် ရုံးချုပ်စာရေးကြီးဆီသွားပြီး တောင်းယူ ဖတ်ရှုနေပါသည်။ အဆုံး၌ တရားခံအား တရားသေလွှတ်ပစ်သော အမိန့်ကိုရေးမှတ်ထားပါသည်။ ရုံးချုပ်စာရေးကြီးက

“ဘာလဲဟေ့ သော်တား ဟိုအကောင်လား ...လွှတ်.လိုက်ပြီကွဲ့၊ မသာအိမ်လိုပဲ နားငြီးလှပြီ၊ တိုးတိုးပြောထားချည်စမ်းပါကွာ”

ဟု ဆိုသဖြင့် ရှေ့သို့ထွက်ခဲ့ပါသည်။ ထိုအချိန်၌ မင်းကြီးမှာတရားခွင်တွင်မရှိ၊ သူ့အခန်းတွင် ဟလဝါနှင့် ဆိတ်နို့ကို သောက်၍ နေပါသည်။ ကျွန်တော်လည်း တရားခံအနီးသို့ ကပ်၍ တိုးတိုးကလေး...

"ဟော့ လူဟော့လူ ငိုမနေနဲ့ ကိုရင့်ကို မင်းကြီးက လွတ်ဖို့ အမိန့်ရေးထားတယ် သိလား"

"ဟယ် ...ဝမ်း..."

(ကျွန်တော်သည် သူ့ပခုံးကိုဖိပြီး အသာနေ လူမသိစေနဲ့ လူမသိစေနဲ့ဦး ခင်ဗျားကို သနားလို့ပြောတာဟု မနည်းနှိပ်ကွပ်၍ နှုတ်ပိတ်ခဲ့ရပါသည်။)

ခဏကြာလျှင် မင်းကြီးသည် တရားခွင်သို့တက်ရောက်လာပြီးလျှင် တရားခံအား ကြည့်ရှုပါသည်။ ရုံးချုပ်စာရေးကြီးသည်လည်း အမှုတွဲနှင့် စီရင်ချက် လက်နှိပ်စက်ရိုက်ထားသော ဖိုင်တွဲကို တင်ဆက်လာပါသည်။ မင်းကြီးသည် စီရင်ချက်ကို အင်္ဂလိပ်ဘာသာနှင့် ဖတ်လိုက် တရားခံသည် ပြုံးစိစိနှင့် နားထောင်နေပါသည်။ အနားက လူများအား ငါလွတ်ပြီကွဲ့...ဟု ပြောနေသည်ကို မင်းကြီး နားမလည်၍သာ တော်ပါတော့သည်။ မင်းကြီးကား တရားခံကို ကြည့်ပြီး မျက်နှာညိုသွားပါသည်။ ထိုအမှုအရာမှာ သာမန်လူများ မသိသော်လည်း ကျွန်တော်တို့မှာ သိရှိ၍ မျက်လုံးပြူးနေကြပါသည်။ မင်းကြီး၏ အယူအဆမှာ တရားခံအား တစ်စုံတစ်ဦးက စီရင်ချက်ကို ပြောနှင့်ပြီး၍ ငနဲပြုံးနေနိုင်ကြောင်း ရိပ်မိသွားဟန် တူပါသည်။

ကျွန်တော်တို့မှာ တရားခံ မောင်ငိုချင်းသယ်အား ပြောထားမိသည့်အတွက် အထူး ပူပင်ကြရပါသည်။ ဤကိစ္စမျိုးမှာ ကျွန်တော် တင်ထူးပြောပိုင်ခွင့် မရှိ။ မင်းကြီးကလည်း ဒါမျိုးမကြိုက်သဖြင့် အလုပ်ပင်ပြုတ်နိုင်ပါသည်။ ရုံးချုပ်စာရေးကြီးမှာကား နောက်ဘက်အခန်းမှာ...

"ချောကျပြီဟော့. . ."

ဟုပင် အသံထွက်အောင် အော်မိရှာပါသည်။

"ကိုင်း ငသော်တာ မင်းသော်မာတာဘဲ"

ဟု ငြီးတွားမိကာ၊ မင်းကြီးက လှမ်း၍ ပေးလိုက်သော အမိန့်စာကိုယူပြီး ဘာသာပြန်ရပါသည်။

ကျွန်တော်သည် ရုတ်တရက် အမူအရာပြောင်းလဲပြီးလျှင် သေမိန့်ပေးမည့် မျက်နှာထားနှင့် ခပ်တည်တည်လုပ်ကာ

တရားခံ ဘိုးရဲသည် ၎င်း၏လက်တွင် ဓားမြှောင်ပါသည်ကို မည်သူမျှ မငြင်းဆိုကြောင်း၊ အချင်းဖြစ်ပွားစဉ်က ၎င်းသည် သေသူစော်ကားသည်ကို မခံနိုင်သဖြင့် ခုခံသည့်သဘောနှင့် ထိုးသတ်သည်ဟု ယူဆနိုင်ကြောင်း ကြောက်တတ်သူသည် ကြောက်အားကြီး၍ တစ်ချက်လွတ်လုပ်တတ်သည်ဟု တရားလို၏ ရှေ့နေပြောပြချက်မှာ စဉ်းစားစရာပင်။ ကျွန်တော် ဘာသာပြန်ရာ' "သို့ရာတွင် သို့သော်ငြားလည်း"ဟုသော် ချွင်းချက်ကလေးများကို ဖြုတ်ခဲ့သဖြင့် ပြုံး၍နေသော တရားခံမှာ မဲ့၍လာပါတော့သည်။ ကျွန်တော်ဖတ်၍ ဘာသာပြန်သမျှမှာ တရားခံစိတ်မချမ်းသာဘွယ်ရာ ချည်းဖြစ်နေရာ၊ အချို့အပိုဒ်အပြည့်အစုံပြောသော်လည်း ၎င်း၏နားတွင် ကြားဟန်မရှိ။ မျက်ရေတွေတွေ စီးလျက်နားထောင်နေပါသည်။ ထိုအခါကျမှ မင်းကြီး၏ အမူအရာမှာ ကျွန်တော်တို့အပေါ် သံသယကင်းသည့် လက္ခဏာနှင့် ခပ်ပြုံးပြုံးကြည့်ရှုနေပါသည်။

ဝါကျဆုံးခါနီး၌ ဘုရင်မင်းမြတ် အမိန့်တော်နှင့် တရားသူကြီးစီရင်ချက်နားထောင်သူဟု အသံမာမာပြောပြီး၊ ထို့ကြောင့်

တရားခံအား သေစားသေစေရန် (တရားခံသည် မတ်တပ်မေ့၍ နေဟန်တူပါသည်။) စဉ်းစားဖွယ်မရှိ တရားသေလွှတ်စေ၊ မှားယွင်းသော အမူဟု ဆုံးဖြတ်သည်ဟု အစသတ်လိုက်ရာ၊ တရားခံမှာ သတိပြန်ရလာပြီး ခေါင်းကြီးအောင်ငိုက်စိုက်ချလျက် ကြုံကြုံပါအောင် ငို၍နေပါသည်။ ကျွန်တော်လည်း ၎င်း၏အနားသို့ သွား၍ ကျောကိုပုတ်ကာ

“ဟေ့လူ ... ဘာလို့ ငိုနေတာလဲ”

“ကြိုးမိန့်နဲ့ သေစားသေရမယ်ဆိုတာ ရှိနေရမှာလားဗျ ဟီးဟီး သေမဲ့အတူတူ အားရအောင် ငိုလိုက်မယ် အဟီး ဟီး ဟီး...”

“ဟေ့ လူ ကြိုးမိန့်မပေးဘူး လွှတ်လိုက်ပြီ...”

“အဟုတ်လားဗျာ သေမဲ့လူကို မလှောင်ပါနဲ့ဗျာ”

ထိုအတွင်း ပုလိပ်များသည် ၎င်းအား သံခြေကျင်းလက်ထိပ်ကို ဖြုတ်ပေးကာ၊

“ကိုင်း ငါ့လူ သွားချင်ရာ သွားနိုင်ပြီနော်”

ဟုဆိုစဉ်

“ဘိုးရဲတဲ့ဟေ့၊ ငါမှ ကံကောင်းတာကွ”

ဟု ဝက်ခြံမှ ခုန်၍ အတင်းတွက်ရာ၊ ပုလိပ်များလည်း ၎င်း၏နောက်သို့လိုက်ကြပါသည်။ ကိုဘိုးရဲမှာ ပုလိပ်များ ပြန်ဖမ်းမည် အထင်နှင့် အတင်းခြေဦးတည့်ရာသို့ ပြေးတော့လေရာ၊ ပုလိပ်များကလည်း...

“ဟေ့လူ နေဦး၊ နေဦး ဖမ်းစမ်းပါဗျို့...”

www.burmeseclassic.com



ဟု အော်ဟစ်ကာ လိုက်ကြပါသည်။ မြင်သူများကလည်း လူသတ်တရားခံ အချုပ်က ထွက်ပြေးပြီ၊ လက်ထိပ်ကျွတ်နေ သဖြင့် လူစွမ်းကောင်းနှင့် တူသည်ဟု အံ့အားသင့်ကာ ကြည့်ရှုနေကြပါသည်။

ရုံးအုပ်ကြီးစာရေးက

"ဟော့ မောင်သော်တာ မင့်အကောင်နောက်လိုက်ဦး၊ အင်္ကျီနီ ချွတ်မထားခဲ့ဘူး..."

ဟု သတိပေးမှ ကျွန်တော်လည်း စက်ဘီးနှင့် သုတ်ခြေတင်၍ လိုက်သွားရာ၊ ခွေးတစီစီနှင့် ပုလိပ်က နောက်မှ ကိုဘိုးရဲ ကရှေ့က ပြေးနေသည်ကို မြင်သဖြင့် အမီလိုက်၍သွားကာ...

"ဟော့လူ ပုလိပ်က လိုက်ဖမ်းတာ မဟုတ်ဘူး၊ ကိုရင့်ခါးက အင်္ကျီကို လိုက်တောင်းတာ၊ ရပ်ဦး..."

ဆိုမှ...

"ဒီလိုပြောပါတော့ဗျာ ... မောလိုက်တာ"

ဟု အသာရပ်ပြီး အင်္ကျီနီကိုချွတ်၍ ပေးပါတော့သတည်း။

(နှာဦးစို့)

မဟာဆွေ

Quuality Publishing House